ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သီလ၊ သမာဓိဖြင့် တစ်ရက်မျှ**
**အသက်ရှည်ရခြင်းသည် မြတ်၏**

သီလမရှိ၊ သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထ ဝိပဿနာကို ရှုမှတ်နေသောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၁၀)

၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ 28, Sunday August 2016 (၈၆၆၇)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ချစ်ကြည်ရေးခရီးလည်ပတ်ရန် အိန္ဒိယနိုင်ငံသို့ရောက်ရှိ

## သတ္တသတ္တာဟခုနစ်ဌာနသို့ လှည့်လည်ဖူးမြော်ကြည်ညို မင်းတုန်းမင်းကျောက်စာကို ကြည့်ရှုလေ့လာ



အိန္ဒိယနိုင်ငံ ဂယာမြို့ မဟာဗောဓိစေတီတော် အထက်ပစ္စယာရှိ ဗုဒ္ဓရုပ်ပွားတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ဆီမီးကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)



ဂယာ ဩဂုတ် ၂၇

**အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာ့ဗ် မူခါဂျီး၏ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

### ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မိုးမြင့်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံ ဂယာမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅ မိနစ်တွင် ရောက်ရှိကြရာ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးနှင့် ဇနီး၊ မြန်မာကောင်စစ်ဝန်ချုပ်၊ ဂယာခရိုင်အုပ်ချုပ်ရေးမှူး Mr. Kumar Ravi နှင့် တာဝန်ရှိသူများက ဂယာမြို့လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဂယာမြို့ Royal Residency ဟိုတယ်သို့ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြပြီး မြန်မာကျောင်းပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ အမှူးပြုသော မဟာအောင်မြေ ရခိုင်မွန်ကျောင်း၊ ကမ္ဘောဇရှမ်းကျောင်း၊ မဟာဗောဓိ ဓမ္မရိပ်သာ ရခိုင်ကျောင်းနှင့် ရာမညမွန်ကျောင်းတို့မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### ဖူးမြော်ကြည်ညို

ယင်းနောက် မဟာဗောဓိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့်ရွှေကြာသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် စေတီတော်အထက်ပစ္စယာရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့ မဟာဗောဓိစေတီတော်အတွင်း လှည့်လည်ကြည့်ညိုစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့ ဗုဒ္ဓပြခန်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံက ထောက်ခံကြောင်း သဝဏ်လွှာပေးပို့

**ရန်ကုန် ဩဂုတ် ၂၇**

သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံးတွင် ယနေ့ နံနက် ၉ နာရီက ကျင်းပသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကိုထောက်ခံကြောင်း သဝဏ်လွှာပေးပို့ကြောင်း သိရသည်။

သဝဏ်လွှာအပြည့်အစုံမှာ

"၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် နေပြည်တော်မှာ စတင်ကျင်းပမည့် တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်နေ့တို့တွင် ကျင်းပသည့် မြန်မာနိုင်ငံစာရေးဆရာအသင်းညီလာခံမှ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစွာနှင့် ကြိုဆိုဂုဏ်ပြုလျက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး အောင်မြင်ပါစေကြောင်းနှင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။" ဟူ၍ ဖြစ်သည်။

အဆိုပါညီလာခံတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ ထောက်ခံကြိုဆိုကြောင်း အဆိုကို ပေါက်ခေါင်းမြို့နယ်ညီလာခံကိုယ်စားလှယ် ဒေါ်ဖြူဖြူခိုင်(ခြူးနွယ်-ပေါက်ခေါင်း)က တင်ပြပြီး ဦးသက်ဦးနိုင်(သက်ဦးနိုင်-မြဝတီ)က ထပ်ဆင့်ထောက်ခံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### ❍ အာရှအမျိုးသားမှ

ကလပ်အသင်းနှင့် ကာဇက်စတန်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာဇက်စတန်ကလပ်အသင်းက (၂၅-၂၁)မှတ်၊ (၂၅-၁၇) မှတ်၊ (၂၅-၁၈) မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(E)မှ မြန်မာအသင်းနှင့် တရုတ်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တရုတ်ကလပ်အသင်းက (၂၅-၁၉)မှတ်၊ (၂၆-၂၄)မှတ်၊ (၂၂-၂၅)မှတ်၊ (၂၅-၁၄)မှတ် သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် အုပ်စု(F)မှ အီရန်ကလပ်အသင်းနှင့် ဂျပန်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အီရန်ကလပ်အသင်းက(၂၈-၂၆) မှတ်၊ (၂၅-၁၈)မှတ်၊ (၂၃-၂၅)မှတ်၊ (၂၅-၁၃)မှတ် သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားပြီး ဝဏ္ဏသိဒ္ဓိအားကစား(C)ရုံ၌ ပထမပွဲစဉ်အဖြစ် အုပ်စု(H)မှ အီရတ်ကလပ်အသင်းနှင့် မလေးရှားကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီရတ်ကလပ်အသင်းက(၃၀-၃၂) မှတ်၊ (၂၅-၁၈) မှတ်၊ (၂၅-၁၆)မှတ်၊ (၂၆-၂၄)မှတ် သုံးပွဲတစ်ပွဲဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(H)မှ အင်ဒိုနီးရှားကလပ်အသင်းနှင့် ဟောင်ကောင်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်ဒိုနီးရှားကလပ်အသင်းက(၂၅-၁၄)မှတ်၊ (၂၅-၂၀) မှတ်၊ (၂၅-၁၃)မှတ် သုံးပွဲပြတ်ဖြင့် အသီးသီး အနိုင်ရရှိသွားခဲ့သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံ၌ ညနေ ၆ နာရီခွဲတွင် စတုတ္ထပွဲစဉ်အဖြစ် အုပ်စု(E)မှ ကာတာကလပ်အသင်းနှင့် ဗီယက်နမ်ကလပ်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားကြရာ ကာတာကလပ်အသင်းက (၂၅-၂၂)မှတ်၊ (၂၅-၂၀)မှတ်၊ (၂၅-၁၉)မှတ် သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ **(မောင်မောင်ဇော်)**

### ❖ ကျောဖုံးမှ

မြန်မာယူ-၁၉ အသင်းသည် တစ်ပွဲထက်တစ်ပွဲ ရလဒ်ရောခြေစွမ်းပါ တိုးတက်လာခဲ့ပြီး ပထမပွဲတွင် အရှုံး၊ ဒုတိယပွဲတွင် သရေ၊ တတိယပွဲတွင် အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းယူ-၁၉အသင်းသည် ယခုနှစ် အတွင်း ယှဉ်ပြိုင်ရမည့် အာဆီယံယူ-၁၉ ပြိုင်ပွဲနှင့် အာရှယူ-၁၉ ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အမာခံကစားသမားအများစု ပါဝင်လာသည်။ မြန်မာအသင်းအနေဖြင့် ဗိုလ်လုပွဲမတက်ရောက်နိုင်သော်လည်း ဆာဆီယံထိပ်သီး ထိုင်းအသင်းနှင့် နှစ်ပွဲဆက်တိုက်ကစားခွင့် ရရှိသောကြောင့် အတွေ့အကြုံကောင်းများရယူနိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် ထိုင်းအသင်းကို စအောင်ပြည့်ကို၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# မြေငှားဂရန် ပေးအပ်ပွဲကျင်းပ

**မြောက်ဦး ဩဂုတ် ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် သစ်တပုံကျေးရွာအုပ်စု သစ်တပုံကျေးရွာနေပြည်သူများအား မြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက်က ကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ရပ်မိ/ရပ်ဖများ တက်ရောက်ကြသည်။ ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်က မြေငှားဂရန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများက သစ်တပုံကျေးရွာသို့ မြေငှားဂရန် ၆၂ ခုကို လျှောက်ထားသူများ တစ်ဦးချင်းထံ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

### ✱ ရှေ့ဖုံးမှ

**ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် သတ္တသတ္တာဟ ခုနစ်ဌာနသို့ လှည့်လည်ဖူးမြော်ကြည်ညိုကာ ဆဋ္ဌမသတ္တာဟဖြစ်သည့် မုစ္စလိန္ဒာအိုင်၌ ငါးစာကျွေးကြပြီး ဗုဒ္ဓပြခန်းကို ကြည့်ရှုလေ့လာသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းသည် မဟာဗောဓိစေတီတော်ကို နောက်ဆုံးပြုပြင်ခဲ့သည့် မင်းဖြစ်သည်။ ၁၈၇၁ ခုနှစ်တွင် မင်းတုန်းမင်းသည် မြောင်လှမြို့စား ဝန်ထောက် သီရိမဟာဇေယျသူ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ပြီး ဗုဒ္ဓဂယာစေတီတော်ကို ပြုပြင်ခွင့်ရရှိရန် အိန္ဒိယအစိုးရထံ မေတ္တာရပ်ခံခဲ့သည်။

မင်းတုန်းမင်းသည် ၁၈၇၇ ခုနှစ်တွင် စေတီတော်အား ပြုပြင်ခဲ့ပြီး မင်းတုန်းမင်း နတ်ရွာစံပြီးနောက် သီပေါမင်းက ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မင်းတုန်းမင်းကြီးသည် မဟာဗောဓိစေတီတော်သာမက အရန်စေတီတော်(၄)ဆူကိုလည်း တည်ထားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဂယာမြို့ရှိ မင်းတုန်းမင်းကျောက်စာကို သွားရောက် ကြည့်ရှုလေ့လာသည်။

ထို့နောက် ဂျပန်ဘုရား(Daijokyo Buddhist Temple)အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ **(သတင်းစဉ်)**

# ဂျပန်နိုင်ငံက ကန်ဒေါ်လာ ၃၀ ဘီလီယံခန့် တောင်အာဖရိကနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမည်

**ကျိုတို ဩဂုတ် ၂၇**

ဂျပန်နိုင်ငံအနေဖြင့် တောင်အာဖရိကနိုင်ငံများတွင် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်းနှင့် ယင်းနိုင်ငံများ၏ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများပေးမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ဩဂုတ် ၂၇ ရက်တွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကျင်းပခဲ့သည့် ခြောက်ကြိမ်မြောက် အာဖရိကနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး တိုကျိုနိုင်ငံတကာ ကွန်းဖရန့်တွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အာဖရိကနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ၎င်း၏ အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဂျပန်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံသူများက အာဖရိကနိုင်ငံများတွင် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကို သုံးနှစ်အတွင်း မြှုပ်နှံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံငွေများအနက် ဒေါ်လာ ၁၀ ဘီလီယံကို အာဖရိကနိုင်ငံများ၏ ပို့ဆောင်ရေးကဏ္ဍ၊ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် လျှပ်စစ်မီးအပါအဝင် အခြေခံအဆောက်အအုံများ အဆင့်မီတည်ဆောက်ရေးစသည့်ကဏ္ဍများတွင် မြှုပ်နှံမည်ဖြစ်သည်။

ထို့ပြင် ဂျပန်အစိုးရက အာဖရိကအင်ဂျင်နီယာ ၁၅၀၀ ခန့်ကို လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာပညာရပ်များ လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်သည်။ အာဖရိကပြည်သူငါးသောင်းခန့်ကိုလည်း သက်မွေးမှု အတတ်ပညာများ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

ရင်းနှီးငွေ ဒေါ်လာ ၁၀ သန်းကို အာဖရိကနိုင်ငံများ၏ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ရင်းနှီးမည်ဖြစ်ပြီး ကူးစက်ရောဂါထိန်းသိမ်းမှု လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြသည့် ကျွမ်းကျင်ပညာရှင် ၂၀၀၀၀ ခန့်ကိုလည်း လိုအပ်သောအကူအညီများ ပေးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**




## ဘင်္ဂလားဒေ့ရှ်အလယ်ပိုင်း၌ ကူးတို့ရေယာဉ်နစ်မြုပ်၊ လူတစ်ဦးသေဆုံးပြီး အများအပြားပျောက်ဆုံးနေ

**ဒါကာ ဩဂုတ် ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာမြို့၏ တောင်ဘက် ၆၃ ကီလိုမီတာအကွာရှိ မက်ဒရီပူရာခရိုင်မှ ကူမာမြစ်အတွင်း၌ ဩဂုတ် ၂၅ ရက် ညပိုင်းက ကူးတို့ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ အမျိုးသမီးတစ်ဦးသေဆုံးပြီး လူဒါဇင်နှင့်ချီ ပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

အဆိုပါ ကူးတို့ရေယာဉ်သည် ခရီးသည် ၁၀၀ ခန့်အား တင်ဆောင်လာကြောင်းနှင့် ဩဂုတ် ၂၅ ရက် ဒေသစံတော်ချိန် ည ၈ နာရီတွင် အခြားရေယာဉ်တစ်စင်းနှင့် တိုက်မိမှုဖြစ်ပွားရာမှ နစ်မြုပ်သွားခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်မီးသတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကူးတို့ရေယာဉ် နစ်မြုပ်မှုဖြစ်ပွားရာနေရာမှ အမျိုးသမီးတစ်ဦးအား ဆယ်ယူရရှိပြီး ဆေးရုံသို့ တင်ပို့ပြီးနောက် ၎င်းမှာသေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ရေယာဉ်နစ်မြုပ်မှုကြောင့် ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မီးသတ်တပ်ဖွဲ့နှင့် မြို့ပြကာကွယ်ရေးအာဏာပိုင်များက ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



## အမေရိကန်စစ်ရေယာဉ် နှစ်စင်းအနီးသို့ ဦးတည်ချဉ်းကပ်လာသည့် အီရန် အမြန်တိုက်ခိုက်ရေးရေယာဉ်အား သတိပေးပစ်ခတ်

**ဝါရှင်တန် ဩဂုတ် ၂၇**

အမေရိကန်ရေတပ်မှ စစ်ရေယာဉ် နှစ်စင်းဆီသို့ ဦးတည်ချဉ်းကပ်လာသော အီရန်ရေတပ်မှ အမြန်တိုက်ခိုက်ရေယာဉ်တစ်စင်းအား အမေရိကန်ရေတပ်မှ အခြားရေယာဉ်တစ်စင်းက သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့ရကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

ယင်းသို့ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်မှာ မကြာသေးမီ ရက်သတ္တတစ်ပတ်အတွင်း ပါရှန်ပင်လယ်ကွေ့အတွင်း၌ စိုးရိမ်စရာအကောင်းဆုံး မတော်တဆဖြစ်ရပ်ဟုလည်း ၎င်းက ပြောကြားသည်။

မကြာသေးမီရက်ပိုင်းအတွင်းက အမေရိကန်နှင့် အီရန်နှစ်နိုင်ငံအကြား ဆက်ဆံရေးများအပေါ်တွင် အခြေခံ၍ ပင်လယ်ကွေ့ဒေသအတွင်း တင်းမာမှုများ မြင့်တက်လာခဲ့သည်။

အမေရိကန်ရေတပ်ဖွဲ့မှ အစောင့်လိုက်ရေယာဉ် စကွယ်ရယ်သည် သုည ဒသမ ၅၀ အရွယ် ကျည်ကိုသုံးကာ ပင်လယ်ကွေ့ဒေသမြောက်ပိုင်း၌ ဩဂုတ် ၂၄ ရက်က သတိပေးပစ်ခတ်မှု သုံးကြိမ်ပြုလုပ်ခဲ့ရကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရန်ရေယာဉ် သုံးစင်းက သတိပေးပစ်ခတ်မှုများအား ပြုလုပ်နေသည့်ဝန်းကျင်တစ်ဝိုက်၌ လှည့်ပတ်နေခဲ့ကြောင်း၊ ၎င်းတို့၏ အပြုအမူမှာ လုံခြုံစိတ်ချရမှု မရှိသည့်အပြင် ပုံမှန်မဟုတ်သော လမ်းကြောင်း၌ တပ်ဖွဲ့ဝင်များ မပီသစွာ လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းကြောင့် မတော်တဆမှု စတင်ဖြစ်ပွားရကြောင်း အမေရိကန်တာဝန်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**

# ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် တရုတ်၏ရင်းနှီးမြှုပ်နှံမှုများကို အမိအရယူမည့် ဘရာဇီး

**ဘရာဇီးလီးယား ဩဂုတ် ၂၆**

တရုတ်နိုင်ငံဟန်ကျိုးမြို့တွင် မကြာမီကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ဘရာဇီးနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို အမိအရဆုပ်ကိုင်ရန် ရည်ရွယ်ထားသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို စက်တင်ဘာ ၄၊ ၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ထိပ်သီးအစည်းအဝေးမကျင်းပမီ တစ်ရက်တွင် ရှန်ဟိုင်းမြို့၌ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် ဘရာဇီးဌာနဆိုင်ရာတာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြီးအကဲ ကားလို့စ်မာဆီရို ကိုဇန်ဒေးက မီဒီယာသို့ ပြောသည်။

နိုင်ငံ၏ မည်သည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်မလဲဆိုသည်ကိုမူ အသေးစိတ်မပြောနိုင်သေးကြောင်းနှင့် နိုင်ငံဘဏ္ဍာငွေများ အလွဲသုံးစားမှုဖြင့် စွပ်စွဲခြင်းခံထားရသည့် သမ္မတဒီလ်မာ ရိုဆက်ဖ်၏ တရားစီရင်မှု အဆုံးသတ်သည့် အချိန်ထိတိုင်အောင် စောင့်ကြည့်ရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

ဩဂုတ် ၃၁ ရက်မတိုင်မီ အဆိုပါတရားစီရင်မှုကို အဆုံးသတ်ရန် မျှော်လင့်ပါကြောင်းနှင့် ဆန္ဒမဲပေးဆုံးဖြတ်ရာတွင် သမ္မတရိုဆက်ဖ်တွင် ပြစ်မှုထင်ရှားသည်ဟု ဆန္ဒမဲပေးသူအရေအတွက် ပိုမိုများပါက ရာထူးမှနုတ်ထွက်ပေးရမည်ဖြစ်ပြီး သူ့နေရာတွင် သမ္မတ မစ်ချယ်တီမာက ကြားဖြတ်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကြားဖြတ်သမ္မတ မစ်ချယ်တီမာအနေဖြင့် သမ္မတရာထူးကို ထမ်းဆောင်ရမည်ဆိုပါက နိုင်ငံ၏ နိုင်ငံရေးမူဝါဒပြောင်းလဲမှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်သစ်များကို ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ချပြနိုင်ဖွယ်ရှိသည်။

ယင်းထိပ်သီးအစည်းအဝေးတွင် ဘရာဇီးနှင့် တရုတ်နိုင်ငံသည် ဘရာဇီးနိုင်ငံ၏ အခြေခံအဆောက်အအုံစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိကြောင်းသိရသည်။ ထို့ပြင် ကုန်သွယ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာတစ်ရပ်ကိုလည်း နှစ်နိုင်ငံခေါင်းဆောင်များက လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိသည်။

ဂျီ-၂၀ အစည်းအဝေးတွင် ဘရာဇီးသမ္မတက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ရော့ဘတ်တိုအာဇီဗီဒိုအပါအဝင် စပိန်၊ အီတလီနှင့် ဆော်ဒီအာရေဗျနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်သည်။




ဘရာဇီးနိုင်ငံက ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံခေါင်းဆောင်များနှင့်လည်း သီးခြားအစည်းအဝေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ။**

# နာဂဒေသ၌ လူ ၈၀ ကျော် သေဆုံးခဲ့မှုတွင် လဟယ်မြို့နယ် ထန်ခေါ်လာမားတွင် ဝက်သက်ရောဂါကပ်ရောဂါအသွင်ဖြစ်ခဲ့ နန်းယွန်းတွင် ဝက်သက်ရောဂါ ကပ်ရောဂါအသွင်ဖြစ်ပွားမှုမရှိခဲ့၊ နှစ်ရှည်လများ ဆိုးကျိုးများကြောင့် ကပ်အသွင်ဖြစ်ပွားရခြင်းဖြစ်

နေပြည်တော် ဩဂုတ် ၂၇

**အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ပဉ္စမအကြိမ် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။**

**(ယမန်နေ့မှ အဆက်)**

ဆက်လက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ဝန်ကြီးဌာန ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်သန္တာလွင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ထားထားလင်းတို့က နာဂဒေသတွင် လူ ၈၀ ကျော်သေဆုံးမှု၊ ရောဂါထိန်းချုပ်နိုင်မှုတို့နှင့် စပ်လျဉ်းသည့် မေးမြန်းချက်ကို ဖြေကြားရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့နယ်ခွဲရှိ ကဲဆန်ဆာလင်၊ ကဲဆန်ဘောက်လွန်၊ ကဲဆန်လုံကျန် ကျေးရွာတို့တွင် လူ ၁၃ ဦးသေဆုံးခဲ့သည်ကို ဩဂုတ် ၃ ရက်က သတင်းရရှိခဲ့ပါကြောင်း၊ လဟယ်တွင် ဆေးခန်းဖွင့်ပြီး ကုသခဲ့ပါကြောင်း၊ ထိုသို့ကုသသည့်အခါ လူနာ ၁၅ ဦးက ဝက်သက်ရောဂါလက္ခဏာဖြစ်သော အရေပြားတွင် အနီစက်ထွက်သည့် အမှတ်အသား၊ လူနာသစ် ကိုးဦးမှာ သံသယဝက်သက်ရောဂါလက္ခဏာတို့ကို တွေ့ခဲ့ပါကြောင်း။

**ထန်ခေါ်လာမားတွင် ဝက်သက်ကပ်ရောဂါအသွင် ဖြစ်ခဲ့သည်ဟု သုံးသပ်**

ထန်ခေါ်လာမားကျေးရွာရှိ လူနာ ၁၀ ဦးမှ သွေးရည်ကြည် နာမူနာကိုယူပြီး ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းဆိုင်ရာဌာနသို့ ပေးပို့ပြီး စစ်ဆေးခဲ့ပါကြောင်း၊ စစ်ဆေးသည့်အခါ ခုနစ်ဦးတွင် ဝက်သက်ရောဂါအနေအထား တွေ့ရှိခဲ့ရပါကြောင်း၊ ထို့ကြောင့် ထန်ခေါ်လာမားတွင် ဝက်သက်ကပ်ရောဂါအသွင် ဖြစ်ခဲ့သည်ဟု သုံးသပ်ခဲ့ပါကြောင်း။

**နန်းယွန်းတွင် သံသယ ဝက်သက်ရောဂါလက္ခဏာများ မဖြစ်ပွားခဲ့**

နန်းယွန်းမြို့နယ်တွင် ကွင်းဆင်းစုံစမ်းခြင်း၊ လူနာအသစ်ရှာဖွေခြင်းနှင့် ဆေးခန်းဖွင့်လှစ် ကုသခြင်းများ ဆောင်ရွက်ခဲ့ရာ အသက် ၁၈ နှစ်အောက် လူနာ ၁၄၈ ဦးနှင့် အသက် ၁၈ နှစ် အထက် လူနာ ၃၅ ဦး စုစုပေါင်း လူနာ ၁၈၃ ဦးကိုတွေ့ရှိပြီး ကုသခဲ့ပါကြောင်း၊ ၎င်းနေရာတွင် ဝက်သက်လက္ခဏာနှင့် အခြားကူးစက်ရောဂါလက္ခဏာများမတွေ့ခဲ့ပါကြောင်း၊ နန်းယွန်းမြို့နယ်တွင် သေဆုံးခဲ့သည့် လူနာများမှာ သံသယဝက်သက်ရောဂါလက္ခဏာများ မဖြစ်ပွားခဲ့ပါကြောင်း၊ ဆေးခန်းလူနာများတွင်လည်း သံသယဝက်သက်ရောဂါလက္ခဏာ မတွေ့ခဲ့ရကြောင်း၊ လူနာ ခုနစ်ဦးထံမှ သွေးနမူနာ စစ်ဆေးသည့်အခါတွင်လည်း ဝက်သက်ရောဂါ မတွေ့ရသည့်အတွက် နန်းယွန်းတွင် ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှု မရှိခဲ့ပါကြောင်း၊ ဩဂုတ် ၆ ရက်တွင် ကူးစက်ရောဂါဆရာဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေး အထူးကုဆရာဝန်ကြီး ၁၅ ဦးပါသည့် အဖွဲ့သည် ကာကွယ်ဆေးထိုးအဖွဲ့ ၁၈ ဖွဲ့နှင့် လုပ်ငန်းများ ဆောင်ရွက်ပါကြောင်း။

**တစ်အိမ်တက်ဆင်း လူနာရှာဖွေခြင်းနှင့် ဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့**

ကလေးပေါင်း ၁၅၀၅၄ ဦးကို ဝက်သက်ကာကွယ်ဆေးထိုးနှံခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်း လူနာရှာဖွေခြင်းနှင့် ဆေးကုသခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါ ဆေးခန်းကို လာပြသည့် လူနာပေါင်း ၁၅၉၆ ဦးရှိပါကြောင်း၊ လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာတွင် လူနာသစ် ၉ ဦးတွေ့ခဲ့ပါကြောင်း၊ ဝက်သက်နှင့် အခြားပြင်းထန်ရောဂါဖြစ်ပွားသူ မရှိပါကြောင်း၊ တီဘီရောဂါ အထူးကုဆရာဝန်ကြီးများက ကျေးရွာ တော်တော်များများတွင် တီဘီကာကွယ်ရေး၊ စောစီးစွာ ဆေးကုသမှုခံယူရေးတို့နှင့် ပတ်သက်ပြီး ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှု မရှိ**

ထိုဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုမရှိပါကြောင်း၊ အစားအသောက် ရိက္ခာနည်းပါးပါကြောင်း၊ ထို့ကြောင့် ရောဂါများဖြစ်ပွားလာသောအခါ ရောဂါဒဏ်ကိုလည်း မခံနိုင်ပါကြောင်း၊ ထို့ကြောင့် ကလေးငယ်များအား ဗီတာမင်နှင့် အာဟာရမှုန့်တိုက်ကျွေးခြင်း၊ နှစ်နှစ်မှ ကိုးနှစ် ကလေးငယ်များကို သန်ကျဆေးတိုက်ခြင်း၊ မိခင်နှင့်



အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ပဉ္စမအကြိမ် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုသရေးဦးစီးဌာနမှ ကလေးအထူးကု ဆရာဝန်ကြီးများနှင့် သမားတော်ကြီးများပါဝင်သည့် ဆေးအဖွဲ့များက ကျေးရွာများသို့ ကွင်းဆင်းကုသခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ နေရာဒေသအရ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် မော်တော်ဆိုင်ကယ်များဖြင့် သွားရပါကြောင်း၊ ယခုအချိန်တွင် နန်းယွန်းနှင့် အဆက်အသွယ်ရအောင် ဝန်ကြီးဌာနအနေဖြင့် အိုင်ကွန်စကားပြောစက်များ ပေးပို့ရန် ဆောင်ရွက်ထားပါကြောင်း။

**ဘာသာစကား မပေါက်**

မြို့နယ် သုံးမြို့နယ်တွင် လျှပ်တစ်ပြက် ကာကွယ်ဆေးထိုးသည့်အစီအစဉ်ကို နှစ်တိုင်း သုံးလတစ်ကြိမ် ထိုးနှံပေးပါကြောင်း၊ တောင်ပေါ်ဒေသသို့ သွားရောက်ထိုးနှံသည့် အစီအစဉ်ရှိသော်လည်း အားနည်းချက်အနေဖြင့် ဒေသခံဘာသာစကားမပေါက်ခြင်း၊ သွားသည့်အချိန်တွင် ကလေးများကို မတွေ့ခြင်း၊ ဆိုင်ကယ်ငှားရမ်းခ သိန်းဂဏန်းနှင့်ချီ၍ ပေးရခြင်း၊ ညအိပ်မနေနိုင်ခြင်း စသည်တို့ရှိပြီး နှစ်ရှည်လများ ဆိုးကျိုးများကြောင့် ယခုလို ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားရခြင်းဖြစ်ပါကြောင်း။

**အသက်နှင့် ရင်းပြီးသွားခဲ့ရ**

ကာကွယ်ဆေးထိုးနှံရန် သွားရောက်သည့် ဆရာမမှာ အသက်နှင့်ရင်းပြီး သွားခဲ့ရပါကြောင်း၊ လမ်းမရှိဘဲ လမ်းကိုဖော်ပြီး သွားခဲ့ရပြီး ဆေးအထိုးမခံသည့် ကလေးများလည်းရှိပါကြောင်း၊ အခက်အခဲအမျိုးမျိုး တွေ့ရပါကြောင်း၊ သေဆုံးမှုနှင့် ပတ်သက်ပြီး လဟယ်မြို့နယ်တွင် ဇွန်လမှ ဩဂုတ်လအထိ သေဆုံးမှုမှာ ၂၈ ဦး၊ ထန်ခေါ်လာမားကျေးရွာတွင် ၂၄ ဦး၊ တခြားကျေးရွာတွင် လေးဦးသေဆုံးပြီး နန်းယွန်းတွင် မေလမှ ဩဂုတ်လအထိ သေဆုံးသူ ၄၀ ဟု သတင်းရရှိပါကြောင်း။

**၈၅ ရာခိုင်နှုန်းကျော် လွှမ်းခြုံကာကွယ်ဆေးထိုးခဲ့**

လောလောဆယ် ကပ်အသွင်ဖြစ်ပွားသေဆုံးမှု ထပ်ပြီးမရှိပါကြောင်း၊ ဝက်သက်ရောဂါ ဖြစ်ပွားမှုကိုလည်း ထိန်းချုပ်နိုင်ပါကြောင်း၊ လဟယ်မြို့နယ်တစ်မြို့နယ်လုံးကိုလည်း လောလောဆယ် ၈၅ ရာခိုင်နှုန်းကျော် လွှမ်းခြုံကာကွယ်ဆေးထိုးခဲ့ပါကြောင်း၊ ပွင့်လင်းရာသီတွင် ကာကွယ်ဆေး ၁၀ မျိုး ဆက်ပြီးထိုးသွားရန် အစီအစဉ်ရှိပါကြောင်း။

**ကျန်းမာရေး အသိပညာ အလွန်နည်းပါး**

ယင်းဒေသတွင် ကျန်းမာရေးအသိပညာ အလွန်နည်းပါးပါကြောင်း၊ ရောဂါကာကွယ်နိုင်ရန်အတွက် ၂၀ ရာခိုင်နှုန်းသာရှိပါကြောင်း၊ အမှန်မှာ ၉၀ ရာခိုင်နှုန်းရှိရမည်ဖြစ်ပါကြောင်း၊ ဘာကြောင့်နည်းသလဲဆိုလျှင် ထိုဒေသသို့ သွားရောက်မည့် ဝန်ထမ်းမရှိပါကြောင်း၊ သွားရေးလာရေး အလွန်ခက်ခဲသဖြင့် သတင်းအချက်အလက်မရပါကြောင်း၊ ယင်းသို့သော ဧရိယာမျိုး အများကြီးရှိပါကြောင်း၊ ဂြိုဟ်တုဖုန်းများ ပေးထားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ဆောလျင်စွာ သွားနိုင်လျှင် ယခုလောက် သေဆုံးမည်မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**စရိတ်မျှပေးကျန်းမာရေး**

စရိတ်မျှပေးကျန်းမာရေး၊ ပြည်သူများနှင့် ဆက်ဆံရေးမကောင်းသည့် အပိုင်း၊ ဆေးရုံသန့်ရှင်းမှု မရှိသည့်အပိုင်းများ၊ ကလေးဖျက်ချမှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေကြားရာတွင် ကျန်းမာရေးဆေးကုသမှုတွင် စရိတ်မျှပေး ကျန်းမာရေးကို ဖော်ဆောင်နေပါကြောင်း၊ ဆေးရုံမှ ဆေးဆိုင်များ ပိတ်လိုက်သည့်အတွက် ပြဿနာများစွာ ရှိနေပါကြောင်း၊ ဆေးရုံတွင် ဆေးရောင်းသည့် ဆိုင်များ ပြန်လည်ထားရှိရန် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ ၁၀ ရာခိုင်နှုန်းသာ အမြတ်ယူ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆေးရုံမှ မပေးနိုင်သည့်ဆေးများကို ဝယ်ယူရမည်ဖြစ်ပါကြောင်း။

**အခြေခံဆေးများနှင့် အခြေခံ Service များကိုသာ ပံ့ပိုးပေးနိုင်သေး**

ဆေးကုသရာတွင် ဆေးအဆင့်အမျိုးမျိုးရှိပါကြောင်း၊ လူတိုင်းကို ပေးနိုင်သည်မှာ အခြေခံဆေးများနှင့် အခြေခံ Service များကိုသာ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်မှုများကို စရိတ်မျှပေးသည့်အနေဖြင့် လူနာက မျှပေးရမည်ဖြစ်ပါကြောင်း၊ တတ်နိုင်သမျှ လျော့ကျအောင် ဆောင်ရွက်နေပါကြောင်း၊ ကိုယ်ဝန်ဖျက်မှုမှာ ရောဂါရှိလျှင် ဖျက်ချမှုကို တရားဝင် ခွင့်ပြုပေးထားပါကြောင်း၊ ထောက်ခံချက်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ အပြင်တွင် လုပ်ဆောင်နေခြင်းများမှာ ကျင့်ဝတ်နှင့်မညီဘဲ တခြားအဖွဲ့အစည်းများ၊ တခြားသူများက လုပ်ဆောင်နေသည့် သဘောရှိပါကြောင်း၊ သိလျှင် တရားဝင်အရေးယူ၍ ရပါကြောင်း၊ တရားဝင်ခွင့်ပြုထားခြင်းမရှိပါကြောင်း။

**မနိုင်မနင်း ဆောင်ရွက်နေရ**

ဦးစီးဌာနမှ တာဝန်ယူသည့် ဆေးရုံ စုစုပေါင်း ၁၁၃၂ ရုံ ရှိပါကြောင်း၊ ဆရာဝန် နှစ်ထောင်နီးပါး ခန့်ရန် ကြိုးစားနေပါကြောင်း၊ ဆေးရုံအားလုံးသည် ဆရာဝန် နှစ်ထောင်ခန့်ပြီးသည့်တိုင် ပြည်သူများကို စောင့်ရှောက်ရန် ရာထူးနေရာ ၅၀၀၀ ကျော် ရှိနေသေးပါကြောင်း၊ သူနာပြုတစ်သောင်းငါးထောင်ကျော်ရှိပါကြောင်း၊ လူနာ နှစ်စဉ်ပြင်ပရော အတွင်းပါများပြားနေပါကြောင်း၊ သယ်န်းကျွန်း ခုတင် ၃၀၀ ဆေးရုံတွင် လူနာ ၃၀၀ ကျော်က အသုံးပြုနေပြီး လူနာသာမက လူနာစောင့်များပါ အသုံးပြုနေပါကြောင်း၊ Overload ဖြစ်နေပြီး သန့်ရှင်းရေး၊ ကုသရေးပါ မနိုင်မနင်းဆောင်ရွက်နေရပါကြောင်း၊ ကုသမှုအရည်အသွေးရော သန့်ရှင်းရေးပါ အကောင်းဆုံးဆောင်ရွက်နေပါကြောင်း။

ဆက်ဆံရေးကောင်းခြင်း မကောင်းခြင်းမှာ လူပုဂ္ဂိုလ်နှင့်သာ သက်ဆိုင်ပါကြောင်း၊ အလုပ်တာဝန်များသည့်အခါ ဖြစ်ပွားလေ့ရှိသည့် ကိစ္စဖြစ်ပါကြောင်း၊ ဆေးရုံဆင်းသည့်အခါ ရှိသည့်အခက်အခဲများကို မေးမြန်းပြီး အလုပ်တာဝန်များခြင်းကို အပြစ်မဖို့ဘဲ ပြင်သင့်သည်များကို ပြင်ဆင်ရန် ဆောင်ရွက်နေပါကြောင်း၊ ခုတင် ၁၀၀ ဆေးရုံများတွင် ဧည့်ကြိုစနစ် လုပ်ထားပါကြောင်း၊ ဆေးရုံဆင်းသည့်အခါ အခက်အခဲများကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ကျန်းမာရေးပညာပေးမှုများ ဆောင်ရွက်နေ**

ကလေးဖျက်ချမှုနှင့်ပတ်သက်၍ မေးသွားသည့် မေးခွန်း အလွန်ကောင်းပါကြောင်း၊ ဘာကြောင့် ဖြစ်ရသည်ဆိုသည်ကို စဉ်းစားလျှင် အဖြေထွက်လာမည်ဖြစ်ပါကြောင်း၊ တားဆေးကို ဘယ်အချိန်သောက်ရမည်ကို မသိသည့်အတွက် ကိုယ်ဝန်ရပြီးမလိုချင်သည့်အခါ ဖျက်ချခြင်းများ ဖြစ်ပေါ်လာပါကြောင်း၊ ကျန်းမာရေးပညာပေးမှုများ ဆောင်ရွက်နေပါကြောင်း၊ ဖြစ်ပွားသည့်အမျိုးသမီးများတွင် ကိုယ်ဝန်ရှိမှုနှင့်ပတ်သက်ပြီး အသိပညာမရှိသည့်အတွက် ပြဿနာဖြစ်ရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

နာဂဒေသတွင် သေဆုံးသူအရေအတွက် ကွာခြားနေမှု၊ အစားအသောက်များနှင့် ပတ်သက်၍ ထိန်းချုပ်ဆောင်ရွက်နေမှုကို သိရှိလိုကြောင်း မေးခွန်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ဖြေကြားရာတွင် သေဆုံးသူအရေအတွက် ကွာခြားရခြင်းမှာ ရေတွက်သည့် လနှင့် ရရှိသည့် အချက်အလက်များအပေါ် မူတည်ပြီး ကွာနေခြင်းဖြစ်ပါကြောင်း။

**စနစ်တကျထိန်းကျောင်းရန် အစီအစဉ်များချမှတ်ထား**

အစားအသောက်များနှင့် ပတ်သက်ပြီး လမ်းဘေးဈေးသည်များကို ထိန်းချုပ်ရန်လိုပါကြောင်း၊ FDA သည် အသင့်စား အစားအသောက်များနှင့် သက်ဆိုင်ပါကြောင်း၊ လမ်းဘေး အစားအသောက်များကို ထိန်းချုပ်နိုင်ရန်အတွက် စည်ပင်၊ အဆင့်ဆင့်သော ပြည်သူ့ကျန်းမာရေးအဖွဲ့များ ရှိပါကြောင်း၊ အဆင့်ဆင့်သော အသင်းအဖွဲ့တွေရှိပါကြောင်း၊ ဥပမာအားဖြင့် လက်လီရောင်းချသူများ အသင်းကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အဆင့်ဆင့်သော အသင်းများနှင့် ပေါင်းစပ်ပြီး အစားအသောက်များကို စနစ်တကျ ထိန်းကျောင်းရန် အစီအစဉ်များ ချမှတ်ထားပါကြောင်း၊ မသန့်ရှင်းသော အစားအစာများနှင့် ပတ်သက်၍ ပညာပေးအခန်းကဏ္ဍကို တိုးချဲ့သွားမည်ဖြစ်ပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးများ၊ လူသုံးကုန်၊ အလှကုန်များဆိုပြီး FDA တွင် တာဝန်အပိုင်းကြီး သုံးပိုင်းရှိကြောင်း။

**သတ်မှတ်ထားသည့် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရမည်**

တာဝန်ရှိသူများက နိုင်ငံတကာဆေးပညာဘွဲ့ယူလာပြီး ပြည်တွင်းပြန်လာသူများ ဆမပြန်လျှောက်သည့်အခါ အခက်အခဲများရှိနေမှု၊ ဆေးထိုးအပ်ကိုင်ဆောင်ခွင့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဘတ်ဂျက်ကိစ္စများနှင့် ပတ်သက်၍ မေးခွန်းကို ဖြေကြားရာတွင် ကုသမှုကျွမ်းကျင်လျှင် ဆမထုတ်ပေးမည် ဖြစ်ပါကြောင်း၊ ပါရဂူများလာလျှင်လည်း ဘွဲ့လက်မှတ်မှအစ စစ်ဆေးပါကြောင်း၊ နိုင်ငံရပ်ခြားမှ ဆရာဝန်ဘွဲ့ရသူများသည် မြန်မာနိုင်ငံတွင် ဆေးကုသခွင့် လိုင်စင်ရလိုလျှင် သတ်မှတ်ထားသည့် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်း၊ မြန်မာဆေးကောင်စီမှ အောင်မြင်သည်ဟု သတ်မှတ်လျှင် ဆေးကုသခွင့် လိုင်စင် ထုတ်ပေးပါကြောင်း၊ ပြည်ပဆေးတက္ကသိုလ်တွင် သွားရောက်သင်ကြားပြီး မြန်မာနိုင်ငံတွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်လိုသည့်ကိစ္စကို ပြန်လည်စဉ်းစားဆောင်ရွက်နေပါကြောင်း။

**ဆေးထိုးပိုင်ခွင့်**

ဆေးထိုးအပ်ကိုင်ဆောင်မှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ ဆေးကောင်စီမှ သတ်မှတ်ချက်ရှိပါကြောင်း၊ မှတ်ပုံတင်ရှိသူများသာ ဆေးကုသခွင့်ရှိပါကြောင်း၊ လက်ထောက်ကျန်းမာရေးမှူးနှင့် သူနာပြုဆရာမများ၊ သားဖွားဆရာမများသည် ဆေးထိုးပိုင်ခွင့်ရှိပါကြောင်း၊ သို့ရာတွင် ဆေးထိုးမှုနှင့် ကုသမှုသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အဆောက်အအုံအသိုင်းအဝိုင်းနှင့် ဆက်နွှယ်နေမှ ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ ဘတ်ဂျက်အနေဖြင့် ကျန်းမာရေးအတွက်က ဘီလီယံ ၈၅၀ ရှိပြီး အားကစားမှာ ၁၉ ဘီလီယံရှိပါကြောင်း ဖြေကြားသည်။

**လူများများသိအောင် လုပ်နိုင်လေ ခရီးသွားဧည့်သည် များများလာလေဖြစ်မည်**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က မိမိတို့နိုင်ငံ၏ သဘာဝအလှတရားများကို ဧည့်သည်များစိတ်ဝင်စားရန်နှင့် Eco Tourism လုပ်ငန်းများ ဖွံ့ဖြိုးလာရန်အတွက် ဘာတွေလိုအပ်သလဲ၊

**စာမျက်နှာ ၈ သို့**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အကြိုဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းရေးကို အလေးအနက် ဦးညွတ်

## တောင်တွင်းမောင်သင်းကျော်

တမာပင်ထိပ်ဖျားတွင် ကြက်ဟင်းခါးသီးနေကြသော ပြည်တွင်းစစ်၏ အနိဋ္ဌာရုံများသည် မိမိတို့ မြန်မာနိုင်ငံမှာသာမဟုတ်၊ ကမ္ဘာအရပ်ရပ်ရှိ အချို့သော နိုင်ငံများတွင်လည်း စစ်ပွဲတွေ ကြောက်ခမန်းလိလိ ဖြစ်ပွားလျက်ရှိနေကြပြီး ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးနည်းလမ်းမျိုးစုံနှင့် အဖြေရှာဆွေးနွေးကြရင်း ပစ်ခတ်တိုက်ခိုက်နေကြဆဲ ဖြစ်ပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြင့် ပြည်တွင်းစစ်တွေကို ငြိမ်းအေးအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်မှာ နင်လားငါလားဖြစ်ပေ၏။

နိုင်ငံတစ်နိုင်ငံချင်းစီ၏ သမိုင်းနောက်ခံတွေ မတူညီကြဘဲ ယုံကြည်မှုအယူအဆဝါဒတွေ ကွဲပြားခြားနားကြသဖြင့် ပြည်တွင်းစစ်ပွဲများ၏ အသွင်သဏ္ဌာန်တို့သည်လည်း အမျိုးမျိုးထွေပြားလျက်ရှိပေသည်။ ပြည်တွင်းစစ်၏ စိန်ခေါ်မှုကို စစ်မြေပြင်တစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက အန်တုရင်ဆိုင်ရင်း ၂၄ နာရီလုံးလုံး ခါးသီးလောင်မြိုက်စွာ ခံစားနေကြရသည်။

မြန်မာနိုင်ငံ၏ ကာလရှည်ကြာလှပြီဖြစ်သော ပြည်တွင်းစစ်အနိဋ္ဌာရုံကို ဘယ်လိုပြည်ဖုံးကား ချနိုင်မလဲ၊ ဘယ်လိုဆွေးနွေး အဖြေရှာ၍ ပြီးပြတ်ကြမလဲ မေးခွန်းတွေ တသီတတန်းကြီး ရှိနေပါသည်။

**ငြိမ်းချမ်းရေး-ငြိမ်းချမ်းရေး-ငြိမ်းချမ်းရေး**

စစ်မြေပြင်မှာ မြေစာပင် ဖြစ်နေရှာသော ပြည်သူများနှင့် စစ်မီးတောက်မီးလျှံတို့၏ ငရဲမီးပမာ အပူဟပ်ခံစားနေကြရသည့် ပြည်သူများအဖို့ ချောက်အိပ်မက်ကြီးပမာ မြင်မက်နေကြဆဲဖြစ်သည်။ ငြိမ်းချမ်းရေးတောင်းဆိုနေကြသော ဂီတတေးသံများ၊ ရေးဖွဲ့ကြသည့် စာကဗျာများ၊ အဘိုးအဘွားနှင့် ကလေးငယ်တို့၏ ညည်းတွားသံများ၊ ငိုရှိုက်သံများ၊ ကျေးငှက်သတ္တဝါတို့၏ ထိတ်လန့်စိုးရိမ်မှုများဖြင့် ဟိန်းဟိန်းညံအောင် ပဲ့တင်ထပ်နေတော့သည်။

တော်လှန်ရေးကောင်စီအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားပြီး မအောင်မြင်သဖြင့် ပဲခူးရိုးမမြိုင်ဟောဝန်သို့ ပြန်ဝင်သွားကြသော ဗမာပြည်ကွန်မြူနစ်ပါတီမှ ယုံကြည်ချက်ပြင်းထန်သူ ခေါင်းဆောင်များ၏ နောက်ကြောပြင်တွေ၊ ပုဆိုးလေးတွေ ကိုယ်စီမပြီး ရဲနွယ်ချောင်းရေအလျဉ်ကိုဖြတ်သန်းကာ ကျောခိုင်းပြန်သွားကြတဲ့ ခြေလှမ်းတွေ၊ "သူတို့ကျောခိုင်းသွားကြလေပြီ"ဟူသော ရင်နင့်ကြေကွဲဖွယ် မှန်ကူကွက်များကား ပြိုးပြက်နေဆဲပင်။ ထိုစဉ်က သတင်းစာပါ သမိုင်းမလှခဲ့သော သတင်းနှင့်ဓာတ်ပုံကြီးမှာ ကျွန်တော့်မျက်စိထဲက ခုထိမထွက်။ ခြောက်လှန့်နေဆဲ။

ငြိမ်းချမ်းရေးဆိုသည်ကို နားမလည်နိုင်သေးသော်လည်း ကျွန်တော် ဆယ်နှစ်သားကျော်ကျော်အရွယ်က သတင်းစာတွင်ဖတ်ရှု မြင်တွေ့ခဲ့ရသော ထိုစိတ်မချမ်းမြေ့ဖွယ်ရာ ပုံရိပ်မည်းကြီးသည် ထိထိခိုက်ခိုက် ခြောက်လှန့်နေဆဲ ဖြစ်ပါသည်။ အသက်(၆၀)ကျော်အရွယ်တွေအားလုံး မှတ်မိကြလိမ့်မည်ဟု ကျွန်တော်တွေးထင်မိသည်။ သူတို့ ကျောခိုင်းသွားကြလေသော ကြေကွဲဇာတ်ကြီး။

ယုံကြည်ချက်အယူအဆဝါဒတွေ ကွဲပြားနေကြသည့် တပည့်သားမြေးတို့၏အရေးကို စိတ်မအေးနိုင်ဖြစ်နေရရှာသော ကဗျာစာဆိုကြီး အဘိုးသခင်ကိုယ်တော်မှိုင်းသည် ဘဝတစ်သက်တာပတ်လုံး အမျိုးသားရေးနှင့် ငြိမ်းချမ်းရေးတို့ဖြင့်သာ ကိုယ်လုံးထုံနေခဲ့သည်။ "သူမနာကိုယ်မနာ" ငြိမ်းချမ်းရေးကို ရွက်ဆောင်ကြရန် တပည့်သားမြေးတွေကို မိန့်မှာခဲ့ဖူးပါသည်။

ဆရာဒဂုန်တာရာကလည်း "ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ ငြိမ်းချမ်းရေး"ဟု ညွှန်းဆိုလမ်းပြသွားခဲ့ပါသည်။ ငြိမ်းချမ်းရေးကို မြင်တွေ့မသွားခဲ့ရရှာသော ဆရာကြီးနှစ်ဦးတို့ ယခုအချိန်များ သက်ရှိထင်ရှားရှိနေကြလျှင် အောင်ဆန်းမျိုးဆက်ရင်သွေး ဦးဆောင်ပါဝင်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးအတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည်မှာမလွဲပါ။

လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ပြီးစကာလအလွန် ၁၉၉၆ မိုးဦးကာလများဆီက ကရင်ပြည်နယ် ကမမောင်းနှင့် ဖာပွန်ကားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်တွင် ကျွန်တော်ဝန်ထမ်းဘဝဖြင့် တစ်ထောင့်တစ်နေရာမှ တစ်နှစ်နီးပါးမျှပါဝင်ဆောင်ရွက်ခဲ့စဉ်က ကရင်ပြည်နယ်၏ ထာဝရငြိမ်းချမ်းရေး၊ ဒေသခံ ကရင်တိုင်းရင်းသားပြည်သူတို့၏ ငြိမ်းချမ်းရေးအတွက် "သံလွင်တစ်ခက်၊ ချိုးငှက်တစ်ကူ" ငြိမ်းချမ်းရေးမျှော် ကဗျာများရေးဖွဲ့ဖြစ်ခဲ့သည်။ (ပခုက္ကူကဗျာပေါင်းချုပ်ဆုရခဲ့သည်။) အမျိုးသားရေးနှင့် ငြိမ်းချမ်းရေး ပြည်သူတို့၏ အရေးမှန်သမျှ လက်မနှေးတမ်း ဖတ်ရှုခဲ့၊ ကိုယ်တိုင်ရေးဖွဲ့ခဲ့သည့်အလေ့မှာ ကျွန်တော့်ကိုယ်ဝယ် ထုံနေပါပြီ။ သို့နှင့်---

ကိုယ့်နိုင်ငံ၏ ငြိမ်းချမ်းရေးအသံများကို နားစွင့်ရင်း၊ ငြိမ်းချမ်းရေးတောင်းဆိုသံများကို နာခံရင်း၊ ငြိမ်းချမ်းရေးလိုအင်ဆန္ဒ အာသီသများကို ရေးဖွဲ့ရင်းနှင့် ဓမ္မရသစာစုမှ စာတစ်ပိုဒ်ကို ကျွန်တော် ဖတ်ဖြစ်ခဲ့မိပါသည်။ ကျွန်တော်ဖတ်ရှုမိသောစာအုပ်မှာ စာရေးဆရာ ဦးကောဝိဒ (ဝစီပိတ်ဆရာတော်)၏ "ငြိမ့်-ငြိမ်-ငြိမ်း" ဓမ္မရသ စာစုများစာအုပ် (ကောင်းသန့်စာပေ၊ ၂၀၀၉) ဖြစ်ပါသည်။ ထိုစာအုပ်ပါ "ဇွန်းရှည်ရှည်နှင့် ဆန်ပြုတ်အိုး" စာစုကို ဖတ်ဖြစ်ခဲ့ခြင်းပါ။ ထိုစာစုမှာကား---

ရှေးက တောတစ်ခုရဲ့ ကျောက်ဂူထဲမှာ တောရမှီပြီး တရားရှာနေကြတဲ့ ဆရာ၊ တပည့်နှစ်ယောက်ရှိရာ တပည့်ဖြစ်သူက သူ့ဆရာအရှင်ကို "လောကမှာ နေထိုင်ခြင်းမှာ ဘယ်သို့သော နေထိုင်ခြင်းဟာ ကောင်းမွန်သင့်မြတ်ပါသလဲ" လို့မေးပါသတဲ့။

ဒီတော့ ဆရာအရှင်က ဂူနံရံကို အခန်းနှစ်ခန်းဖြစ်အောင် တန်ခိုးနဲ့ဖန်တီးလိုက်ပါတယ်။ ပထမအခန်းကိုဖွင့်ပြတော့ အဲဒီအခန်းထဲမှာ ပွက်ပွက်ဆူနေတဲ့ ဆန်ပြုတ်အိုးကြီးတစ်လုံးကို လူတစ်စုက ပတ်ပတ်လည်ဝိုင်းထိုင်နေကြတယ်။ အဲဒီလူတွေရဲ့လက်ထဲမှာ တစ်လံလောက်ရှိတဲ့ ဇွန်းတစ်ချောင်းစီကိုင်ထားကြပါတယ်။

လူတွေဟာ အဲဒီဇွန်းရှည်နဲ့ ဆန်ပြုတ်အိုးကို ခပ်လိုက်၊ သောက်မယ်ဆိုပြီး ပါးစပ်ထဲကို ထည့်ပြန်တော့လည်း ဇွန်းကရှည်ပြီး ပါးစပ်ထဲကိုမဝင်ဘဲ ဖိတ်သွားလိုက်နဲ့၊ လူတွေကပိန်ချုံးပြီး စိတ်သောကတွေ ရောက်နေကြတယ်တဲ့။

အဲဒီအခါ ဆရာသခင်က ငါ့တပည့် ဒါကို သေချာကြည့်ထားဆိုပြီး နောက်အခန်းတစ်ခန်းကို ဖွင့်ပြပါတယ်။ အဲဒီ ဒုတိယအခန်းမှာလည်း ဒီလို ဆန်ပြုတ်အိုးကြီးပဲ၊ ဒီလိုလူတွေပဲ၊ ဒီလိုဇွန်းရှည်နဲ့ပဲ။ ကွာခြားတာတစ်ခုက လူအားလုံးဟာ ဝဝဖြိုးဖြိုးပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြပါတယ်။

ဘာလို့လဲဆိုတော့ ဇွန်းရှည်ရှည်နဲ့ ဆန်ပြုတ်ကိုခပ်ပြီး မျက်နှာချင်းဆိုင်က လူကို အပြန်အလှန် တိုက်နေကြလို့ပေါ့။

ပုံပြင်လေးကတော့ ဒါပါပဲဟု ဆရာတော် ဦးကောဝိဒက ရေးဖွဲ့တော်မူခဲ့ပါသည်။

"ဇွန်းရှည်ရှည်နဲ့ ဆန်ပြုတ်အိုး" စာစုကိုဖတ်အပြီး လက်ငင်းရင်ဆိုင်နေရသော ကျွန်တော်တို့နိုင်ငံ၏ အကြီးမားဆုံးနှင့် အခက်ခဲဆုံးဖြစ်နေသည့် "ငြိမ်းချမ်းရေး" ကိစ္စက ကျွန်တော့်ရင်ထဲ ထိုးဖောက်ဝင်ရောက်လာသည်။ စာရှုသူများလည်း ကျွန်တော့်လိုပင် ခံစားမိကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

ထိုအခိုက်မှာပင် ကျွန်တော့်ရင်ထဲ နှလုံးသားထဲသို့ ရုတ်ခြည်းစီးဝင်လာကြသော ပန်းကဲ့သို့ လှပမွှေးကြိုင်သည့် စကားသံများ၊ "စမ်း"သို့ အေးမြကြည်လင်သန့်စင်သည့် စကားသံများ၊ "လ" သို့ ဝင်းပရွှန်းလက်သည့်စကားသံများ၊ "နေ" သို့ ထွန်းလင်းတောက်ပသည့် စကားသံများသည် သောင်းတိုက်ကကြားစေသားဟု ဆိုရလောက်အောင်ပင် ကြားကြပေလိမ့်မည်။

"တစ်ယောက်ချင်း တစ်ယောက်ချင်းစီက ငါဘာယူလို့ရမလဲ"ဆိုသည့် စိတ်ဓာတ်ဖြင့်လာပါက ပိုမိုခက်ခဲလိမ့်မည် ဖြစ်ပါကြောင်း။

"ငါတို့ ဘာပေးနိုင်သလဲဆိုသည့်" ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှု၊ "ကိုယ်ဘာပေးနိုင်လဲ" ဆိုသည်ကို အဓိကစဉ်းစား၍ ဝိုင်းဝန်းစဉ်းစားကူညီစေချင်ပါကြောင်း။

၂၀၁၆ ခုနှစ် ဧပြီလ ၂၇ ရက်နေ့က ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အဖွဲ့ဝင်များနှင့် နေပြည်တော်၌ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှင်းလင်းပြောကြားခဲ့သည့် အမိနိုင်ငံတော်အပေါ် စေတနာနှင့် မေတ္တာအရင်းခံသော စကားသံများသည် တောင်ပေါ်မြေပြန့်အနှံ့ လွှမ်းပတ်ကမ္ဘာတည်လေပြီ။

တစ်ဆက်တည်းမှာပင် ကွမ်းအစ်တစ်လုံး သျှောင်တစ်ထုံးနှင့် ဘိုးဘိုးကြီးတစ်ဦး၏ တည်ငြိမ်ခံ့ညားသော အားပေးနှိုးဆော်သံကြီးတစ်ခု ကောင်းကင်ယံမှ ထွက်ပေါ်လာသည်။

"(အို) ကောင်းကျိုးအထွေထွေရယ်နှင့် ချွန်စေ မြစေစော၊

(ကျောင်းအစ်မရယ်) ဒေါင်းအိုးဝေရယ်လို့ တွန်စေ ကစေသော"

ဟူသော ဘိုးဘိုးကြီးမှိုင်း၏ ဆုတောင်းကဗျာ မဟာလေးချိုးကြီး၏ လင်္ကာတေးကား စည်တော်သံ မိုးသံကဲ့သို့ ညိုးညိုးညံ့ညံ့ ရှိလှပါပေ၏။

ယနေ့ မျက်မှောက်ကာလဝယ် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ပြင်ဆင်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ စသည်တို့ကို ဆန်ပြုတ်အိုးကြီး သောက်သုံးသကဲ့သို့ ပမာပြုတင်စားလိုပါသည်။ တွေးယူကြည့်မိပါသည်။

**စာမျက်နှာ ၇ သို့**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အကြိုဂုဏ်ပြုကဗျာ

## ရွှေ့သို့လှမ်းချီ (၂၁)ရာစုပင်လုံ ညီလာခံဆီ

✻ နိုင်ငံ့ခေါင်းဆောင် ထမ်းဆောင်ရာဝယ်
ကိုယ်ကျင့်တရား ဖြောင့်မတ်ရမည်
နိုင်ငံ့အရေး ဆုံးဖြတ်ရာတွင်
သတိပညာ ရှေ့ဆောင်ရမည်

✻ ခေါင်းဆောင်ကောင်းမှ
နောက်လိုက်ကောင်းမည်
ခေါင်းဆောင်နောက်လိုက် ဟန်ချက်ညီမှ
ပြည်သူပြည်သား ချမ်းသာရမည်

✻ တိုင်းသူပြည်သား လူအများတို့
စည်းကမ်းတကျ ကြိုးစားပါမှ
ကောင်းကျိုးချမ်းသာ တကယ်ရမည်

✻ နိုင်ငံ့တန်ခိုး ဆထက်တိုးဖို့
ပြည်သူစိုးရ လက်တွဲရမည်
တစ်ယောက်အားဖြင့် ဆောင်သော်မရ
အများအားဖြင့် ဆောင်သော်ရ၏

✻ စည်းလုံးခြင်းသည် အင်အားပေမို့
နီးထကြလော့ တို့တိုင်းရင်းသား
ညီရင်းအစ်ကို မောင်နှမတွေ

✻ တစ်အူထုံ့ဆင်း ဆွေမျိုးရင်းသို့
တစ်ယောက်အရေး ရှိလာခဲ့သော်
ကိုယ့်ရေးကဲ့သို့ မှတ်ယူရမည်

✻ ကိစ္စကြီးငယ် ရှိလာခဲ့သော်
တိုင်ပင်ဆွေးနွေး နီးနှောရမည်
တစ်ယောက်အမြင် တစ်ယောက်ပြောလို့
သေချာကျန ဆွေးနွေးရမည်

✻ အများအရေး ဆောင်ရွက်ရာဝယ်
ကိုယ်ကျိုးမဖက် လုပ်ဆောင်ရမည်
နိုင်ငံ့အကျိုး သယ်ပိုးရာဝယ်
ပြည်သူ့အကျိုး ရှေးရှုရမည်

✻ ပြည်ငြိမ်းချမ်းရေး ထူထောင်ရာဝယ်
မေတ္တာတရား ရှေ့ထားရမည်
ပြည့်ညီညွတ်ရေး ကြိုးပမ်းရာဝယ်
သံသယများ ဖယ်ရှားရမည်

✻ ယုံကြည်ချက်များ တည်ဆောက်ရာတွင်
ကတိသစ္စာ တည်ကြည်ရမည်
နှစ်ဦးနှစ်ဖက် ညှိနှိုင်းရာတွင်
သာတူညီမျှ မျှတရမည်

✻ နွားကွဲရင်လေ ကျားဆွဲသည်မို့
မတွေဝေနဲ့ တကယ်ဟုတ်လေ
တိုင်းပြည်အရေး တကယ့်အရေး
ကိုယ့်သွေးချင်းမှ စာနာနိုင်မည်

✻ တကယ်လုပ်လျှင် အဟုတ်ဖြစ်မို့
ဇွဲလုံ့လနဲ့ တကယ်လုပ်မည်
ကိုယ့်အားကိုယ်ကိုး ထမ်းဆောင်နိုင်မှ
လောင်းရိပ်အောက်မှ ကင်းလွတ်လိမ့်မည်

✻ တိုင်းပြည်ငြိမ်းချမ်း ရှိမှသာလျှင်
လူမှုစီးပွား တကယ်တိုးမည်
စီးပွားဥစ္စာ ပေါကြွယ်များမှ
လူတိုင်းပညာ သင်ယူနိုင်မည်
တိုင်းပြည်ပညာ ရှေ့တန်းရောက်မှ
နိုင်ငံတန်ခိုး ဆထက်တိုးမည်

✻ စည်းလုံးခြင်းသည် ပြည်ထောင်စုမို့
ပြည်ထောင်စုဖွား ညီနောင်များကို
မနေးအမြန် ဖိတ်ခေါ်ပါသည်
(၂၁)ရာစုပင်လုံ
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆီ
ယုံယုံကြည်ကြည် တကယ်ပေါင်းမည်

✻ အမြဲမခွဲ တကယ်တွဲ၍
မေတ္တာရှေ့ထား ကရုဏာပွားကာ
အောင်မြင်စေကြောင်း ဆုတောင်းခါခါ
ဆန်းလပမာ အေးမြဖို့ရာ

✻ စုပေါင်းညီညာ အောင်ကြောင်းဖြာဖို့
ကြည်လင်ရွှင်လန်း ဝမ်းပန်းတသာ
ကျန်းမာချမ်းသာ ရှိစေဖို့ရာ
မာနမာန်များ ရှောင်ခါဖယ်မယ်
သက်ဆုံးထိတိုင် လက်တွဲကြလို့
ရှည်မြော်တွေးလို့ ကြံဆောင်ကြမယ်
(ဆောင်ရွက်ကြမယ်)
ပါတီကြီးငယ် မခွဲခြားဘဲ
စေတနာစစ်နဲ့ ကြိုးစားမယ် ကြိုးစားမယ် ကြိုးစားမယ်

**ဇော်ဇော်အောင်** (Peace Smile Land)



# ၂၁ ရာစုပင်လုံမှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု သို့

## ဆေးတက္ကသိုလ်(၁)ရန်ကုန် (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် သြဂုတ် ၂၇**

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၅၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အစီအစဉ်အရ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဦးဇော်ဝေစိုးက ဆေးပညာဘွဲ့ရမောင်မယ်များအား အဓိဋ္ဌာန်ပြုကတိသစ္စာတိုင်တန်းပေးပြီး ရွတ်ဆိုသစ္စာပြုကြကာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဘွဲ့ရမောင်မယ်များအား ဆေးပညာဘွဲ့အပ်နှင်းကြသည်။



ယင်းနောက် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဦးဇော်ဝေစိုးက အမှာစကားပြောကြားသည်။

ယနေ့ (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် **(M.B.B.S)** ဘွဲ့ယူကြသည့် ဘွဲ့ရမောင်မယ် ၅၇၅ ဦးအပါအဝင် ဆေးတက္ကသိုလ်(၁)မှ မွေးထုတ်ပြီးသည့် ဆရာဝန်ပေါင်း ၁၇၉၁၀ ရှိပြီဖြစ်သည်။

ယင်းတို့တွင် ဘွဲ့လွန်ဒီပလိုမာ **(Dip.Med.Sc)** ၁၂၂ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ **(M.Med.Sc)** ၁၂၄ ဦး၊ ပါရဂူဘွဲ့ **(Ph.D)**ခုနစ်ဦး၊ ဆေးလက်တွေ့ပါရဂူဘွဲ့**(Dr.Med.Sc)** ၃၃ ဦးအပါအဝင် ယနေ့ထိ ဘွဲ့လွန်ပညာရှင် ၅၀၆၄ ဦးမွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

ဆေးတက္ကသိုလ်(၁)တွင် လက်ရှိသင်ကြားပို့ချနေသည့် ဘွဲ့လွန်သင်တန်းအမျိုးအစား ၇၉ တန်း ရှိသည်။ ပြင်ပဆရာဝန်များအတွက် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ ဒီပလိုမာအပါအဝင် ဘွဲ့လွန်ဒီပလိုမာသင်တန်း ၁၁ ခု၊ ဆေးပညာမဟာသိပ္ပံသင်တန်း ၃၀၊ ပါရဂူသင်တန်းခုနစ်ခု၊ ဆေးလက်တွေ့ပါရဂူသင်တန်း ၃၁ ခုတို့ဖြစ်သည်။ ၂၀၁၄ ခုနှစ်မှစ၍ သားဖွားမီးယပ်ပညာဒီပလိုမာ၊ ကလေးကျန်းမာရေးဒီပလိုမာ၊ အခြေခံမေ့ဆေးပညာဒီပလိုမာ၊ ဓာတ်မှန်ပညာဒီပလိုမာ၊ ရောဂါဗေဒဒီပလိုမာ၊ အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာ သင်တန်းများတွင် ဝန်ထမ်း၊ ဆရာဝန်များနှင့်အတူ ပြင်ပဆရာဝန်များကိုလည်း လက်ခံသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၇ ပညာသင်နှစ်တွင် ဆေးလက်တွေ့ပါရဂူဘွဲ့များဖြစ်သည့် အပူပိုင်းကူးစက်ရောဂါပညာ၊ စိတ်ကျန်းမာရေးပညာ၊ ဟော်မုန်းရောဂါများအထူးကုပညာ၊ အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုပညာစသည့် ဘွဲ့လွန်သင်တန်းလေးခုတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ ပြင်ပဆရာဝန်၊ ဝန်ထမ်းမဟုတ်သော ဆရာဝန်များ၏ အခန်းကဏ္ဍ၊ ဝန်ထမ်းမဟုတ်သော ဆရာဝန်များ၏ ဘွဲ့လွန်သင်ကြားရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(ဇော်မင်းလတ်)**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် သြဂုတ် ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းနှင့် မကွေးတိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းက ၁၂ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသင်း ၁၃ သင်းဖြင့် ယနေ့မှစ၍ စက်တင်ဘာ ၁၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁)၊ (၂)၊ (၃)တို့၌ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

■

## ဆင့်ပွားသင်တန်းဆင်းပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် သြဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အစီအစဉ်ဖြင့် တရားခံဖမ်းဆီးနည်း(ဆင့်ပွား) သင်တန်း (၃/၂၀၁၆)ကို သြဂုတ် ၁၅ ရက်မှ ၂၆ ရက်အထိ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားရာ အရာရှိနှစ်ဦးနှင့် အခြားအဆင့် ၁၈ ဦးတက်ရောက်ခဲ့သည်။ သင်တန်းဆင်းပွဲကို ယမန်နေ့ကကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုရ ရဲတပ်ဖွဲ့ဝင်သုံးဦးတို့အား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုလက်မှတ်ဆုတံဆိပ်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးနည်း(ဆင့်ပွား) သင်တန်းဆင်းပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ထူးချွန်ဆုရ ရဲတပ်ဖွဲ့ဝင်သုံးဦးအား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များကို ခရိုင်ရဲတပ်ဖွဲ့မှူးက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းများမှ ဖမ်းဆီးနည်းပညာရပ် (၂၀)ကျော်အနက် "ရပ်လျက် မသက်ာတရားခံဖမ်းဆီးနည်း"၊ "တုတ်၊ ဒိုင်းကို အသုံးပြုပြီး အရေးကြီးတရားခံ သတင်းရဖမ်းဆီးနည်း"၊ "တရားခံက ဓားအတိုဖြင့် ထိုးနှက်သည့်အခါ ဖမ်းဆီးနည်း"နှင့် "တရားခံက ဓားအရှည်ဖြင့် လည်ပင်းအား ခုတ်သောအခါ ဖမ်းဆီးနည်း" တို့ကို သင်တန်းနည်းပြဆရာ ရဲအုပ် ဇော်မင်းဦးနှင့် နည်းပြဆရာ ဒုတပ်ကြပ် ထွန်းရဲကိုတို့က သင်တန်းသားများနှင့်အတူ ပြန်လည်သရုပ်ပြသခဲ့ကြောင်း သိရသည်။

**(၆၈၄)**

**စာမျက်နှာ ၆ မှ**

တိုင်းရင်းသားအားလုံး စည်းလုံးမှု၊ ညီညွတ်မှု၊ လှို့လဥသဟဖြင့် မြန်မာပြည်လွတ်လပ်ရေးကြီးကို အရယူခဲ့သော ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ကြီးကို အမြတ်တနိုး ရင်ဝယ်ထွေးပိုက်ကြလို့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အမှူးပြုသော ကိုယ်စားလှယ်အဖွဲ့ကတော့ဖြင့် ငြိမ်းချမ်းရေးဆန်ပြုတ်အိုးကြီး၏ တစ်ဖက်တွင် အသင့်နေရာယူထားပြီး ဖြစ်နေပါပြီ။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) တွင် လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပါအဝင် အားလုံးသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆန်ပြုတ်အိုးကြီး၏ အခြားတစ်ဖက်တွင် မျက်နှာချင်းဆိုင်နေရာယူ၍ ငြိမ်းချမ်းရေးအာဟာရဆန်ပြုတ်ကို နှစ်ဦးနှစ်ဖက်အပြန်အလှန်တိုက်ကျွေးကြခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဝဝဖြိုးဖြိုးစည်စည်ပင်ပင် ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ချစ်ခင်ပျော်ရွှင်စွာဖြင့် အသက်ရှည်ရှည် ခင်ခင်မင်မင် ရှေးကထက်ပိုချစ်ကြဖို့အရေး အလေးအနက် တွေးဆဆင်ခြင်မိပါသည်။

မေတ္တာဟူသည် အလျားအနံမရှိသော်လည်း အသွားအပြန်ရှိသည်ဟု ဆိုရိုးစကားရှိပါသည်။ ငြိမ်းချမ်းရေးကား ယင်းသို့မဟုတ်၊ နိုင်ငံတော်၏ တစ်နံတစ်လျားလုံးတွင်တည်သည်၊ ထက်အောက်စုန်ဆန် အသွားအပြန် ဘေးနံတွေပါ သက်ရောက်မှုရှိသည်၊ ငြိမ်းချမ်းရေးသန္ဓေတွင် သစ္စာနှင့် မေတ္တာကိန်းအောင်း၏ဟု ရဲရဲကြီး ကျွန်တော်ယူဆပါသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မျှော်လင့်တောင့်တနေသော ငြိမ်းချမ်းရေး၊ ကမ္ဘာ့ပြည်သူတစ်ရပ်လုံး လည်တဆန့်ဆန့် ငံ့လင့်နေကြသော ငြိမ်းချမ်းရေးကြီးအတွက် ငြိမ်းချမ်းရေးမဟာကဗျာစာဆိုကြီး အဘိုးသခင်ကိုယ်တော်မှိုင်းရေးဖွဲ့သည့် မေတ္တာပတ္တနာ လေးချိုးကြီးပါ အောက်ပါလင်္ကာစုဖြင့် ငြိမ်းချမ်းရေးကို အလေးအနက်ဦးညွှတ်၍ တောင်းဆိုလိုက်ပါသည်။

**ဇရာတန်းပေမို့နော-**
**သာခန်း သမထကိန်းတွေနှင့်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကြီးအစစ်အမှန်**
**ကေန်ဖြစ်စေကြောင်းရယ်နဲ့၊**
**ကုသလမွှာ၊ ကုသလာမွှာ၊ ဆုပတ္တနာလို့တောင်းလိုက်ပါရဲ့-**
**အမယ်မင်း သောင်းမြန်မာ့ အရှေ့ပရမေထီးတွင်ဖြင့်-**
**"ဩ" အလောင်းဘုရား ပြကတေ့နှင့် - တကောင်းအစ**
**ပထမကဲ့သို့ ၊**
**အို-ကျောင်းအစ်မရဲ့ - ဒေါင်းကစ၍ တွန်စေသတည်း ။ ။**

ကိုးကား

၁။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းလေးချိုးပေါင်းချုပ်။
၂။ ဦးကောဝိဒ(ဝစီပိတ်ဆရာတော်)၏ ငြိမ့် -ငြိမ်-ငြိမ်း. . ဓမ္မစာစုများ။
၃။ ၂၈-၄-၂၀၁၆ နေ့ထုတ် ကြေးမုံသတင်းစာ။

## မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ကျိုက်မရော သြဂုတ် ၂၇**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ကြီးကြပ်စီစဉ်မှုဖြင့် မူးယစ်ဆေးဝါးပညာပေးနယ်လှည့်ရွှေ့လျားစာကြည့်တိုက်(ယာဉ်)နှင့် မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်တို့တွင် ဆက်တိုက်ကျင်းပလျက်ရှိသည်။

ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့မှူး၏စီစဉ်ကြီးကြပ်မှုဖြင့် သြဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့က ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာသို့ မူးယစ်ဆေးဝါးပညာပေး နယ်လှည့်စာကြည့်တိုက်ယာဉ်ရောက်ရှိခဲ့ရာ ချောင်းနှစ်ခွရဲစခန်းမှူး ရဲအုပ် အေးမင်းငြိမ်းနှင့် တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအသိပညာပေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတို့ကို အခြေခံပညာအထက်တန်းကျောင်းများရှေ့၊ ဈေးရှေ့လူစည်ကားသည့်နေရာများတွင် အသိပညာပေးဟောပြောပွဲများကျင်းပပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ရဲတပ်ဖွဲ့)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားပုထိုးများအား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၇**

ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားပုထိုးများအား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက တိုင်း/တပ်မများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ လှူဒါန်းသည့် ငွေကျပ် သိန်း ၇၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် Gate Way ကုမ္ပဏီက ငွေကျပ် သိန်း ၄၀၀၀၊ KBZ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၁၀၀၀၊ Max ရောဝတီဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၁၀၀၀၊ ထူးကုမ္ပဏီက ငွေကျပ် သိန်း ၅၀၀ တို့အပါအဝင် အလှူရှင်များက ငွေကျပ် ၁၀၂၈၅ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗူးဘုရား၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ စူဠာမဏိဘုရားတို့အား ဖူးမြော်ကြည်ညိုပြီး ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စူဠာမဏိဘုရားတွင် အပျက်အစီးများအား ကူညီဖယ်ရှား ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးနေသည့် ပရဟိတအဖွဲ့များအတွက် အလှူငွေ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညောင်ဦးမြို့ရှိ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော ပုဂံဘုရားများအား လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

---

❒ **စာမျက်နှာ ၅ မှ**

ဘာတွေ ပြင်ဆင်ထားသည်ကို သိလိုကြောင်း မေးမြန်းမှုကို ဖြေကြားရာတွင် မြန်မာနိုင်ငံ၏ သာယာလှပမှုကို အများသိအောင် ကြေညာရမည်ဖြစ်ပါကြောင်း၊ လူများများ သိအောင် လုပ်နိုင်လေ အကျိုးကျေးဇူးအဖြစ် နိုင်ငံခြားသားခရီးသွားဧည့်သည်များ များလာမည် ဖြစ်ပါကြောင်း။

**ဝန်ကြီးဌာနက လုပ်ဆောင်နေ**

ထိုသို့လုပ်ရန်အတွက် မီဒီယာများ၊ TV များ၊ ရုပ်သံလွှင့်များမှ ကြေညာခြင်းများ၊ တခြားနိုင်ငံများတွင် လိုက်လံ၍ Promotion လိုက်လံဆွေးနွေးခြင်းများ၊ ဟောပြောခြင်းများ၊ တခြားနိုင်ငံများတွင်ကျင်းပသည့် ခရီးသွားမြေပုံများ၊ Travel Show များ သွားပြခြင်းများအားလုံး အများကြီး လုပ်ရမည်ဖြစ်ပါကြောင်း၊ သည်လုပ်ငန်းစဉ်အားလုံးကို ဝန်ကြီးဌာနက လုပ်ဆောင်နေပါကြောင်း၊ အရင်ကလည်း လုပ်ခဲ့ပြီး ယခုဒီထက်တိုး၍ လုပ်နေပါကြောင်း၊ အချိန်တစ်ခု ရောက်လာသည့်အခါ မြန်မာအကြောင်း ကမ္ဘာကများများသိပြီး ဧည့်သည်များများ ပိုလာမည်ဖြစ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ**

ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများမှာ ဧည့်သည်များများလာမည်ဖြစ်သည့်အတွက် အိမ်သာ၍ ဧည့်လာခြင်းဖြစ်သဖြင့် အိမ်ရှင်နိုင်ငံကလည်း မိမိ၏ တာဝန်ဝတ္တရားများ ကျေပွန်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံခြားသားများတွင်သာ do and don’t မဟုတ်ဘဲ ပြည်သူများဘက်ကလည်း နိုင်ငံခြားသားများအပေါ် နွေးထွေးပျူငှာသည့်၊ ဧည့်ဝတ်ကျေပွန်သည့် လုပ်ငန်းစဉ်များရှိရန်အတွက် လုပ်ရမည့်အပြင် နိုင်ငံခြားသားများနေထိုင်မည့် ဟိုတယ်များ၊ မော်တော်ကားများ၊ လေယာဉ်ပျံများ၊ စားမည့် စားသောက်ဆိုင်များကလည်း အကောင်းဆုံးသော ဝန်ဆောင်မှုများ ပေးနိုင်ရန် လုပ်ရဦးမည်ဖြစ်ပါကြောင်း၊ Quality Service များ ဖြစ်ရန်အတွက် သင်တန်းများပေးခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လုပ်ရမည်ဖြစ်ပါကြောင်း၊ တချို့သောနေရာများတွင် သက်ဆိုင်ရာ facility များ ဖြည့်စွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုတည်း လုပ်၍ရသည်မဟုတ်ဘဲ ဆက်စပ်နေသည့်ဌာနများအားလုံးနှင့် ပေါင်းစပ်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ဝန်ကြီးဌာနတွင် ဓာတ်လှေကားတပ်ဆင်ထားမှု**

ဝန်ကြီးဌာနတွင် ဓာတ်လှေကားတပ်ဆင်ထားမှုနှင့် ပတ်သက်၍သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ယနေ့ ဓာတ်လှေကားများ၊ စက်လှေကားများသည် နိုင်ငံတကာတွင် အလွယ်တကူအသုံးပြုနေသည့် facility များပင် ဖြစ်ပါကြောင်း၊ ယင်းသို့တပ်ဆင်မှုအတွက် ဘတ်ဂျက်တွင် မပါဝင်ပါကြောင်း၊ သို့သော် လုပ်ငန်းဆောင်ရွက်နိုင်ရန် အလှူရှင်ပေါ်ပေါက်လာသည့်အတွက် အဆိုပါအဖွဲ့၏ လှူဒါန်းမှုဖြင့် တပ်ဆင်ရန် သက်ဆိုင်ရာအထက်အဖွဲ့အစည်းများကို တင်ပြပြီး ခွင့်ပြုချက်အရ တပ်ဆင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဓာတ်လှေကားသည် နိုင်ငံတော်ပိုင် တစ်နည်းအားဖြင့် ဝန်ကြီးဌာနပိုင်ပစ္စည်းအဖြစ် ဌာနပိုင်စာရင်းထဲ ထည့်သွင်းမည်ဖြစ်ကြောင်း၊ အလှူရှင်မှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအသင်းချုပ်က လှူဒါန်းခြင်းဖြစ်ပြီး ကုန်ကျငွေမှာ ခန့်မှန်းခြေ ဒေါ်လာ သုံးသောင်းခန့်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကျိုက်ထီးရိုးစေတီတော်တွင် ရိုးရိုးလေးဟိုတယ်က ခွင့်ပြုချက်မယူဘဲ ဟိုတယ်ခန်းများ တိုးချဲ့ဆောက်လုပ်ထားခြင်းဖြစ်သည့်အတွက် လုပ်ငန်းလိုင်စင်ရုပ်သိမ်းလိုက်ခြင်းဖြစ်၊ လုပ်ထုံးလုပ်နည်းအရ အကြောင်းကြားစာကိုရရှိသည့် တည်းခိုခန်း၊ ဟိုတယ်ပိုင်ရှင်က လိုက်နာဆောင်ရွက်ရမည်ဖြစ်၊ လိုက်နာခြင်း ရှိ/မရှိကို ပြန်လည်စိစစ်မည်ဖြစ်၊ မှန်ကန်ခြင်း ရှိ/မရှိ စိစစ်ပြီး လိုက်နာခြင်းမရှိပါက တွန်းအားပေးဆောင်ရွက်သွားမည်

**အခန်းများ ဆက်လက်ငှားရမ်းလုပ်ကိုင်နေ**

ကျိုက်ထီးရိုးစေတီတော်တွင် ရိုးရိုးလေးဟိုတယ်က ခွင့်ပြုချက်မဲ့ အဆောက်အအုံများ ဆောက်လုပ်ထားသည့်အတွက် လိုင်စင်ဖျက်သိမ်းထားသော်လည်း လက်ရှိတွင် အခန်းများ ဆက်လက်ငှားရမ်းလုပ်ကိုင်နေမှုကို သိရှိမှုရှိ/မရှိနှင့် သိပါက ဘယ်လိုဆက်လက်အရေးယူမည်ဆိုသည်ကို သိလိုကြောင်းမေးမြန်းချက်ကို ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ခွင့်ပြုချက်မယူဘဲ ဟိုတယ်ခန်းများ တိုးချဲ့ဆောက်လုပ်ထားခြင်းဖြစ်သည့်အတွက် လုပ်ငန်းလိုင်စင်ရုပ်သိမ်းလိုက်ခြင်းဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းအရ အကြောင်းကြားစာကိုရရှိသည့် တည်းခိုခန်း၊ ဟိုတယ်ပိုင်ရှင်က လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လိုက်နာခြင်း ရှိ/မရှိကို ပြန်လည်စိစစ်မည်ဖြစ်ပါကြောင်း၊ မှန်ကန်ခြင်း ရှိ/မရှိ စိစစ်ပြီး လိုက်နာခြင်းမရှိပါက တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ခရီးသွားလာမှု တိုးတက်အောင် လုပ်ဆောင်ထားမှုများ**

ပုဂံဒေသတွင် ငလျင်လှုပ်မှုကြောင့် ဘုရားစေတီပုထိုးများ အတော်များများပြိုပျက်သွားသည့်အတွက် ခရီးသွားလာခွင့် အနေအထားဘယ်လိုရှိမည်၊ မြန်မာနိုင်ငံသို့ ခရီးသွားလာမှု များပြားလာရန်အတွက် ဝန်ကြီးဌာနက ဘယ်လိုအဆင့်မြှင့်တင်ပြီး ခရီးသွားလာမှုတိုးတက်အောင် လုပ်ထားသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က မြန်မာနိုင်ငံ ငလျင်သတင်းကို ပြည်ပတွင်လည်း အထိုက်အလျောက် စိတ်ဝင်စားမှုရှိနိုင်ပါကြောင်း၊ သို့သော် ပြိုပျက်မှုမှာ ဥပမာ အီတလီနိုင်ငံနှင့် နှိုင်းယှဉ်လိုက်လျှင် မိမိတို့ တစ်ရက်တည်းနီးပါး ငလျင်လှုပ်ခဲ့သော်လည်း သူတို့တွင် လူပေါင်းများစွာ သေဆုံးခဲ့သော်လည်း မိမိတို့တွင် ဆယ်ဂဏန်းကျော်သည်အထိ မဖြစ်ပေါ်ခဲ့သလို နိုင်ငံခြားသားသေဆုံးမှုလည်း ခုချိန်ထိမရှိခဲ့ပါကြောင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ပုံရိပ်အပေါ် ဆိုးရွားသွားမည့်အခြေအနေ မရှိနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဈေးကွက်ရောင်းချနေသည့် အဖွဲ့အစည်းများအား ရှင်းလင်းချက်များ ယမန်နေ့က ထုတ်ပြန်ခဲ့ပါကြောင်း၊ ပုဂံတွင် ခရီးစဉ်ဒေသကို အန္တရာယ်မရှိအောင် လမ်းညွှန်များ လုပ်ထားပါကြောင်း၊ နိုင်ငံခြားသားများကိုလည်း ချက်ချင်းသတင်းပေးနိုင်ရန် ဘာသာစကားကျွမ်းကျင်သူနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ပေးထားပါကြောင်း၊ ပုဂံငလျင်လှုပ်ခြင်းကြောင့် မကြာခင် ရောက်လာမည့် ခရီးသွားရာသီတွင် ကြီးမားသည့် အဆုံးအရှုံးထိခိုက်မှု၊ ခရီးသည်လျော့ပါးသွားမှုမရှိနိုင်ဟု သုံးသပ်ပါကြောင်း။

**ADB က ၂၀၁၈ နောက်ပိုင်း ဒေါ်လာ ၄၅ သန်းခန့်ကို ထောက်ပံ့ပေးမည့် အစီအစဉ်ရှိ**

Culture Tourism တစ်ခုတည်းမကဘဲ Tourism Type များစွာရှိပါကြောင်း၊ တီထွင်နိုင်သလောက် ရှိနေသည့် ခရီးသွားများဖြစ်သည့်အတွက် တီထွင်နိုင်သလောက်သော ခရီးသွားလုပ်ငန်းစဉ်အားလုံးသည် နိုင်ငံအတွင်းမှာ ဆောင်ရွက်နိုင်စွမ်းရှိပါကြောင်း၊ ADB သည် နောက်မကြာခင် ၂၀၁၈ နောက်ပိုင်းတွင် မြန်မာနိုင်ငံကို ခရီးသွားကဏ္ဍနှင့်ဆက်စပ်သည့် လုပ်ငန်းစဉ်များအားလုံးအတွက် ဒေါ်လာ ၄၅ သန်းခန့်ကို ထောက်ပံ့ပေးမည့် အစီအစဉ်များလည်း ကမ်းလှမ်းချက်များရှိပါကြောင်း ဖြေကြားသည်။

**ဝန်ကြီးဌာနအသစ်**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအယ်လ်တူးမိန်းဂေါင်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှာ အသစ်ဖြစ်သည့်အတွက် အခက်အခဲများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှု၊ တိုင်းရင်းသားဒေသများတွင် ကလေးများ တိုင်းရင်းသားဘာသာစကားကို တရားဝင်သင်ကြားခွင့်တို့နှင့်ပတ်သက်သည့်မေးခွန်းကို ဖြေကြားရာတွင် ဝန်ကြီးဌာနအသစ်ဖြစ်သည့်အတွက် ဝန်ထမ်းမရှိ၊ ဘတ်ဂျက်မရသေးစသည်ဖြင့် အခက်အခဲများ ရှိသော်လည်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဝန်ကြီးမှာ UPDJC အဖွဲ့ဝင်အဖြစ် ပါဝင်ပါကြောင်း၊ မွန်အမျိုးသားဝတ်စုံပေါ်ပေါက်လာရေးအတွက် ကမကထပြုလုပ်သည့်အဖွဲ့တွင်လည်း ဝန်ကြီး နိုင်သက်လွင်က အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

**တိုင်းရင်းသားစာပေ သင်ကြားခွင့်**

စာပေ၊ ယဉ်ကျေးမှုနှင့် ပတ်သက်ပြီး တိုင်းရင်းသားဒေသများမှ ကလေးများ တိုင်းရင်းသားစာပေသင်ကြားခွင့် မရရှိသည့်ကိစ္စနှင့်ပတ်သက်ပြီး ယနေ့ လွှတ်တော်တွင် မေးမြန်းသည့်အခါ ပညာရေးဝန်ကြီးဌာနက ဖြေကြားပြီး သက်ဆိုင်ရာမီဒီယာများလည်း သိရှိပြီးဖြစ်ပါကြောင်း၊ သည်ကိစ္စကို ပညာရေးဝန်ကြီးဌာနက ထဲထဲဝင်ဝင် ဆောင်ရွက်နေပါကြောင်း၊ စိန်ခေါ်မှုများလည်းရှိပါကြောင်း၊ မိမိတို့နိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ အင်မတန်များပြားပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်ဟု ပါရှိပြီးဖြစ်ပါကြောင်း။

**အများသုံးဘာသာစကား**

မြန်မာနိုင်ငံတွင် ဗမာစကားသည် အများသုံးဘာသာစကားဖြစ်ပါကြောင်း၊ မိမိသည် ကချင်လူမျိုး ဖြစ်ပါကြောင်း၊ အကယ်၍ မိမိ ဗမာစကားမတတ်လျှင် ယခုအခမ်းအနားသို့ လာရောက်၍မရနိုင်ပါကြောင်း၊ မည်သူ့ကိုမျှလည်း Communicate လုပ်လို့မရနိုင်ပါကြောင်း၊ တိုင်းရင်းသားလူငယ်လေးများ ပြည်ထောင်စုအတွင်း ဝင်ဆံ့လာနိုင်ရေးအတွက် အခြေခံပညာမူလတန်းအဆင့်တွင် စသင်ကြားသည့်အခါ ကျောင်းစာကို လိုက်နိုင်အောင်လုပ်ရပါကြောင်း၊ နဂိုကမှ ဗမာစကားမတတ်လျှင် ဘာသာရပ်ဆိုင်ရာ နားမလည်သည့်အတွက် ပိုဆိုးနိုင်ပါကြောင်း၊ မိမိတို့ မြန်မာလူမျိုးများ နိုင်ငံခြားသွားပြီး ပညာသင်သည့်အခါ ဘာသာရပ်ကို နားမလည်လျှင်၊ အင်္ဂလိပ်လိုမတတ်လျှင် သင်ကြားရခက်ခဲသည့်သဘောမျိုးနှင့် အတူတူပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားဘာသာစကားတတ်သည့် ဆရာမက ကလေးများအား သူတို့ဘာသာစကားဖြင့် သင်ကြားနိုင်သလို ဗမာလိုလည်း ညှပ်ပြောနိုင်မည် ဖြစ်ပါကြောင်း၊ ထိုအခါ ဗမာစကားကို နားရည်ဝပြီး မူလတန်းအဆင့်မှ အလယ်တန်းသို့ ဆက်တက်နိုင်ပါကြောင်း၊ ယင်းမှ တစ်ဆင့် အင်္ဂလိပ်လို ဆက်သင်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

❐ ငလျင်ဒဏ်သင့်မှ

ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့အဖွဲ့အနေနဲ့ ကာကွယ်စောင့်ရှောက်မှုတွေလုပ်နိုင်ဖို့ ကွင်းဆင်းလာ ကြတာပါ။ ကျွန်မတို့နဲ့အတူ ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်တွေနဲ့လာကြပါတယ်။ ကျွန်မတို့ရဲ့အတွေ့အကြုံအရပေါ့။ အရေးပေါ် ထိန်းသိမ်းစောင့်ရှောက်မှုမှာ ဘာတွေလုပ်ပေးရမလဲဆိုတာ ပြင်ဆင်ဖို့အတွက် ထောက်ကူပံ့ပိုးပေးပါတယ်။ ဘုရားပေါ်မှာ ကျိုးပဲ့ထားတဲ့ အပိုင်းအစတွေ သယ်ဆောင်ဖို့အတွက် စီစဉ်ခဲ့ပါတယ်။ အပေါ်က ချလာတဲ့ ပစ္စည်းတွေကို စနစ်တကျနဲ့ ထိန်းသိမ်းနိုင်ဖို့နဲ့ အပေါ်ပေါက်တဲ့နေရာမှာ မိုးကာ စတွေ အုပ်နိုင်ဖို့ ဝိုင်းဝန်းဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ပျူမြို့ဟောင်းများစောင့်ရှောက်ရေးအဖွဲ့အနေနဲ့ ဘယ်ပစ္စည်းကတော့ အုတ်အကျိုးအပဲ့တွေ၊ ဘယ်ပစ္စည်းကတော့ အင်္ဂတေ ပန်းတော့လက်ရာတွေ၊ ဘယ်အရာကတော့ ကျောက်ပန်းတမော့လက်ရာတွေ ဆိုတာကို သေသေချာချာသပ်သပ်ရပ်ရပ်နဲ့ စုပုံထားမယ်။ ဒါတွေကို မှတ်တမ်းယူပြီး သုတေသနပြုမယ်။ ပြန်လည် ထိန်းသိမ်းတဲ့အခါမှာလည်း သေချာတပ်ဆင်ဖို့အတွက် လိုအပ်လာမယ်။ အဲဒါတွေကို စနစ်တကျရှိဖို့ ပျူမြို့ဟောင်းများထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြပါတယ်။

မြန်မာနိုင်ငံအတွက် ဘယ်လောက်အထိ ထိခိုက်နစ်နာသလဲဆိုရင် မြန်မာနိုင်ငံမှာ ယဉ်ကျေးမှုအမွေအနှစ်တွေက ကြေးခေတ်၊ သံခေတ်တွေကတည်းက ရှိခဲ့ပါတယ်။ ပျူဆိုတာကတော့ ဗုဒ္ဓဘာသာကို အခြေခံတဲ့ နိုင်ငံတွေ တည်ထောင်နိုင်ခဲ့တဲ့ ခေတ်ဆိုပြီးတော့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ ဒီခေါင်းစဉ်နဲ့ ဝင်ခဲ့တာပါ။ သမိုင်းတန်ဖိုးလည်း အင်မတန်ကြီးပါတယ်။ လူမှုရေးသမိုင်း၊ ဘာသာရေးသမိုင်း၊ ယဉ်ကျေးမှုသမိုင်းတင်မကဘဲ ပုဂံဆိုတာဟာ ပျူခေတ်နောက်ပိုင်းမှာ ဆက်လက်ဖွံ့ဖြိုးတိုးတက်ခဲ့တဲ့ ခေတ်အဆက်ဆက်မှာ ဖွံ့ဖြိုးတိုးတက်ဆုံး၊ အကြွယ်ဝဆုံးလို့လည်း ပြောလို့ရပါတယ်။ ဘာလို့လဲဆိုရင် ဘာသာရေးနဲ့ပတ်သက်ပြီး အစွမ်းကုန်လုပ်ခဲ့ကြတယ်။ စာပေ၊ ယဉ်ကျေးမှုစတာတွေကို အမြင့်ဆုံးရောက်အောင် လုပ်ခဲ့ကြတယ်။ ပုဂံပဲဖြစ်ဖြစ်၊ ရခိုင်မှာရှိတဲ့ မြောက်ဦးဒေသပဲဖြစ်ဖြစ် ဘယ်လိုမှ ပျက်စီးဆုံးရှုံးလို့မရပါဘူး။

ပုဂံကနေ အရင်တုန်းက ဘာသာသက်ဝင်မှု ဘယ်လောက်အထိ ရှိခဲ့တယ်ဆိုတာကို ပြောပြနိုင်တယ်။ မြို့ပြနိုင်ငံအဖြစ် ထွန်းကားခဲ့ပြီးတော့ ယဉ်ကျေးမှုတွေ အထွတ်အထိပ်ရောက်ခဲ့တယ်။ ပန်းဆယ်မျိုးအနုလက်ရာတွေ ဘယ်လောက်အထိ ရှိခဲ့တယ်၊ ဒါတွေ ပျက်စီးသွားခဲ့ရင် ဗိသုကာလက်ရာတွေ ပျောက်ဆုံးမယ်။ အနုလက်ရာတွေပျောက်ဆုံးမယ်။ အထိခိုက်ခံလို့ မရတဲ့အတွက်ကြောင့် အခုလက်ရှိပျက်စီးနေတဲ့ အမွေအနှစ်တွေကို ဒီထက်ပိုပြီး မပျက်စီးစေဖို့အတွက် အရေးပေါ်ကာကွယ်ရမယ့် အပိုင်းကို အရင်လုပ်နေပါတယ်။ နောက်တစ်ဆင့်ကတော့ ပျက်စီးထားတဲ့ဟာတွေ ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် ထိန်းသိမ်းရေးတွေ ဆောင်ရွက်ရပါမယ်။ မပျက်စီး မဆုံးရှုံးသေးတဲ့ အဆောက်အအုံတွေကိုလည်း ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် ဘယ်လိုတွေ ထိန်းသိမ်းရမလဲ ဆိုတာကို ဆောင်ရွက်ရပါမယ်။ ပုဂံရဲ့ ဆုံးရှုံးမှုဟာ ကျွန်မတို့ လူမျိုးအတွက် သမိုင်းဘာသာ၊ သာသနာ ဆုံးရှုံးမှု ဖြစ်ပါတယ်။



ဒေါ်စန္ဒာခင်။



ဒေါက်တာ စိုင်းကျော်ဇော။



ဦးဝင်းတင့်။

ငလျင်ကြောင့် စေတီပုထိုးပေါင်း ၃၀၀ ကျော် ပျက်စီးခဲ့တဲ့အထဲမှာ တကယ်တန်ဖိုးရှိတဲ့ စေတီပုထိုးတွေကို ဦးစားပေးပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စူဠာမဏိဘုရားဆိုရင်လည်း ဗိသုကာပညာရပ်အတွက်ပဲဖြစ်ဖြစ်၊ ကျောက်ဆစ်လက်ရာတွေ၊ စဉ့်ကွင်းစဉ့်ချပ်တွေ၊ ရှားပါးပြီးလက်ရာမြောက်လှတဲ့ တန်ဖိုးတွေကို မဆုံးရှုံးရအောင် တတ်စွမ်းတဲ့ဘက်ကနေ ပါဝင်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

အခုချိန်မှာ ပြည်သူတွေအနေနဲ့ ဝင်ရောက်ဖူးမြော်ခြင်းထက် ရေရှည်ကြံ့ခိုင်ဖို့အတွက် အဝေးကနေ မေတ္တာပို့ဆုတောင်းပေးခြင်းဟာ ထိန်းသိမ်းရာလည်းရောက်သလို ဗုဒ္ဓဘာသာကို ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် ဆုတောင်းပေးရာလည်းရောက်ပါတယ်။ ကိုယ့်ရဲ့စိတ်အာရုံကသာ အဓိက ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာ စိုင်းကျော်ဇော**
**မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ**

ပထမပိုင်းအနေနဲ့ အထက်ပစ္စယံမှာ ကျန်ရှိနေတဲ့ အရာတွေကို အရင်ဖယ်ရမယ်။ မဖယ်ခဲ့လို့ အောက်ကို ပိလာခဲ့ရင် အောက်ပါဆက်ပြီး ပြိုသွားမှာစိုးလို့ ဒီပစ္စည်းတွေ ချဖို့အတွက် လုပ်ဆောင်နေပါတယ်။ အပေါ်မှာ တင်ကျန်နေတဲ့ဟာတွေက အလေးချိန်တွေ များနေလို့ စက်ယန္တရားတွေ ဝင်လို့မရတဲ့အတွက် ငြမ်းဆင်ပြီး ဆောင်ရွက်နေရတာဖြစ်တယ်။ အခုဖြစ်နေတဲ့ အပေါက်ကြီးကို မိုးကာကာဖို့ လုပ်နေပါတယ်။ တကယ်လို့ မိုးရွာခဲ့ရင် ဒီပေါက်နေတဲ့ အပေါ်ထဲကို ဝင်သွားတာနဲ့ တစ်ပြိုင်နက်နဂိုရှေးဟောင်းအရာတွေဟာ တဖြည်းဖြည်းနဲ့ ပြိုကျပျက်စီးသွားနိုင်တယ်။ ထပ်မပြိုအောင် အမြန်ဆုံးဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

မနေ့က ပြုလုပ်တဲ့အစည်းအဝေးမှာ အလှူငွေတွေကို အရင်လိုမဖြစ်အောင်လို့ သက်ဆိုင်ရာ မြို့နယ်တိုင်းမှာရှိတဲ့ ဘဏ်တွေမှာ ပုဂံဘုရားများ ပြုပြင်ရေးအတွက် အလှူငွေထည့်လိုက်ရင် ပုဂံမှာရှိတဲ့ ရှေးဟောင်းအမွေအနှစ်အတွက် ဖွင့်ထားတဲ့ ဘဏ်အကောင့်တစ်ခုရှိပါတယ်။ ကမ္ဘောဇဘဏ်မှာ ထားထားပါတယ်။ ဘဏ်အကောင့်ထဲကို မထည့်ဝင်နိုင်ဘူးဆိုရင်လည်း ဘဏ်တွေမှာ အလှူခံပုံးတွေထားရှိထားပါတယ်။ ဒါကလည်း အနယ်နယ်အရပ်ရပ်က ပြည်သူတွေ လှူနိုင်အောင်လို့ပါ။

ယူနက်စကို အဖွဲ့ကတော့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းကို လာပြီး သုံးသပ်လေ့လာတာပါ။ ဘယ်လိုပြုပြင်ရမလဲဆိုတာကို လိုက်ပြီးလေ့လာတဲ့ အပိုင်းပါ။ ကမ္ဘာ့ဘဏ်ကတော့ နည်းပညာ၊ ငွေကြေးနဲ့ လိုအပ်တဲ့ ပစ္စည်းတွေ ဘယ်လိုထောက်ပံ့ပေးရမလဲဆိုတာ ညှိနှိုင်းဆဲပါ။ ပုဂံဒေသမှာ ရှိတဲ့အဖွဲ့အစည်းတွေကို အဓိကဦးစားပေးပါတယ်။ သူတို့က ပိုပြီးတော့ ပုဂံရဲ့ရှေးဟောင်းလက်ရာတွေကို မြတ်နိုးတဲ့အတွက်ကြောင့်ဖြစ်တယ်။

ကျွန်တော်တို့ဆိုရင် အနုပညာဆန်တဲ့ ရှေးဟောင်းပုဂံကိုပဲ မြတ်နိုးပါတယ်။ ခေတ်သစ်ပုဂံ မဖြစ်စေချင်ပါဘူး။ ပုဂံဟာ ပုဂံသားတွေရဲ့အသည်းနှလုံးဖြစ်သလို ကမ္ဘာအရပ်ရပ်ကလည်း ပိုပြီးစိတ်ဝင်စားပြီး လာရောက်ဖို့ ကြိုတင်စာရင်းပေးနေတာတွေလည်း ရှိပါတယ်။ သူတို့လာတဲ့အချိန်မှာ ဝင်ထွက်လို့မရမှာကိုသာ စိုးရိမ်တယ်။ ဒါ့ကြောင့် တတ်နိုင်သမျှ မပြိုမပျက်နိုင်တဲ့အဆင့်ဖန်တီးပြီးတော့မှပဲ ကြည့်ရှုလို့ရအောင် ဆောင်ရွက်ပေးချင်ပါတယ်။

**ဦးဝင်းတင့် (ညွှန်ကြားရေးမှူးချုပ်)**
**အဆောက်အအုံဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားတဲ့ အဓိကဘုရားစေတီ ခြောက်ဆူကို ပြင်ဆင်ဖို့ မိုးရာသီဖြစ်နေတဲ့ အတွက် မိုးရေကြောင့် ပျက်စီးသွားတဲ့အပိုင်းတွေထဲ ဝင်မသွားအောင်လို့ အမိုးအကာပြုလုပ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အခုဆိုရင် စူဠာမဏိဘုရားကြီးရဲ့ အပေါ်ပိုင်းပျက်စီး သွားတဲ့ အပေါက်ကြီး အမြန်ဆုံးကာနိုင်အောင် ဆောင်ရွက်နေပါတယ်။ ပျက်စီးသွားတဲ့ အပိုင်းအစတွေကို စနစ်တကျဖယ်ရှားဖို့လိုတဲ့အတွက် ကျွမ်းကျင်တဲ့အဖွဲ့တွေရော၊ ပရဟိတအဖွဲ့တွေရော စုစုပေါင်း လုပ်သားအင်အား ၂၅၀ ကျော်နဲ့ ဆောင်ရွက်နေပါတယ်။ ကြံ့ခိုင်မှုအပိုင်းမှာရော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ငလျင်ပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ ဗိသုကာကောင်စီ စတဲ့ ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ စုပေါင်းပြီးလုပ်ဆောင်နေပါတယ်။

ဆောက်လုပ်ရေးဦးစီးဌာနအနေနဲ့ ငလျင်ကြောင့် အက်ကွဲသွားတဲ့ အက်ကြောင်းတွေရဲ့ အတိမ်အနက်တွေကို ငလျင်လှုပ်တဲ့အခါမှာ ဘယ်လောက်ကျယ်ပြန့်သွားသလဲ၊ ဘယ်လိုပျက်စီးသွားတယ်ဆိုတာ တိုင်းတာနေပါပြီ။ ယူနက်စကိုက ပညာရှင်တွေ၊ ရှေးဟောင်းသုတေသနက ပညာရှင်တွေ ပူးပေါင်းပြီးတော့ ရှေးမူမပျက် ဘယ်လိုပြင်ဆင်မလဲအချိန်ပေးဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပုဂံငလျင်ကြောင့် ပျက်စီးသွားတဲ့ ဘုရားတွေထဲမှာ စူဠာမဏိဘုရားကြီးက ပျက်စီးမှု များတဲ့အတွက် အပျက်အစီးထဲမှာပါတဲ့ ရှေးဟောင်း လက်ရာတွေကို စနစ်တကျရှင်းလင်းနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အောက်ကို ရောက်တဲ့အခါမှာလည်း ရှေးဟောင်းသုတေသနနဲ့ ညှိပြီးတော့ ရှေးဟောင်း အုတ်ချပ်တွေရဲ့အနေအထား၊ တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို လည်း သူ့အပိုင်းနဲ့သူ စုဆောင်းဖို့အတွက် ဆောင်ရွက်နေပါတယ်။ ၁၉၇၅ မြေငလျင်တုန်းကလည်း ရှေးဟောင်းသုတေသနရယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရယ် ဒီဇိုင်နာတွေ၊ ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ပြုပြင်ထားတဲ့ ဘုရားပုထိုးတွေ ရှိပါတယ်။

## မန္တလေး-မုံရွာလမ်းပိုင်း မြောင်လမ်းခွဲအနီး လမ်းရေကျော်မှုထပ်မံဖြစ်ပွား

**မုံရွာ ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်တို့တွင် ဩဂုတ် ၂၇ ရက် ညနေ ၄ နာရီခွဲက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မုံရွာ - မန္တလေး လမ်းပိုင်း စစ်ကိုင်းခရိုင် မြောင်မြို့နယ် အလ္လကပကျေးရွာနှင့် မြောင်လမ်းခွဲ အကြားတွင် မော်တော်ကားလမ်း ရေကျော်မှု ထပ်မံဖြစ်ပွားခဲ့သဖြင့် အဆိုပါ လမ်းပိုင်းကို အသုံးပြုသွားလာနေကြသည့် မော်တော်ယာဉ်များ ဖြတ်သန်းနိုင်ရေး စောင့်ဆိုင်းနေကြကြောင်း သိရသည်။



အဆိုပါလမ်းရေကျော်မှုဖြစ်ပွားသည့် နေရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်ပွားစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပြီး မော်တော်ယာဉ်များမှာ ဖြတ်သန်းသွားလာနိုင်ရေး ရေအကျကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## သဘာဝဘေးဒဏ်သင့်ဒေသများသို့ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၇

**ငလျင်ကြောင့်ပြိုကျပျက်စီးသွားသော ပုဂံဒေသရှိ ဘုရား ပုထိုးများအား ပြန်လည်ပြုပြင်ရန် ယနေ့နံနက်ပိုင်းတွင် အလှူငွေကျပ်သိန်းတစ်ထောင်ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကိုယ်စား ကမ္ဘောဇဘဏ်လီမိတက် ညောင်ဦးဘဏ်ခွဲ တာဝန်ခံဦးသန်းဆွေက ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက လက်ခံရယူသည်။**

ထို့အတူ ယနေ့ ညနေပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မိုးများပြီး တောင်ကျချောင်းရေများ ပြင်းထန်စွာ စီးဆင်းမှုကြောင့် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာ အုပ်စု သံပုရာကုန်းကျေးရွာနှင့် လက်ပံအိုက်ကျေးရွာတို့မှ အိမ်ခြေ ၂၂ လုံး ရေစီးဖြင့် မျောပါပျက်စီးကာ လူအချို့ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အဆိုပါနေအိမ်များအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ် ဆီတစ်ပုံးနှင့် ငွေကျပ် ငါးသိန်းစီတို့ကို ကျေးရွာအရောက်သွားရောက်လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းသည် ဥက္ကဋ္ဌဒေါ် နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် နွေရာသီကာလများတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် နေရာဒေသအနှံ့အပြားတွင် သောက်သုံးရေများ ရှားပါးပြတ်လပ်မှုများအတွက် အဝီစိစက်ရေတွင်းများတူးဖော်ပေးခြင်း၊ ရေဂါလန် ၃၀၀၀ဆံ့ ရေဘောက်ဆာကားကြီး ၄၃ စီးဝယ်ယူကာ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခြင်း၊ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းခြင်း၊ ရာသီဥတုဖောက်ပြန်၍ မိုးသီးများကြွေကျသဖြင့် တောင်သူများ၏ လယ်ယာသုံးခိုင်းနွားများသေဆုံးမှုများကို ခိုင်းနွားတစ်ကောင်လျှင် ငွေကျပ် ၁၀ သိန်းစီပေးအပ်လှူဒါန်းခြင်းတို့ကိုလည်းကောင်း၊ မိုးရာသီတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာတွင်လည်း ရေဘေးသင့်ပြည်သူများထံ နေ့စဉ်ထမင်းထုပ်များ ဖြန့်ဝေလှူဒါန်းခြင်း၊ အလှူငွေများပေးအပ်လှူဒါန်းခြင်းတို့ကိုလည်းကောင်း၊ ဆောင်းရာသီတွင် ဖြစ်ပေါ်နိုင်သည့် လာနီညာ ရာသီဥတုကြောင့် အအေးဒဏ်ကို ကာကွယ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါ အနွေးထည် ၁၆၀၀၀၀ ကို ပြည်ပမှ မှာယူကာ အအေးဒဏ်လွန်ကဲနိုင်သောဒေသများရှိ တိုက်ပွဲရှောင်ပြည်သူများ၊ ရဟန်းသံဃာများနှင့် သီလရှင်များ၊ဘုန်းတော်ကြီးပညာသင်ကျောင်းများမှ ကလေးငယ်များအတွက် လှူဒါန်းခြင်းတို့ကိုလည်းကောင်း နွေ၊ မိုး၊ ဆောင်း၊ စဉ်ဆက်မပြတ် လှူဒါန်းကူညီ ဆောင်ရွက်ပေးနေသကဲ့သို့ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုအတွက် ငွေကျပ် သိန်းတစ်ထောင်စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၄၀၀၀ ကိုလည်းဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပေးအပ်လှူဒါန်း ခဲ့ရာ ယနေ့အထိ လှူဒါန်းငွေစုစုပေါင်း ကျပ် ၁၀၇ ဘီလီယံ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။



**(ဝ၁ဝ)**

# ငလျင်လှုပ်ခတ်အပြီး ပြိုကျပျက်စီးမှုများအား အမြန်ပြန်လည်ပြုပြင်တည်ဆောက်မည်

**နေပြည်တော် ဩဂုတ် ၂၇**



ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်က ချောက်မြို့အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သော ၆ ဒသမ ၈ စကေးရှိ ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် မင်းဘူးမြို့ နဂါးပွက်တောင်တွင် ပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့သည်။**(ယာပုံ)**

အဆိုပါ ပြိုကျပျက်စီးမှုများအား အမြန်ဆုံးပြန်လည်ပြုပြင် တည်ဆောက်မည်ဖြစ်ကြောင်းကို နဂါးပွက်တောင်ဂေါပကအဖွဲ့ထံမှ သိရသည်။

"ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို အမြန်ပြန်လည်တည်ဆောက်ရန်အတွက် ရန်ပုံငွေ(အလှူခံရရှိငွေ) ကျပ်သိန်း ၄၆၆ သိန်းကျော်ရှိကြောင်း၊ ဒါ့အပြင် နိုင်ငံတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘက်စုံပြန်လည်ပြုပြင်ရန် အလှူငွေကျပ်သိန်း ၁၀၀ တိတိကို ဩဂုတ် ၂၆ ရက်တွင် နဂါးပွက်တောင်သို့ လာရောက်ကြည့်ရှုရင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

တပ်မတော်မှ အရာရှိ၊ စစ်သည် ၁၀၃ ဦးနှင့် ရပ်ကွက်အတွင်းရှိပြည်သူ ၅၀ ခန့် ဩဂုတ် ၂၅ ရက်တွင် လာရောက်ကာ ပြိုကျပျက်စီးမှုများကို ရှင်းလင်းကြပါတယ်။ အဲဒီနေ့မှာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အစိုးရအဖွဲ့တွေ လာရောက်ကြည့်ရှုပြီး ဝန်ကြီးချုပ်က နဂါးပွက်တောင်မှာရှိတဲ့ ငွေနဲ့ ပြန်လည်ပြုပြင်ဖို့မလောက်သေးကြောင်း၊ ပြုပြင်စရာရှိတာတွေကို အဆင့်(၁၂၃၄)စီနီယာအလိုက် ပြုပြင်ဖို့ နားလည်တဲ့ အင်ဂျင်နီယာတွေကို ခေါ်ယူပြီး အင်ဂျင်နီယာတွေက တွက်ချက်ပြီး (၁)က ဘယ်လောက်ကုန်ကျတယ်။ (၂)က ဘယ်လောက်ကုန်ကျမယ်ဆိုတာကို စီနီယာအလိုက်ရေးဆွဲပြီး တင်လိုက်ပါ။ နိုင်ငံတော်က အထိုက်အလျောက်တော့ ထောက်ပံ့မှုရှိလာမှာပါဟု ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောကြားခဲ့ကြောင်း မင်းဘူးမြို့ နဂါးပွက်တောင်ဂေါပက အတွင်းရေးမှူး ဦးစိန်တစ်က ပြောသည်။

ဩဂုတ် ၂၆ ရက်တွင် နိုင်ငံတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ဗိုလ်ချုပ်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီးများ လိုက်ပါလျက် နဂါးပွက်တောင် ငလျင်ဒဏ်ကြောင့် ပျက်စီးပြိုကျမှုတွေကို လာရောက်ကြည့်ရှုပြီး ဘက်စုံပြန်လည်ပြုပြင်ဖို့အတွက် အလှူငွေကျပ်သိန်း ၁၀၀ တိတိလှူဒါန်းခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီးက အစစအရာရာ ပြိုကျပျက်စီးတာတွေကို သန့်ရှင်းရေးလုပ်ပါ။ တပ်တွေကိုလည်း တာဝန်ပေးပြီး လုပ်အားပေးနိုင်ပါ။ ရွံ့တွေကို ရေဆေးကြောဖယ်ရှားပစ်ပါ။ မြို့အင်္ဂါရပ်နဲ့ အညီလုပ်ဆောင်ပါ။ တပ်က အင်ဂျင်နီယာတွေ၊ မြို့ကအင်ဂျင်နီယာတွေပူးပေါင်းပြီး စောင်းတန်းကိုမြှင့်မယ်။ ပုံစံတွေကိုသေချာစွာရေးဆွဲပြီး ပြင်ဆင်ဖို့မှာကြားခဲ့ပါတယ်" ဟု ၎င်းက ထပ်မံပြောသည်။

ကျွန်တော်တို့မှာ အလှူခံရရှိငွေ ၄၆၆ သိန်းကျော်နဲ့ ဗိုလ်ချုပ်မှူးကြီး လှူဒါန်းတဲ့ ကျပ်သိန်း ၁၀၀ ကိုဘဏ်မှာ အပ်နှံထားပြီး လုပ်ငန်းတွေအမြန်ပြီးစီးအောင် ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ဂေါပကအတွင်းရေးမှူး ဦးစိန်တစ်က ပြောသည်။

"ငလျင်ပြင်းထန်စွာ လှုပ်ခတ်ခဲ့တာကြောင့် ဩဂုတ် ၂၄ ရက် ငလျင်လှုပ်ခတ်အပြီးမှာ နဂါးပွက်တောင် အတွင်းဧည့်ခန်းမဆောင်များ ပြိုကျခြင်း၊ တံတိုင်းများပြိုကျခြင်း၊ အုတ်ခုံများ ပတ်ကြားအက်ခြင်း၊ ပြိုကျခြင်း၊ နဂါးပွက်ဝန်းကျင်တွင် မြေသားများကွဲအက်ခြင်း၊ မြေသားမြင့်တက်ခြင်းနဲ့ နဂါးပွက်တောင်ပေါ်မှာ ရွှံ့ညွန်တွေဖုံးလွှမ်းခဲ့ပါတယ်။ အခုလိုပြင်းပြင်းထန်ထန်လှုပ်ခတ်တာမျိုးလည်း မကြုံခဲ့ဖူးပါဘူး။ ပျက်စီး ပြိုကျခဲ့တာတွေကို အမြန်ပြုပြင်ဆောင်ရွက်ကြမှာပါ"ဟု မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ရှင်းလင်းပြောပြသည်။

**ဘတိုးလေး(မင်းဘူး)**

# ရွာသစ်မြို့နယ်၌ ရွေ့လျားစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ရွာသစ် ဩဂုတ် ၂၇**

ကယားပြည်နယ် ဘော်လခဲခရိုင် ရွာသစ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီက ရွာသစ်မြို့နယ် အထက်တန်းကျောင်း၌ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသားကျောင်းသူများက ငှားရမ်းဖတ်ရှုလိုသည့် သုတ၊ ရသစာအုပ်များ ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များလည်း လက်ခံပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကာ အဆိုပါ ဆောင်ရွက်မှုအား အပတ်စဉ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရွာသစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဆွေဆွေအေးက ပြောသည်။

"အခုလို ကျောင်းအရောက် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ပေးတဲ့အတွက် သမီးတို့ ဖတ်ရှုလေ့လာလိုတဲ့ သုတ၊ရသစာအုပ်၊ စာပေတွေကို ဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများကြွယ်ဝစေလို့ ကျောင်းသား ကျောင်းသူတွေကိုယ်စား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ကျေးဇူးတင်ပါတယ်"ဟု ကျောင်းသူတစ်ဦးက ပြောသည်။

**ကိုစိုင်း (လွိုင်ကော်)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတဂေဟာများအပါအဝင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ငွေကျပ် သိန်းလေးထောင်နီးပါးထောက်ပံ့

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပရဟိတဂေဟာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ကျပ်သိန်းပေါင်း လေးထောင်နီးပါးကို ဩဂုတ် ၂၅ ရက်က ထောက်ပံ့ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ သိရသည်။

"စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေကို ထောက်ပံ့ကြေးပေးတာဟာ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ လုပ်ငန်းကြီး ၁၀ ခုထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ လူမှုဝန်ထမ်းက ထောက်ပံ့လိုက်တဲ့ငွေတွေက ပရဟိတဂေဟာတွေအတွက် တစ်နှစ်လုံးစာအဖြစ်ထောက်ပံ့တာပါ။ ဂေဟာတစ်ခုချင်းစီအတွက် အဆင့်လိုက်ရရှိတဲ့ငွေပမာဏက လုံလောက်မှု မရှိပေမယ့် တစ်စိတ်တစ်ဒေသတော့ အထောက်အကူပြုနိုင်မှာပါ။ နိုင်ငံတော်အနေနဲ့ကလည်း တစ်နိုင်ငံလုံးမှာရှိတဲ့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေကို ထောက်ပံ့ရတာဖြစ်တဲ့အတွက် ငွေပမာဏက တစ်နိုင်ငံလုံးနဲ့ကြည့်ရင် အရမ်းများပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ပြောသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ပရဟိတဂေဟာများကို အသိအမှတ်ပြုရာတွင် အဆင့်သုံးဆင့် သတ်မှတ်ထားပြီး ပရဟိတဂေဟာများရှိ ကလေးတစ်ဦးအတွက် ပထမအဆင့်တွင် တစ်နှစ်စာဆန်ဖိုး ငွေကျပ်သုံးသောင်း၊ ဒုတိယအဆင့်တွင် ဆန်ဖိုးငွေအပြင် စားစရိတ်တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းနှင့် အဝတ်အထည်စရိတ်အတွက် ငွေကျပ် ၁၃၀၀၀ နှုန်း၊ တတိယအဆင့်တွင် ဆန်၊ စားစရိတ်၊ အဝတ်အထည်စရိတ်အပြင် ဂေဟာမှူးလစာအဖြစ် တစ်နှစ်လျှင် ငွေကျပ် ၃၆၀၀၀၀ ကျပ်တို့အား ထောက်ပံ့ပေးလျက်ရှိသည်။

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ဗလအားမာန် ငါးတန်ပရဟိတဂေဟာ ဆရာတော် ဉာဏိန္ဒမှ "ဘုန်းဘုန်းတို့ ပရဟိတဂေဟာတွေက ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစစအရာရာ ဆောင်ရွက်နေရတာဆိုတော့ အခုလို ထောက်ပံ့ပေးတဲ့အခါ ကလေးတွေ စားဝတ်နေရေးအတွက် ခုမိပါတယ်။ အလုံးစုံတော့ မလောက်ဘူး။ အစိုးရအနေနဲ့လည်း တစ်နိုင်ငံလုံး ထောက်ပံ့ပေးတာလေ။ အခုလောက် အသိအမှတ်ပြုပြီး ထောက်ပံ့ပေးတာကိုပဲ ကျေးဇူးတင်ပါတယ်"ဟု မိန့်ကြားသည်။

ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများရှိ တာဝန်ခံဆရာမတစ်ဦးအတွက် တစ်နှစ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ စာသင်ကြားပေးသည့် ဆရာမတစ်ဦးအတွက် တစ်နှစ်လျှင် ငွေကျပ် ၂၄၀၀၀၀ ဖြင့် ကျောင်းတစ်ကျောင်းအတွက် တစ်နှစ်လျှင် ငွေကျပ်ခြောက်သိန်း ထောက်ပံ့ပေးလျက်ရှိပြီး လူငယ်ရိပ်သာ၊ စေတနာ ညကျောင်းများအတွက် ပရိဘောဂကြေး၊ စာရေးကိရိယာ၊ မီတာခနှင့် အားကစားပစ္စည်းများအတွက် ထောက်ပံ့ကြေးပေးခြင်း၊ လှည်းကူးမြို့နယ်ရှိ မရမ်းချောင်းပရဟိတဂေဟာသို့ တစ်နေ့လျှင် တစ်ဦးစာအတွက် ငွေကျပ်သုံးရာနှုန်း ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပရဟိတဂေဟာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ ငွေကျပ် ၃၈၁၆၇၆၅၀၀ အားထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(သီသီမင်း)**

# ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၇**

အသက်ငါးနှစ်အောက် ကလေးငယ်များအား ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဗီတာမင်အာဟာရများရရှိစေရန် ရည်ရွယ်၍ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက ခုတင်(၅၀)ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်မြထွေး ဦးဆောင်၍ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်မြထွေးက ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပြီး ဒေါ်ငြိမ်းငြိမ်းလှက တီဘီရောဂါ၊ မျိုးဆက်ပွားကျန်းမာရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ လက်ဆေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးများအကြောင်းတို့ကို တက်ရောက်လာကြသူကလေးငယ်လေးများအား အသိပညာပေးဟောပြောပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှ၊ ဘက်စုံသားဖွားဆရာမများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၁၃ ဦးဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မူလတန်းအရွယ် ကလေးငယ် ၄၉၇ ဦးအား ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ အရပ်တိုင်းခြင်း၊ လက်မောင်း လုံးပတ်တိုင်းခြင်း၊ ဗီတာမင်အေဆေး၊ သန်ချဆေးတိုက်ကျွေးပေးခြင်း၊ ကျောင်းဈေးဆိုင်စစ်ဆေးခြင်းအပြင် အလယ်တန်း၊ အထက်တန်းအဆင့်တို့မှ နေမကောင်းသူကလေး ၄၅ ဦးအား ဆေးကုသပေးပြီး အဆိုပါလုပ်ငန်းများကို နှစ်ရက်ကြာ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သန့်မောင်)**

# ပင်ဒါကုမ္ပဏီနှင့် ပလိပ်အထည်စက်ရုံအလုပ်သမားများ ဆွေးနွေး

**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံအား ပင်ဒါကုမ္ပဏီသို့ ယခင်အစိုးရလက်ထက်က လွှဲပြောင်းပေးခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော နိုင်ငံ့ဝန်ထမ်းများ၏ နောက်ဆက်တွဲအခက်အခဲများ၊ နစ်နာချက်များကို ကုစားပေးနိုင်ရန် ပုဂ္ဂလိက လွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များအား ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန်၊ မူလစာချုပ်အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ စာချုပ်များအကြိမ်ကြိမ်ချိုးဖောက်ပြီး အလုပ်သမားများအပေါ် ဖိနှိပ်မှုများအရေးယူပေးရန်ရည်ရွယ်ချက်ဖြင့် အလုပ်သမား ၃၀၀ ကျော်သည် စက်ရုံအဝင်ပေါက်တွင် ရက်ပေါင်း ၈၀ ကျော် သပိတ်ဆင်နွှဲခြင်း၊ မန္တလေးမြို့နှင့်ပလိပ်မြို့တို့တွင် တောင်းဆိုချက်များကြွေးကျော်ကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခြင်းများပြုလုပ်ကြသည်။

ပင်ဒါကုမ္ပဏီနှင့် ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံအလုပ်သမားများအကြား ဖြစ်ပေါ်လျက်ရှိသော ပြဿနာများပြေလည်စေရေး အလုပ်သမားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပင်ဒါကုမ္ပဏီ၊ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင် စက်ရုံအလုပ်သမားသမဂ္ဂအဖွဲ့များညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ် (၂၆) လမ်းနှင့် (၆၆) လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အလုပ်ရှင်၊ အလုပ်သမားလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ပြေလည်အောင်ဆောင် ရွက်ရေးမှာကြားသည်။ ထို့နောက် ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံအလုပ်သမားသမဂ္ဂအဖွဲ့များက အလုပ်သမားအခွင့်အရေးများ၊ နစ်နာချက်များ၊ စာချုပ်စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးနိုင်ရေးတင်ပြကြပြီး ပင်ဒါကုမ္ပဏီတာဝန်ခံများက အလုပ်သမားများအတွက် ဆောင်ရွက်ပေးနိုင်သည့် အချက်များအားတင်ပြကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# ကျုံပျော်မြို့နယ်တွင် ရေဝင်ရောက်ခဲ့မှုကြောင့် မိုးစပါးဧက ၁၇၀၀ ကျော်ပျက်စီး



ကျုံပျော် ဩဂုတ် ၂၇
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ဒါးကချောင်းရေ မြင့်တက်ခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျေးရွာ ၈၃ ရွာ၊ တောင်သူ ၃၉၄၄ ဦးတို့၏ မိုးစပါး ၁၆၃၂၁ ဧကတွင် ရေများဝင်ရောက်ခဲ့ပြီး ယခုအခါ ရေများပြန်လည် ကျဆင်းလျက်ရှိနေသောကြောင့် ပြန်ပေါ်ဧက ၂၉၃ ဧက၊ ထိခိုက်ဧက ၁၃၂၂၇ ဧကနှင့် ပျက်စီးဧက ၁၇၃၈ ဧကရှိကာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၅၃၈ ဒသမ ၃၄၅ သန်းရှိခဲ့ကြောင်း သိရသည်။

အဆိုပါပျက်စီးခဲ့သော မိုးစပါးစိုက်လယ်မြေအများစုမှာလည်း စပါးပြန်လည်စိုက်ပျိုးပါက ရာသီမမီနိုင်ခြင်းနှင့် အောင်ရေရရှိရန် ခက်ခဲခြင်းတို့ဖြစ်ပေါ်နိုင်ပြီး တောင်သူအများစုမှာ ဆောင်းသီးနှံဖြစ်သော မတ်ပဲကိုသာ ရာသီစောင့်၍ စိုက်ပျိုးသွားရန်ပိုမိုအားသန်ကြကြောင်း တောင်သူတစ်ဦးထံမှသိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

# နာဂဒေသတွင် ဝက်သက်ရောဂါဖြစ်ပွားခဲ့သော တိုင်းရင်းသားမိသားစုများထံသို့ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများအား ဆက်သွယ်လှူဒါန်းနိုင်

ခန္တီး ဩဂုတ် ၂၇
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်နှင့် ဒုံဟီးမြို့နယ်တို့ရှိ ကျေးရွာအချို့တွင် ဇွန်လနှင့်ဇူလိုင်လအတွင်းက ဝက်သက်ရောဂါကြောင့် ကလေးသူငယ်နှင့်လူကြီး ၄၈ ဦး အသက်ဆုံးရှုံးခဲ့ရမှုအပေါ် ရောဂါဖြစ်ပွားနေစဉ်နှင့် ရောဂါထိန်းချုပ်နေစဉ်ကာလအတွင်း ရောဂါများဆက်လက်မပြန့်ပွားအောင်၊ အသက်ဆုံးရှုံးမှုများ ထပ်မံမဖြစ်အောင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၏ ဦးဆောင်မှုများဖြင့် နာဂတိုင်းရင်းသားကျေးရွာများသို့အရောက် ကွင်းဆင်း၍ ဆေးဝါးကုသပေးကြသော စစ်ဘက်၊ နယ်ဘက်မှ ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အလှူငွေများနှင့်ထောက်ပံ့ပစ္စည်းမျိုးစုံတို့ကို ဝိုင်းဝန်းကူညီ လှူဒါန်းခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းများ၊ နယ်ပယ်အသီးသီးမှအလှူရှင်များအား နာဂတိုင်းရင်းသားများကိုယ်စား နာဂဒေသဦးစီးအဖွဲ့မှ အထူးပင်ကျေးဇူးတင်ကြောင်းနှင့် အဆိုပါနာဂဒေသတွင် ရောဂါဖြစ်ပွားခဲ့သော ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများ၏ မိသားစုဘဝများ ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများတွင် ဆက်လက်ပါဝင်လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် ဦးကာစီယန်း နာဂဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်(လူမှု) ဖုန်း-၀၉၄၄၂၀၈၁၇ နှင့် နာဂဒေသဦးစီးအဖွဲ့ရုံး ဖုန်း-၀၉၄၇၀၈၈၀၀၃၊ ၀၉၄၇၀၈၈၀၀၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(စန်းလွင်ဦး)

# ဆေးစွဲလူနာများအား ယာယီဆေးဖြတ်စခန်းဖွင့်လှစ်ပေး

ကလေး ဩဂုတ် ၂၇
ကလေးမြို့နယ် ထိုမာကျေးရွာတွင် မူးယစ်ဆေးစွဲလူနာများကို ထိုမာကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်း၌ ဩဂုတ် ၂၃ ရက်က MANA အသင်းမှယာယီဆေးဖြတ်စခန်းဖွင့်လှစ်ပေးထားခဲ့ရာ အဆိုပါစခန်းတွင် ဆေးစွဲလူနာခြောက်ဦးတို့အား ဆေးဖြတ်ရန်ပြုစုစောင့်ရှောက်ထားကြောင်း သိရသည်။

အဆိုပါစခန်းသို့ ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး အောင်သိန်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်း၊ ခရိုင် MANA ဥက္ကဋ္ဌ ဦးဝင်း၊ ခရိုင် MANA အတွင်းရေးမှူး ဦးလှဝင်းနှင့် ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးတို့က ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သွားရောက်ကြည့်ရှုအားပေးကာ နှစ်သိမ့်စကားပြောကြားပြီး ဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် ရက်တိုကာလအတွင်း ဆေးပြတ်သွားရန် ပံ့ပိုးကူညီမှုများ၊ မက်သဒုံးဆေးများဖြင့် ပြုစုကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများကို အကျယ်တဝင့် ဆွေးနွေးပြောကြားကြသည်။

ယခင်နှစ်တွင်လည်း ကလေးမြို့နယ် ဒိုးနွယ်ကျေးရွာ၌ ယာယီဆေးဖြတ်စခန်းဖွင့်လှစ်ပြီး ဆေးစွဲသူလူနာ ၃၀၊ ကလေးဝမြို့နယ် ဝေပုံကျေးရွာ ဆေးဖြတ်စခန်းတွင် ဆေးစွဲလူနာ ၃၀ တို့အား ဆေးပြတ်နိုင်ရန် ပြုစုကုသစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဂျိုးနက်)

# ကောက်ရိုးမှိုကို ပလတ်စတစ်ခြင်းများဖြင့် စီးပွားဖြစ် စိုက်ပျိုးအောင်မြင်လာ



ပလတ်စတစ်ခြင်းများဖြင့် ထည့်သွင်းစိုက်ပျိုးထားသည့် ကောက်ရိုးမှိုများ။

မန္တလေး ဩဂုတ် ၂၇
ရက်တိုတိုဖြင့် ငွေဖြစ်လွယ်သော သီးနှံများထဲတွင် ကောက်ရိုးမှိုပျိုးခြင်းလုပ်ငန်းလည်းပါဝင်သည်။ ကောက်ရိုးမှိုပျိုးခြင်းလုပ်ငန်းကို အမရပူရမြို့နယ်တွင် ၁၉၉၃ခုနှစ်မှစတင်ကာ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ကောက်ရိုးမှိုကို ကောက်ရိုး၊ ကောက်လှိုင်းကုန်ကြမ်းအစား ဂျပ်စက္ကူ မြင်းချေး၊ နွားချေး၊ ဗေဒါတို့ဖြင့် တွင်ကျယ်စွာ စိုက်ပျိုးလာခဲ့သည်။နောက်ပိုင်းတွင် ကုန်ကြမ်း မြင်းချေးရှားပါလာသောကြောင့် အသုံးမပြုတော့ဘဲ နွားချေး၊ ဂျပ်စက္ကူဗေဒါတို့ကို အသုံးပြုကြသည်။ကောက်ရိုးမှိုသည် အပူအအေးမျှတအောင် ဆောင်ရွက်ပေးရပြီး ရာသီမရွေး ပျိုးနိုင်သည်။ နွေရာသီတွင် အရိပ်ရသော ခြံများအတွင်းပျိုးကြပြီး ဆောင်းရာသီတွင် နေပူကွင်းပြင်များတွင် ပျိုးကြသည်။

ယခုအခါတွင် ကောက်ရိုးမှိုကို ပလတ်စတစ်ခြင်းများဖြင့် အခန်းတစ်ခုအတွင်း စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ပလတ်စတစ်ခြင်းမှာ ပန်းသီးထည့်သည့်ခြင်းများဖြစ်ပြီး ပလတ်စတစ်ခြင်းများအတွင်း နွားချေး၊ ဂျပ်၊ မှိုမျိုးများ ထည့်ကာ စီးပွားဖြစ်စိုက်ပျိုးအောင်မြင်လျက်ရှိသည်။

ကောက်ရိုးမှိုခြင်းတစ်ခုပြုလုပ်စိုက်ပျိုးရန်အတွက် ဂျပ်စက္ကူ တစ်ပိဿာထည့်ရသည်။ နွားချေးရှစ်ပြည်ခန့်နှင့် မှိုမျိုးအထုပ်တစ်ဝက်ထည့်ရသည်။။ စိုက်ပျိုးသည့်အခန်းကို မိုးကာဖြင့်တဲလုပ်ပြီး ၁၀ ပေပတ်လည်အခန်းတစ်ခန်းလျှင် ကောက်ရိုးမှိုခြင်း ၉၆ ခြင်းအထိ အထပ်လိုက်ဆင့်ကာစိုက်ပျိုးကြသည်။စတင်ပျိုးသည့်အချိန်မှစကာ ဂရုစိုက်ပေးရပြီး ရက်တိုတိုနှင့် အကျိုးအမြတ်ရရှိသောလုပ်ငန်းဖြစ်သည်။

အမရပူရမြို့နယ် သရက်တန်းရွာတွင် စီးပွားဖြစ်စိုက် ပျိုးကြသည်။ ကောက်ရိုးမှိုခြင်း၏ ခြောက်သွေ့မှုနှင့် စိုထိုင်းဆ၊ ရေစုပ်မှုကို ဂရုတစိုက်ကြည့်ကာ ရှစ်ရက်ခန့်တွင် ရေထပ်လောင်းပေးရသည်။ မှိုစတင်ပျိုး သည့်ရက်မှစတင် ရေတွက်ပါက ၁၀ရက်၊ ၁၁ရက်တွင် မှိုစတင်ထွက်ရှိသည်။ မှိုထွက်သည့်အခါ ပလတ်စတစ်အခန်းကိုဖွင့်ကာ မှိုကိုအပွင့်အဆင့်မရောက်မီ ခူးပေးကြရသည်။

မှိုတစ်ခြင်းလျှင် ငါးဆယ်သားမှ တစ်ပိဿာအထိထွက်ရှိသည်။ မှိုအလုံးအဆင့်သည် ဈေးကွက်ဝင်ပြီး လက်ရှိကာလတွင် မှိုတစ်ပိဿာငွေကျပ် ၄၀၀၀ ခန့်ရှိသည်။ မှိုအပွင့်ကမူ ငွေကျပ် ၂၅၀၀၊ ၃၀၀၀ ခန့်သာရရှိသည်။ မှိုစိုက်ခန်းတစ်ခန်းလျှင် ကောက်ရိုးမှိုတစ်နေ့ ၁၀ပိဿာကျော်အထိ ထွက်ရှိသည်။

လက်ရှိကာလတွင် ကောက်ရိုးမှိုကို ပလတ်စတစ်ခြင်းများဖြင့်စီးပွားဖြစ်စိုက်ပျိုးအောင်မြင်လျက်ရှိသည်။ ပလတ်စတစ်ခြင်းဖြင့်စိုက်ပျိုးသည့်နည်းမှာ မြေနေရာပြောင်းရွှေ့ခြင်းမပြုရဘဲ နှစ်ပတ်လည်တစ်နေရာတည်းတွင်ပင် စိုက်ပျိုးနိုင်သည့် နည်းစနစ်ပင်ဖြစ်ကြောင်း ပလတ်စတစ်ခြင်းဖြင့် ကောက်ရိုးမှိုစီးပွားဖြစ်စိုက်ပျိုးသည့် ဦးနိုင်သိန်းက ရှင်းပြသည်။

(တိမ်တမန်)

# အရည်အသွေးမီ အိုင်အိုဒင်းဆား ရောင်းချမှုစစ်ဆေး

**သိန်းနီ ဩဂုတ်၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့မဈေးကြီးအတွင်း၌ ကုန်စုံဆိုင်များမှ အရည်အသွေးရှိသောအိုင်အိုဒင်းဆားများရောင်းချမှု ရှိ၊မရှိ သိန်းနီမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက သိန်းနီမြို့နယ် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့်ပူးပေါင်း၍စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် အိုင်အိုဒင်းဆားများ ရောင်းချသောဈေးဆိုင်များအနေဖြင့် တောင်ပေါ်နေတိုင်းရင်းသားများအပါအဝင် စားသုံးသူပြည်သူများ ကျန်းမာရေးညီညွတ်စေရန်အတွက် အိုင်အိုဒင်းဓာတ်ပြည့်ဝသောဆားများကိုသာရောင်းချရန်နှင့် အိုင်အိုဒင်းဓာတ်ပါဝင်မှုနည်းပါးသော ဆားများရောင်းချခြင်းမပြုရန် သတိပေးမှာကြားခဲ့ကြသည်။

သိန်းနီမြို့နယ်တွင် တောင်ပေါ်တိုင်းရင်းသားများပါနေထိုင်ပြီး လည်ပင်းကြီးရောဂါကို ကြိုတင်ကာကွယ်ပေးနိုင်ရန် အိုင်အိုဒင်းဓာတ်ပြည့်ဝသောဆားများအထူးလိုအပ်ကြောင်း၊ ကျန်းမာရေးအတွက်လည်း အထောက်အကူပြုစေသည့် အိုင်အိုဒင်းဆားများကိုသာ ရောင်းချသွားရန်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးဌာနနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**(သီပေါ-ကိုလတ်)**

# ပုသိမ်ကြီးမြို့မဈေးသစ်ကြီးရှိ ပုံကျဈေးဆိုင်ခန်းများ မဲစနစ်ဖြင့်အခမဲ့ချထားပေးမည်

ပုသိမ်ကြီး ဩဂုတ်၂၇
ပုသိမ်ကြီးမြို့နယ် မြို့မဈေးသစ်ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်သဖြင့် ပုံကျဈေးဆိုင်ခန်းများ စနစ်တကျ ရောင်းချနိုင်ရေးအတွက် အစည်းအဝေးကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမှ မြို့မဈေးသစ် ဆောက်လုပ်ပြီးစီးပါက ပုံကျဈေးဆိုင်ခန်းများ စနစ်တကျ နေရာချရောင်းချနိုင်ရေး အစီအစဉ်များ၊ ဈေးဆိုင်ခန်းများအား မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အဆိုပါ ဈေးဆိုင်ခန်းများအား အုပ်စုသုံးခုဖြစ်သည့် ယခင်မြို့မဈေး၌ရောင်းချလျက်ရှိသည့် ဈေးသည်များ၊ ရန်ကင်းတောင်- မန္တလေးသွား ကားလမ်းဘေးရှိ ပုဏ္ဏားကုန်းဈေးတန်းမှပြောင်းရွှေ့ဈေးသည်များ၊ ရပ်ကွက်၊ကျေးရွာများမှ လျှောက်ထားသူများ စုစုပေါင်း ၁၈၂ ဦးရှိရာ ပုံကျဈေးဆိုင်ခန်းငါးပေပတ်လည် ၁၂၀ ခန့်အား ဩဂုတ် ၂၉ ရက်၌ မဲစနစ်ဖြင့် (အခမဲ့) ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆန်း၊ အတွင်းရေးမှူး မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးစိုးနိုင်အေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် မြို့မ(ယာယီ)ဈေး၌ ရောင်းချလျက်ရှိသည့် ဈေးသူဈေးသားများ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဇာနည်ကိုကို(ပြန်/ဆက်)



# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၈- ၈ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆:၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-ကာတွန်းအစီအစဉ် "Ice Age; Dawn of the Dinosaurs" (အပိုင်း-၁)
၆:၅၀ MRTV Entertainment Music
၇:၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "စနစ်တကျဆိုးသွမ်းကြသူများ" (အပိုင်း-၂)
၈:၂၀ MRTV Entertainment Music
၈:၄၀ ဂီတစာဆို ဗိုလ်ကလေးတင့်အောင်
၉:၀၅ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉:၁၅ ငြိမ်းချမ်းရေးအလင်းရောင် အနုပညာပွဲတော်ကြိုတင်ပြင်ဆင်မှုများ
၉:၂၅ တေးဂီတအစီအစဉ်
၉:၄၅ ဘဲဥထုပွဲတော်
၁၀:၁၀ မြန်မာရုပ်ရှင် "မူပိုင်ချစ်သူ"
၁၂:၀၀ အစီအစဉ်ပြီး၏။

**မွန်းလွဲ ၂:၀၀ - Live: "SMM" 2016 Yangon Aerodrome Asian Men's Club Volleyball Championship,NPT**

**ည ၉:၂၀ - Live: Premier League "Manchester City Vs West Ham United"**

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## MRTV-4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၄၀ "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကားများ"(အပိုင်း-၇) တရားတော် [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ]
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Canon Opening and and Reception Ceremony For Image Square)
၈:၀၀ Cartoon Series (English Play Ground)
၉:၀၀ Weekly Sports Diary
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၀၅ Star တို့ရဲ့လက်ရာ
၂:၂၀ World of Knowledge (Knights Of Mayham: Threat To The Throne)
၄:၀၅ Cartoon Series (Ehglish Play Ground)
၅:၀၀ Premier ချစ်သူများရဲ့ရင်ခုန်သံ
၅:၃၅ Food & Decor
၆:၀၀ MRTV-4 သတင်း
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၄၇)
၇:၁၀ Fashion Week
၇:၄၀ Myanmar's Got Talent (Final) (LIVE)
၁၀:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သစ္စာတည်စေသော်" (အပိုင်း-၉၂)
၁၁:၀၅ MUSIC LIVE Tonight
၁၁:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၂၃+၂၄)
၁:၁၅ MRTV-4 Stage

## မြဝတီရုပ်မြင်သံကြား

၆:၀၃ တရားတော်
၇:၁၅ မေတ္တာပို့
၇:၂၅ ဓမ္မပူဇာတေး
၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈:၀၅ အမျိုးသားတေးကဗျာ
၈:၁၅ စိုက်ပျိုးသုတ
၈:၂၅ DVD Hits
၈:၃၅ အင်္ဂလိပ်စာသုတ
၉:၁၀ World Wide Web
၉:၄၅ အမှတ်တရနေ့ရက်လေးများ
၁၀:၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
၁၀:၂၀ Guide For You
၁၀:၃၀ Cooking Art
၁၀:၄၅ မြန်မာသံစဉ်ချိုနားဝင်
၁၁:၀၀ English For Myanmar
၁၁:၁၀ မျိုးချစ်တပ်မတော်
၁၁:၁၅ Lucky Door
၁၂:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဆုံးသတ်တစ်နေ့ (အပိုင်း-၇)
၁:၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာအသချေ" အပိုင်း(၉၁)
၂:၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၃:၀၀ KBZ Bank U 19 Cup 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ပဟေဠိနန်းတော်
-ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အနားမညီတြိဂံ (အပိုင်း-၂၈)

## MITV

07:27 Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
07:41 Clam Farming
08:26 "Myanmar's Traditions and Culture" Novicehood in Myanmar
08:50 Myanmar Street Foods
08:54 Modifying Natural Thanakha Bark into Ready-Made Skin Care Product
09:26 Crab Business (Part-I) Mud Crab
09:42 International Dances in Myanmar
10:03 News
10:26 Myanmar Betels
10:42 A Chance to Change Their Future
07:27 Food Trip (Ep-5) (Part-1)
07:46 Five Hair Relic Enshrined Pagodas
08:26 Taste Of Myanmar (Lashio Noodle)
08:43 Black Gold (Part - II)

# တရုတ်၊ဟောင်ကောင်နဲ့ အမေရိကန် ရုပ်ရှင်သရုပ်ဆောင်တွေရဲ့ အနုပညာတွေကို ခံစားနိုင်မယ့် Skiptrace အက်ရှင်ဟာသဇာတ်ကား



Skiptrace ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း

ဝါရင့်အက်ရှင်မင်းသားကြီး ဂျက်ကီချန်း ပါဝင်သရုပ်ဆောင်ထားတဲ့ Skiptrace ဇာတ်ကားလေးအကြောင်းကို မိတ်ဆက်ပေးပါရစေ။ ဒီဇာတ်ကားလေးဟာ တရုတ်၊ ဟောင်ကောင်နဲ့ အမေရိကန် ရုပ်ရှင်သရုပ်ဆောင်တွေ ပူးတွဲရိုက်ကူးထားတဲ့ အက်ရှင်ဇာတ်မြူးကားလေးဖြစ်ပြီးတော့ ဒီဇာတ်ကားလေးရဲ့ ပံ့ပိုးဖန်တီးရှင်ကတော့ ဖင်လန်နိုင်ငံသား ဒါရိုက်တာ၊ ထုတ်လုပ်သူနဲ့ ဇာတ်ညွှန်းရေးဆရာ ရမ်နီဟာလင်ပဲဖြစ်ပါတယ်။


Skiptrace ဇာတ်ကားမှာ အဓိက သရုပ်ဆောင်တွေအဖြစ် ဘယ်အရာမဆို စည်းကမ်းတကျလုပ်ကိုင်တတ်သူ ဟောင်ကောင်စုံထောက် ဘန်နီချန်းအဖြစ် ဂျက်ကီချန်း၊ မူးယစ်ရာဇာတစ်ဦးအကြောင်း စုံစမ်းရင်းကနေ အကူအညီရယူခဲ့ကာ ရင်းနှီးခင်မင်ခဲ့ရသူ၊ ဘန်နီချန်းနဲ့ မတည့်အတူနေ သူငယ်ချင်းတစ်ဦး ကော်နာဝက်စ်အဖြစ် အမေရိကန်သရုပ်ဆောင် ဂျော်နီ နောက်စ်ဗစ်လီ၊ ဘန်နီချန်းရဲ့ သူငယ်ချင်းဖြစ်သူရဲ့သမီး စမန်သာအဖြစ် တရုတ်မင်းသမီး ဖန်ပင်းပင်းတို့က ပါဝင်သရုပ်ဆောင်ထားပါတယ်။

ဒီဇာတ်ကားလေးကို ဇူလိုင်လလယ်ပိုင်းက တရုတ်နိုင်ငံမှာ စတင်ပြသခဲ့ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ သန်း ၆၀ နဲ့ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ ဂျက်ကီချန်းရဲ့ထုံးစံအတိုင်း အက်ရှင်စွန့်စားခန်းတွေအပြင် ဟာသပြကွက်လေးတွေကိုလည်း ပရိသတ်တွေ ခံစားကြည့်ရှုနိုင်ကြမှာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာတော့ ဒီဇာတ်ကားရုံတင်ရက်ကို စက်တင်ဘာ ၂ ရက်လို့ သတ်မှတ်ထားပြီး မြန်မာနိုင်ငံက အက်ရှင်ပရိသတ်တွေအတွက် စောစောကြည့်ရှုခွင့်ရတဲ့အတွက် အခွင့်ကောင်းတစ်ခုပါ။

Biggest Box-Office Flop of All Time ဆိုပြီး ကမ္ဘာ့ဂင်းနစ်စံချိန်တင်နိုင်ခဲ့တဲ့ ဒါရိုက်တာ ရမ်နီဟာလင်ရဲ့ လက်ရာဖြစ်တဲ့ ဒီဇာတ်ကားလေးကို နာမည်ကြီး ဝါရင့်သရုပ်ဆောင်တွေရဲ့ အနုပညာတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါ ပရိသတ်တွေအတွက် နှစ်သက်ကြည်နူးစေမယ့် အက်ရှင်ဟာသဇာတ်ကားတစ်ကားဖြစ်ပါတယ်။

ဒီဇာတ်ကားကို လက်ရှိမြန်မာနိုင်ငံမှာလည်း ဒီတစ်ပတ်ကစလို့ ရုံတင်ပြသနေတာဖြစ်ပြီး ရွှေဆောင်နဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတွေမှာ ကြည့်ရှုနိုင်မှာဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။



# ဂိမ်းတစ်ခုကို စွဲစွဲလမ်းလမ်း ဆော့ကစားရာကနေ ကြီးမားလှတဲ့အန္တရာယ်နဲ့ ရင်ဆိုင်ရပုံတွေကို ပညာပေးသရုပ်ဖော်တင်ပြရိုက်ကူးထားတဲ့ Nerve

Nerve လို့ အမည်ပေးထားတဲ့ နည်းပညာပိုင်းဆိုင်ရာ ဇာတ်ကားလေးဟာ ဂိမ်းတစ်ခုကို စွဲစွဲလမ်းလမ်း ဆော့ကစားရာကနေ ကြီးမားလှတဲ့အန္တရာယ်နဲ့ ရင်ဆိုင်ရပုံတွေကို ပညာပေးသရုပ်ဖော်တင်ပြရိုက်ကူးထားတဲ့ စိတ်ဝင်စားဖွယ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါတယ်။

ဒီဇာတ်ကားမှာ အမေရိကန် တေးသံရှင်တစ်ဦးဖြစ်သလို သရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့ အမ်မာရောဘတ်က အထက်တန်းကျောင်းသူလေး Vee အဖြစ်နဲ့ မင်းသားဒွေ့ဖ်ဖရန်ကိုက Vee နဲ့အတူ ဂိမ်းကစားတဲ့ ယောကျာ်းလေးသူငယ်ချင်း Lan အဖြစ် အဓိကပါဝင်သရုပ်ဆောင်ထားပါတယ်။

ဇာတ်လမ်းအကျဉ်းကို အနည်းငယ် မိတ်ဆက်ပေးရမယ်ဆိုရင် အထက်တန်းကျောင်းသူလေးတစ်ဦးဖြစ်တဲ့ Vee ဟာ လူကိုယ်တိုင်ပါဝင်လှုပ်ရှားပြီး ကစားရတဲ့ Nerve လို့ခေါ်တဲ့ အင်တာနက်ဗီဒီယိုဂိမ်းတစ်ခုကို စွဲစွဲလမ်းလမ်းကစားမိရာကနေစပါတော့တယ်။ Vee နဲ့အတူ ယောကျာ်းလေးသူငယ်ချင်းဖြစ်တဲ့ Lan လည်း ပါဝင်လာခဲ့ပြီး အဲဒီဂိမ်းကို ကစားကြရာကနေ အဆင့်တွေ တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ အန္တရာယ်များလှတဲ့အဆင့်ထိ ရောက်ရှိလာကြပါတော့တယ်။

ဒါပေမယ့် အဲဒီ ဗီဒီယိုဂိမ်းကို နောက်ကွယ်မှာထိန်းချုပ်နေတဲ့ လျှို့ဝှက်အဖွဲ့တစ်ဖွဲ့ရှိနေတာကို သူတို့နှစ်ဦး မသိကြပါဘူး။ ဒီလိုနဲ့ အင်တာနက်ဗီဒီယိုဂိမ်း Nerve ကို ကစားရင်းကစားရင်းနဲ့ ဘယ်အချိန်မှာမှ သူတို့ဟာ ကြီးမားလှတဲ့ အန္တရာယ်ရှိတဲ့ ချုပ်ကိုင်မှုအောက်မှာရောက်နေသလဲဆိုတာ သိရှိကြမှာလဲ ဆိုတာကိုတော့ Nerve လို့ အမည်ရတဲ့ ဒီဇာတ်ကားလေးကို ကြည့်ရှုခံစားလိုက်ကြပါဦး။

# စပိန်တွင် ကျင်းပမည့် San Sebastian ရုပ်ရှင်ပွဲတော်၌ ဂုဏ်ပြုဆု လက်ခံရယူရမည့် မင်းသား အီသန်ဟတ်ခ်

အမေရိကန်သရုပ်ဆောင်၊ ဒါရိုက်တာနှင့် စာရေးဆရာတစ်ဦးဖြစ်သူ အီသန်ဟတ်ခ်အား စပိန်နိုင်ငံတွင် ကျင်းပမည့် (၆၄)ကြိမ်မြောက် San Sebastian ရုပ်ရှင်ပွဲတော်၏ ဂုဏ်ပြုဆုတစ်ဆုဖြစ်သည့် Donostia ဆုကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ပွဲတော်စီစဉ်သူများက အတည်ပြုပေးခဲ့သည်။



အဆိုပါ ရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ စပိန်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ရာ မင်းသား အီသန်ဟတ်ခ် အနေဖြင့် စက်တင်ဘာ ၁၇ ရက်တွင် တက်ရောက် ဆုလက်ခံရယူမည်ဖြစ်သည်။

သရုပ်ဆောင် အီသန်သည် ယခုနှစ် စက်တင်ဘာတွင် စတင်ရုံတင်ပြသမည့် အက်ရှင်ဇာတ်ကား The Magnificent Seven ဖြင့် ယင်းဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ Donostia ဆုကို San Sebastian ရုပ်ရှင်ပွဲတော်တွင် နှစ်စဉ်နှစ်တိုင်း သရုပ်ဆောင် တစ်ဦးနှင့် ရံဖန်ရံခါတွင် နှစ်ဦး၊ သုံးဦး ရွေးချယ်ပေးလေ့ရှိရာ ယခုနှစ်တွင် ဒုတိယမြောက် Donostia ဆုရရှိသူမှာ အမေရိကန်မင်းသမီးကြီး Sigourney Weaver ဖြစ်ကြောင်း သိရသည်။

အမေရိကန်မင်းသား အီသန်ဟတ်ခ်သည် ၂၀၀၁ ခုနှစ်က ထွက်ရှိခဲ့သည့် Training Day မှုခင်း အက်ရှင်ဇာတ်ကားတွင် ဟောလိဝုဒ်သရုပ်ဆောင် ဒန်ဇယ်ဝါရှင်တန်နှင့် အတူပါဝင်သရုပ်ဆောင်ခဲ့ရာမှ လူသိများထင်ရှားလာခဲ့ခြင်းလည်းဖြစ်သည်။

မျိုးစန္ဒာမောင်-စုစည်းသည်

# မန်ယူကို ပြိုင်ဘက်အဖြစ် ပြန်လည်ရင်ဆိုင်ရမည့် ဗန်ပါစီနှင့် ယူရိုပါလိဂ်အုပ်စုပွဲစဉ်များ မဲခွဲဆုံးဖြတ်မှု

ယူရိုပါလိဂ်အုပ်စုပွဲစဉ်များ မဲခွဲဆုံးဖြတ်မှုကို ဩဂုတ်၂၇ ရက်တွင် ပြုလုပ်ခဲ့ရာ မန်ယူအသင်းမှာ ဖီနာဘာချီ၊ ဖီယင်နော့ဒ်နှင့် ဇော်ရာအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ လက်ရှိအချိန်တွင် ဖီနာဘာချီအသင်း၌ကစားနေသည့် မန်ယူတိုက်စစ်မှူးဟောင်း ဗန်ပါစီမှာ မန်ယူမှ ထွက်ခွာသွားပြီးနောက်ပိုင်း အသင်းဟောင်းကို ပြိုင်ဘက် အနေဖြင့် ပထမဦးဆုံး ပြန်လည်ရင်ဆိုင်ရမည့် ပွဲစဉ်လည်း ဖြစ်လာမည်ဖြစ်သည်။ ဖီနာဘာချီနှင့် ဖီယင်နော့ဒ်အသင်းတို့မှာ ပြိုင်ဘက်ကောင်းများဖြစ်သဖြင့် မန်ယူအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရသည်ဆိုသော်လည်း ချန်ပီယံလိဂ်ဝင်ရောက်ယှဉ်ပြိုင်ရသည်နှင့်ပင် အလားသဏ္ဍာန်တူကြောင်း မန်ယူနည်းပြ မော်ရင်ဟိုက ဆိုလိုက်သည်။

ယူကရိန်းကလပ် ဇော်ရာအသင်းအခြေစိုက်ရာ အောဒီစာမြို့သည် ရုရှားနယ်စပ်တွင် တည်ရှိပြီး ခရိုင်းမီးယား ပြဿနာကြောင့် စစ်ဒဏ်ခံထားရသော မြို့ဖြစ်ရာ နိုင်ငံတကာအဆင့် မည်သည့်ပြိုင်ပွဲများကိုမျှ မကျင်းပနိုင်သည်မှာ နှစ်နှစ်ခန့်ကြာမြင့်ပြီဖြစ်သည်။ထို့ကြောင့် မန်ယူအသင်းသည် လုံခြုံရေးအခြေအနေကို စိုးရိမ်သဖြင့် ယူကရိန်းလေဆိပ်မှ မိုင် ၅၆၀ ကွာဝေးသော အောဒီစာမြို့သို့ လေကြောင်းခရီးအသုံးမပြုဘဲ ကားဖြင့်သာ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။ မန်ယူအသင်းသည် ယင်းပွဲစဉ်ကို ဒီဇင်ဘာ ၁၈ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဥရောပအစဉ်အလာကြီးမားသည့် အင်တာမီလန်



အသင်းသည် စပါတာပရာဟာ၊ ဆောက်သမ်တန်၊ ရီဗာ အသင်းတို့နှင့်အတူ အုပ်စု(K )တွင် ကျရောက်နေသည်။ ဆောက်သမ်တန်အမှုဆောင်ဒါရိုက်တာ လက်စ်ရိဒ်က




အုပ်စုတက်ရေးအတွက် အသင်းများအားလုံး အခွင့်အရေးတန်းတူရှိပြီး အင်တာမီလန်အသင်းကို ခက်ခဲစွာ ရင်ဆိုင်ရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

| | | | | | |
|---|---|---|---|---|---|
| အုပ်စု | (A)- | မန်ယူ၊ | ဖီနာဘာချီ၊ | ဖီယင်နော့ဒ် | ဇော်ရာ |
| အုပ်စု | (B)- | အိုလံပီယာကော့စ်၊ | အေပိုရယ်၊ | ယန်းဘွိုင်းစ်၊ | အက်စ်တာနာ |
| အုပ်စု | (C)- | အန်းဒါးလက်ချ်၊ | စိန့်အက်တီယန်၊ | မိန့်ဇ်၊ | ကွာဘာလာ။ |
| အုပ်စု | (D)- | ဇင်းနစ်၊ | အယ်လ်ခမာ၊ | မက္ကာဘီတဲအဗစ်၊ | ဒန်းဒေါ့ခ်။ |
| အုပ်စု | (E)- | ပလာဇန်၊ | ရိုးမား၊ | ဗီယင်နာ၊ | ဂူအားဂျီးယူ၊ |
| အုပ်စု | (F)- | ဘီဘာအို၊ | ဂျန့်ခ်၊ | ရက်ပစ်ဗီနာ၊ | ဆာစူအိုလို။ |
| အုပ်စု | (G)- | အေဂျက်စ်၊ | စတန်းဒက်လိဂ်၊ | ဆယ်လ်တာဗီဂို၊ | ပင်နယ်သီနိုင်ကော့စ်။ |
| အုပ်စု | (H)- | ရှက်တာဒိုးနက်ခ်၊ | ဘရာဂါ၊ | ဂျန့်၊ | ကွန်ယာစပေါ။ |
| အုပ်စု | (I)- | ရှော်လ်ကေး၊ | ဆော့ဘာ့ချ်၊ | ခရာစနိုဒါ၊ | နိုက်စ်။ |
| အုပ်စု | ( J)- | ဖီအိုရင်တီးနား၊ | ပီအေအိုကေ၊ | လစ်ဘီရက်၊ | ကွာရာဘက်ခ်။ |
| အုပ်စု | (K)- | အင်တာမီလန်၊ | စပါတာပရပ်ဂ်၊ | ဆောက်သမ်တန်၊ | ရီဗာ။ |
| အုပ်စု | (L)- | ဗီလာရီးယဲလ်၊ | စတူအာဘူခါရက်ခ်၊ | ဇူးရစ်၊ | အော့စ်မန်နီစပေါ။ |

# ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမှစတင်၍ ထိပ်တန်းလိဂ်လေးခုမှ အသင်းလေးသင်း ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရမည်




ဥရောပ ထိပ်တန်းလိဂ်လေးခုမှ ထိပ်ဆုံးလေးသင်း အနေဖြင့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမှ စတင်ကာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့် ရရှိမည်ဖြစ်သည်ဟု ယူအီးအက်ဖ်အေ အုပ်ချုပ်ရေးအဖွဲ့က ဩဂုတ်၂၇ရက်တွင် ဆုံးဖြတ်ခဲ့သည်။ ယူအီးအက်ဖ်အေ(ဥရောပဘောလုံးအဖွဲ့ချုပ်) အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ လက်ရှိ ဥရောပ အဆင့်မြင့်ဆုံးလိဂ်လေးခုမှာ စပိန်လာလီဂါ၊ ဂျာမနီဘွန်ဒက်စ်လီဂါ၊ အင်္ဂလန်ပရီမီယာလိဂ်နှင့် အီတလီ စီးရီးအေတို့ဟု သတ်မှတ်သည်။

ပစ္စုပ္ပန်ကာလတွင် စပိန်၊ ဂျာမနီနှင့် အင်္ဂလန်တို့ရှိ ထိပ်ဆုံးသုံးသင်းမှာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိကြပြီး စတုတ္ထနေရာရှိ အသင်းမှာ ထပ်ကျော့ ခြေစစ်ပွဲဖြင့် ချန်ပီယံလိဂ်ယှဉ်ပြိုင်ခွင့် ရယူရသော အနေအထားဖြစ်သည်။ အီတလီအသင်းများတွင် ပထမနှင့် ဒုတိယရရှိသော အသင်းများမှာ တိုက်ရိုက်ဝင်ရောက် ယှဉ်ပြိုင်ခွင့်နှင့် တတိယနေရာအသင်းမှာ ခြေစစ်ပွဲပြန် ကစားကြရသည်။

ယခုပြဋ္ဌာန်းလိုက်သည့် စနစ်သစ်ကြောင့် ယူရိုပါလိဂ်ချန်ပီယံအသင်းအနေဖြင့် ချန်ပီယံလိဂ်အုပ်စုအဆင့်သို့ တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိတော့မည်ဖြစ်သည်။ ယူအီးအက်ဖ်အေသည် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရ အသင်းများအား တစ်နှစ်ထက်တစ်နှစ်ငွေကြေးအကျိုးအမြတ်များ ပိုမိုခံစားနိုင်မှုရှိအောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း သိရသည်။

ယူအီးအက်ဖ်အေက ယခုအပြောင်းအလဲကို" အလုံးစုံပြောင်းလဲရေးမဟုတ်၊ အဆင့်ဆင့်ပြောင်းလဲရေးသာဖြစ်သည်" ဟု ရှင်းလင်းခဲ့သလို ယခုပြောင်းလဲခဲ့သော ပုံစံသစ်ကြောင့် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ဝင်ခွင့်ရအသင်းများအားလုံး ငွေကြေးခွဲဝေမှု ပိုမိုရရှိမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့ပြင် အားကောင်းလာသော တရုတ်စူပါလိဂ်၏ ခြိမ်းခြောက်လာမှုကိုလည်း အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်မည်ဖြစ်ပြီး ပရိသတ်များ အာရုံစူးစိုက်မှုကို ပိုမိုရရှိမည်ဖြစ်ကြောင်း မျှော်လင့်ထားသည်။

အခြားအဖွဲ့အစည်းငယ်များကမူ ယင်းဆုံးဖြတ်ချက်သည်အင်အားကြီးပြီးသားလိဂ်များကို အင်အားပိုမိုတောင့်တင်းစေရန် ပံ့ပိုးပေးသည့်လုပ်ရပ်သာဖြစ်ကြောင်း ဝေဖန်ခဲ့သည်။ ထို့ကြောင့် အခြားယူအီးအက်ဖ်အေအဖွဲ့ဝင်အသင်းငယ်များ၏ ဆန္ဒအရ ယူအီးအက်ဖ်အေဥက္ကဋ္ဌသစ်ဖြစ်လာမည့် ဆလိုဗေးနီးယားနိုင်ငံသား စီဖီရင်အတွက် အမှန်တကယ် အကျပ်ရိုက်စေသည့် ကိစ္စရပ်တစ်ခုဖြစ်လာနိုင်သည်ဟူသော သုံးသပ်မှုများရှိနေကြောင်းလည်း သိရသည်။

## ဩဂုတ် ၂၈/၂၉ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၃**

| | | |
|---|---|---|
| ဝက်စ်ဘရွန်း - မစ်ဒယ်ဘရော့ | | ည-၇း၀၀ |
| မန်စီးတီး - ဝက်စ်ဟမ်း | | ည-၉း၃၀ |

**လာလီဂါ ပွဲစဉ် - ၂**

| | |
|---|---|
| လက်စ်ပါးလ်မက်စ် -ဂရန်နာဒါ | ည-၁၀း၄၅ |
| အလာဗက်စ် - စပို့တင်းဂီဂျွန် | ည-၁၀း၄၅ |
| ဘီဘာအို - ဘာစီလိုနာ | နံနက်-၀၀း၄၅ |
| ဗီလာရီးယဲလ် - ဆီဗီလာ | နံနက်၂း၄၅ |

**စီးရီးအေ ပွဲစဉ် - ၂**

| | |
|---|---|
| အင်တာမီလန် - ပါလာမို | ည-၁၀း၃၀ |
| ကယ်ဂလီယာရီ - ရိုးမား | နံနက်-၁း၁၅ |
| ခရိုတုန်း - ဂျီနိုအာ | နံနက်-၁း၁၅ |
| ဖီအိုရင်တီးနား - ချီယေဗို | နံနက်-၁း၁၅ |
| ဆမ်ဒိုးရီးယား - အတ္တလန္တာ | နံနက်-၁း၁၅ |
| ဆာစူအိုလို - ပက်စ်ကာရာ | နံနက်-၁း၁၅ |
| တိုရီနို - ဘိုလော့နာ | နံနက်-၁း၁၅ |
| အူဒီးနီးစ် - အမ်ပိုလီ | နံနက်-၁း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁**

| | |
|---|---|
| ဟာသာဘာလင် - ဖရိုင်းဘတ် | ည-၈း၀၀ |
| ဟော့ဖန်ဟိမ်း - လိုက်ပ်ဇစ် | ည-၁၀း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၂**

| | |
|---|---|
| ဘော်ဒိုး - နန့်တက်စ် | ည-၇း၃၀ |
| စိန့်အက်တီယန် - တူးလော့စ် | ည-၉း၃၀ |
| မိုနာကို - ပီအက်စ်ဂျီ | နံနက်-၁း၁၅ |

## ဩဂုတ် ၂၇ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၃**

| | | | | |
|---|---|---|---|---|
| စပါး | ၁ | - | ၁ | လီဗာပူး |
| ချယ်လ်ဆီး | ၃ | - | ၀ | ဘန်လေ |
| ခရစ္စတယ်ပဲလေ့စ် | ၁ | - | ၁ | ဘုန်းမောက် |
| အဲဗာတန် | ၁ | - | ၀ | စတုတ်စီးတီး |
| လက်စတာ | ၂ | - | ၁ | ဆွမ်ဆီး |
| ဆောက်သမ်တန် | ၁ | - | ၁ | ဆန်းဒါးလန်း |
| ဝက်ဖို့ဒ် | ၁ | - | ၃ | အာဆင်နယ် |

**လာလီဂါ ပွဲစဉ် - ၂**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၀ | - | ၀ | ဒီပို့တီဗို |
| အက်စ်ပန်ညို | ၂ | - | ၂ | မာလာဂါ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၆ | - | ၀ | ဝါဒါဘရီမင် |
| ဒေ့ါမွန် | ၂ | - | ၁ | မိန့်ဇ် |
| ကိုလုံး | ၂ | - | ၀ | ဒမ်းစတက် |
| ဟမ်းဘတ် | ၁ | - | ၁ | အင်ဂေါ်စတက် |
| အော့စ်ဘတ် | ၀ | - | ၂ | ဝုဖ်ဘတ် |
| ဖရန့်ဖတ် | ၁ | - | ၀ | ရှော်လ်ကေး |

**ပြင်သစ်လီဂူး ပွဲစဉ် - ၂**

| | | | | |
|---|---|---|---|---|
| မာဆေး | ၂ | - | ၀ | လိုရီးယန့် |
| ဒီဂျွန် | ၄ | - | ၂ | လိုင်ယွန် |

**မောင်မောင်ဇော်**

# ပြိုင်ပွဲအခုမှစကြောင်း လီဝမ်ဒေါစကီးကို အော့ဘာမီယန်သတိပေး

ဒေ့ါမွန်တိုက်စစ်မှူး အော့ဘာမီယန်က ဘွန်ဒက်စ်လီဂါ အဖွင့်ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အတွက် သုံးဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး လီဝမ်ဒေါစကီးကို ဘွန်ဒက်စ်လီဂါ ဂိုးသွင်းဘုရင်ဆုပြိုင်ပွဲ အခုမှ စတင်ကြောင်း သတိပေးစကားဆိုလိုက်သည်။ လီဝမ်ဒေါစကီးမှာ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း သွင်းဂိုး(၃၀) သွင်းယူနိုင်ခဲ့ပြီး အနီးဆုံးပြိုင်ဘက် အော့ဘာမီယန်၏သွင်းဂိုး ၂၅ ဂိုးထက် ငါးဂိုးသာ လွန်ခဲ့သည်။

သို့သော် အော့ဘာမီယန်က ယခုနှစ်ဘောလုံးရာသီတွင် လီဝမ်ဒေါစကီးကို နောက်ကောက်ချကာ ဂိုးသွင်းဘုရင်ဆုကို ရယူရန် မျှော်လင့်နေပြီး သူ၏ တွစ်တာ စာမျက်နှာပေါ်တွင်" ပြိုင်ပွဲအခုစပါပြီ။ သူဘယ်လောက်ထပ်စွမ်းဆောင်ပြနိုင်သလဲဆိုတာ ကျွန်တော်တို့ စောင့်ကြည့်ရအောင်ပါ" ဟု ရေးသားခဲ့သည်။

အော့ဘာမီယန်သည် ပြီးခဲ့သည့် ဘောလုံးရာသီအစ ရှစ်ပွဲတွင်သွင်းဂိုး ၁၀ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သော်လည်း ဒုတိယရာသီဝက်တွင် ခြေစွမ်းတဖြည်းဖြည်း ကျဆင်းခဲ့သူဖြစ်သည်။

# ချန်ပီယံလိဂ်အုပ်စုတက်ရေးအတွက် အရာအားလုံးပေးဆပ်ကစားရန် လက်စတာကစားသမားများကို နည်းပြ ရာနီရေရီ တိုက်တွန်း

ချန်ပီယံလိဂ်အုပ်စု မဲခွဲဆုံးဖြတ်မှုကို ဩဂုတ်၂၆ ရက်မှာ ပြုလုပ်ခဲ့ပြီးနောက်မှာ ပရီမီယာလိဂ်လက်စတာအသင်းဟာ ပေါ်တို၊ ကလပ်ဘရူးဂ်၊ ကိုပင်ဟေဂင်တို့လိုအသင်းတွေနဲ့ အုပ်စု (G)မှာ ကျရောက်နေတာကြောင့် အုပ်စုတက်ရေး မျှော်လင့်ချက်အတွက် အလုံးစုံ ပေးဆပ်ကစားဖို့ လက်စတာ ကစားသမားများကို နည်းပြရာနီရေရီက တိုက်တွန်းခဲ့ပါတယ်။ ရာနီရေရီက အုပ်စုတွင်း လက်စတာရဲ့ အဓိကပြိုင်ဘက်က ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်ရယူထားနိုင်တဲ့ ပေါ်တိုသာဖြစ်ပြီး ကလပ်ဘရူးဂ်နဲ့ ကိုပင်ဟေဂင်တို့ကို အနိုင်ကစားပြီး နောက်တစ်ဆင့်တက်ဖို့မျှော်လင့်နေတာပါ။လက်စတာအသင်းက ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်အဖြစ် ကလပ်ဘရူးဂ်ကို စက်တင်ဘာ ၁၄ ရက်မှာ ဘယ်လ်ဂျီယံနိုင်ငံကို သွားရောက် ရင်ဆိုင်ရမှာဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် အိမ်ကွင်းကင်းပါဝါမှာ ပေါ်တိုကို ဧည့်ခံကစားရမှာဖြစ်ပါတယ်။ရာနီရေရီက "မနှစ်ကတောင် ဘယ်သူမှ ချန်ပီယံဖြစ်မယ်လို့ မမျှော်လင့်ထားဘဲ အသင်းကြီးတွေကိုကျော်ပြီး ချန်ပီယံ ဖြစ်ခဲ့သေးတာပဲ။ အခု ချန်ပီယံလိဂ်မှာလည်း ဒါမျိုးနောက်တစ်ကြိမ် စွမ်းဆောင်ပြနိုင်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော့်ကစားသမားတွေ ဘာတွေ လုပ်ပြနိုင်သလဲဆိုတာ ကြည့်ချင်ပါတယ်" လို့ ပြောခဲ့ပါတယ်။

**မေလွဲ့သင်း-ရေးသားသည်**

## ဂျပန်ဦးနှောက်ရောင် ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ သီပေါမြို့၌ကျင်းပ

**သီပေါ ဩဂုတ် ၂၇**

သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း အသိပညာပေး ဟောပြောခြင်းကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ရာ ဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် သီပေါမြို့နယ် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာနန်းရူပဟန်က ဂျပန်ဦးနှောက်ရောင်ရောဂါသည် ဂျပန်ဦးနှောက်ရောင်ရောဂါပိုး (JE Virus)ကို သယ်ဆောင်သော ကျူးလက်စ်ခြင်ကိုက်ခြင်းကြောင့်ဖြစ်ကြောင်း၊ အဆိုပါခြင်သည် ရေပုပ်ရေသိုးတွင် ပေါက်ပွားခြင်းဖြစ်ကြောင်း၊ အသက် ၁၅ နှစ်အောက် ကလေးများတွင် အဖြစ်များကြောင်း၊ ပျောက်ကင်းအောင် ကုသပေးနိုင်သည့်ဆေး မရှိသေးကြောင်းနှင့် ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ် နှိမ်နင်းရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောခဲ့သည်။

သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာအုပ်စု ကုံးမုံကျေးရွာတွင် ကလေးတစ်ဦး၊ နားမခေါ်ကျေးရွာအုပ်စု ဟိုနားကျေးရွာတွင် ကလေးတစ်ဦး ဂျပန်ဦးနှောက်ရောင် ရောဂါဖြစ်ပွားခဲ့ပြီး အဆိုပါကျေးရွာနှစ်ရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**


## ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိစေရေး၊ မြို့တွင်းသာယာလှပရေး ဆွေးနွေး

**ကျောက်တန်း ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးအောင်ငွေသည် ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်၊ ကျောက်တန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးတို့လိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့သို့သွားရောက်၍ တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိစေရေး၊ မြို့တွင်းသာယာလှပရေးတို့ကို ဆွေးနွေးအကြံပြုမှာကြားပြီး ရုံးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

# ရေနံ့သာအနာကြီးရောဂါကုဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် နံ့သာမြိုင်စခန်း လူမှုဘဝဖွံ့ဖြိုးမှုများအား ကြည့်ရှုစစ်ဆေး



**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူများသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကုသရေးဦးစီးဌာနမှူးတို့နှင့်အတူ ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက မတ္တရာမြို့နယ် ဥက္ကံကျေးရွာအနီး ရေနံ့သာကျေးရွာရှိ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံသို့ သွားရောက်၍ ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ နံ့သာမြိုင်စခန်းတွင် မိသားစုများ နေထိုင်စားသောက်မှု၊ လူမှုဘဝအခြေအနေများအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား ခေတ္တဆေးရုံအုပ် ဒေါက်တာနန်းနီလာအောင်က ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့မှု၊ ကုသရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကုသဆောင် ၁၀ ခုတွင် အနာကြီးရောဂါဝေဒနာရှင်များအပြင် အခြားရောဂါဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုပြီးလိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။ ရေနံ့သာအနာကြီးရောဂါ ဆေးရုံတွင် တက်ရောက်ကုသခံသူ ၈၂ ဦးရှိပြီး ပြင်ပလူနာဌာန၌ နေ့စဉ်ဒေသခံ ပြည်သူ ၁၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပြီး နောက်ဆက်တွဲဝေဒနာများ ကုသပေးခြင်း၊ ခြေလက်ပုံပျက်မှုခွဲစိတ် ပြုပြင်ပေးခြင်း၊ ခြေတုလက်တုတပ်ဆင်ပေးခြင်း၊ ထုံနေသော မျက်နှာ၊ ခြေလက်စောင့် ရှောက်ပေးခြင်း၊ အရိုးနှင့်ထိခိုက်ဒဏ်ရာများ ကုသပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံအရှေ့မြောက်ဘက်ရှိ အနာကြီးရောဂါခံစားနေရသူများ၏ မိသားစုများနေထိုင်ရာ နံ့သာမြိုင်စခန်းသို့ သွားရောက်၍ နေထိုင်စားသောက်မှုနှင့် လူမှုဘဝအခြေအနေများ၊ စိုက်ပျိုးရေးနှင့် လယ်ယာလုပ်ကိုင်မှုများနှင့် အမှတ် ၁၄၀ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။ နံ့သာမြိုင်စခန်းတွင် လူဦးရေ ၁၃၆၁ ဦး၊ အိမ်ထောင်စု ၃၁၈ စုရှိသည်။

**သီဟကိုကို(မန်း)**

## လားရှိုးမြို့စားသုံးသူရေးရာဦးစီးဌာနမှ ကျေးရွာများသို့ကွင်းဆင်း၍ အသိပညာပေးဟောပြောခြင်းများဆောင်ရွက်

**လားရှိုး ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်မင်းစိုး ဦးစီးသောအဖွဲ့သည် ဩဂုတ် ၂၂ ရက်က မန်အိုင်ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကိုကျင်းပခဲ့ရာ တက်ရောက်လာသူများကို လက်ကမ်းစာစောင်များ ပေးဝေ၍စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဦးမြတ်မင်းစိုးက ဟောပြောဆွေးနွေးရာတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ အခန်း(၁၂)ခန်း၊ ပုဒ်မ(၃၁)ခုပါရှိကြောင်း၊ အစားအသောက်၊ ဆေးဝါးတင်မဟုတ်ဘဲ ဝန်ဆောင်မှု လုပ်ငန်းများပါ အကျုံးဝင်ကြောင်း၊ စံမမီ စားသောက်ကုန်များအကြောင်း၊ ကျန်းမာရေးဝန်ကြီး ဌာနမှ စားသုံးရန်မသင့်သော အစား အသောက်များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်နှင့် ပြည်တွင်း၊ ပြည်ပတွင် လက်ရှိဖြစ်ပေါ်နေသည့် အစားအသောက် ဆေးဝါး၊ ရောဂါအခြေအနေများအား သိရှိရန် သတင်းစာ၊ ဂျာနယ်များအား ဖတ်ရှုရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီ၊ စားသုံးသူတိုင်ကြားမှုများ ပုံစံများပါရှိကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိလုပ်ငန်းအပေါ်တွင်သာ လုပ်ငန်းရှင်အဖြစ်ရပ်တည်သော်လည်း စားသုံးသူပင်ဖြစ်ပါကြောင်း၊ စားသုံးသူ၏ အခွင့်အရေး၊ တာဝန်နှင့်တားမြစ်ချက်များကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ အဖွဲ့ဝင်ဦးခင်ညွှန့်က အစားအသောက်များနှင့်ပတ်သက်၍ ဆိုးဆေး အန္တရာယ်၊ သဘာဝဆိုးဆေး၊ ဓာတုဆိုးဆေးများအကြောင်း အစားအသောက်တွင်သုံးစွဲ ရန်ခွင့်မပြုသော ဓာတုဆိုးဆေးများကိုလုံးဝအသုံးမပြုရန်၊ အမှတ်တံဆိပ်ပါအချက်များအား သတိပြုရောင်းဝယ်ကြရန် ဆွေးနွေးဟောပြောခဲ့သည်။

အဖွဲ့ဝင် ဒေါ်မေသူဝင်းက အိမ်တွင်းမီးဖိုချောင်သုံး စားသုံးဆီနှင့် ဟင်းချိုမှုန့်များကို လွန်ကဲစွာစားသုံးခြင်း၊ ကလေးငယ်များအား တရုတ်စာတန်းပါ အစပ်ထုပ်များ စားသုံးခြင်း၊ စားသုံးရန်မသင့်သော ရက်လွန်ပြီး မှိုတက်နေသော မုန့်မျိုးစုံနှင့် ဓာတုဆေးပါ အချိုရည်များအကြောင်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ရာ သက်ဆိုင်ရာကျေးရွာများမှ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက လွန်စွာအရေးကြီးသည့် ဗဟုသုတများ ရရှိသည့်အတွက် ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်(လားရှိုး)**

## မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် လွိုင်ကော်မြို့၌ လှည့်လည်ဟောပြော

**လွိုင်ကော် ဩဂုတ် ၂၇**

ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မိုးမောင်သန်း၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုဖြင့် ပြည်သူလူထုနှင့် ကျောင်းသား၊ ကျောင်းသူများအား ထိရောက်သော မှုခင်းအသိပညာများရရှိစေရန် ရည်ရွယ်ပြီး 'မူးယစ်နွံတွင် ကျွံ၍ဆင်း သေမင်းအမြန်ခေါ်လိမ့်မည်။' 'မူးယစ်ကင်းစင် တို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြီးပွားမ်းစို့'၊ 'မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်'၊ 'ရဲနှင့်ပြည်သူ လက်တွဲကူ ဒုစရိုက်ဟူသမျှ ချေမှုန်းကြ' 'လူကုန်ကူးမှု တိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့'၊ 'မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့'၊ 'စည်းကမ်းလိုက်နာ ဘေးကင်းကွာ' ခေါင်းစဉ်များဖြင့် မှုခင်းအသိပေးခြင်း မှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းပုံများ၊ စာစောင်များပါဝင်သည့် ပြခန်းယာဉ်အား ကယားပြည်နယ် လွိုင်ကော်မြို့ လူစည်ကားသည့် မြို့မဈေးအနီး လမ်းဆုံများနှင့် အမှတ် (၁)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများသို့ ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက စတင်၍ လှည့်လည်အသိပညာပေး ဟောပြောပြသခြင်းများဆောင်ရွက်ခဲ့သည်။

အဆိုပါပြခန်းယာဉ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်စခန်းမှူးရုံး၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများလိုက်ပါ၍ လာရောက်ကြည့်ရှုသည့် ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်(၂)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး သိန်းကိုကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မျိုးတင်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမိုးမောင်သန်းနှင့် ကျောင်းသား၊ ကျောင်းသူများက မှုခင်းအသိပညာပေးပြခန်းယာဉ်ရှိ အသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းပုံများ၊ စာစောင်များအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကိုနိုင်း (လွိုင်ကော်)**



## ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်လှစ်

**တီးတိန် ဩဂုတ် ၂၇**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အစီအစဉ်ဖြင့် ဖွင့်လှစ်သောသင်တန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းတွင် အုပ်ချုပ်ရေးမှူး ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ကြောင်း သိရသည်။ **ဂျိုးနက်**

# မန္တလေးရွှေဈေးကွက်စံချိန်တင်မြင့်တက်ကာ အရောင်းအဝယ်အားနေ



**မန္တလေး ဩဂုတ် ၂၇**

ဒေါ်လာဈေးမြင့်တက်လာခြင်း၊ ရွှေရောင်းဝယ်မှုအပေါ် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းအခွန်ပေးဆောင်ရန် ဥပဒေကြမ်းရေးဆွဲခြင်း၊ ရွှေထွက်ရာဒေသများဖြစ်သော သပိတ်ကျင်း၊ ရမည်းသင်းဒေသတို့တွင် မိုးများအဆက်မပြတ် ရွာသွန်းနေသဖြင့် ရွှေအထွက်ကျဆင်းခြင်းများကြောင့် ရွှေဈေးနှုန်းများ မြင့်တက်ခဲ့သည်။ မန္တလေးမြို့ရွှေဈေးကွက်တွင် မြန်မာ့ရွှေအရောင်းအဝယ် သက်တမ်းတစ်လျှောက် ဩဂုတ် ၂၅ ရက် ဈေးဖွင့်ချိန်တွင် တစ်ကျပ်သား ကျပ် ၈၆၃၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ဩဂုတ်လအတွင်း အခေါက်ရွှေတစ်ကျပ်သား ကျပ် ၈၅၀၀၀၀ အောက်ပြန်ကျရန် မဖြစ်နိုင်သေးကြောင်း မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ရွှေဈေးအမြင့်ဆုံးရောက်ရှိ သွားသောကြောင့် အရောင်းအဝယ်ပါး သွားပြီး ရွှေစုဆောင်းထားသူအချို့မှာလည်း အခေါက်ရွှေဈေး ကျပ် ၈၅၆၀၀၀ ကျော်ရောက်ရှိလာသဖြင့်ပြန်လည် ထုတ်ရောင်းချသူများ များပြားလျက်ရှိကြောင်း မန္တလေးမြို့ ရွှေအရောင်းအဝယ်ဈေးကွက်မှသိရသည်။

ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီ ရွှေအဖွင့်ဈေး အခေါက်ရွှေတစ်ကျပ်သား ကျပ်၈၆၃၀၀၀၊ ၁၅ ပဲရည်ကျပ် ၈၁၅၀၀၀၊ ဒင်္ဂါး ကျပ် ၇၇၉၅၀၀ ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်ထရိုင်အောင်စ ၁၃၃၈ ဒေါ်လာ၊ ငွေလဲနှုန်းမှာ တစ်ဒေါ်လာ ၁၂၂၇ ကျပ်ဖြစ်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကျေးရွာသုံးထင်းစိုက်ခင်းမှထင်းများဖြန့်ဝေ

**မြင်းခြံ ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကျေးရွာသုံး ထင်းစိုက်ခင်းမှထွက်ရှိသောထင်းများကိုဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကုက္ကဲတောင် ကာကွယ်တောအတွင်းတည်ထောင်စိုက်ပျိုးခဲ့သော ကျေးရွာသုံး ထင်းစိုက်ခင်း စိုက်ခင်းအမှတ်(၅/၂၀၀၉)ရှိ ဧက ၄၀ အား သက်တမ်း ငါးနှစ်ပြည့်ပြီးဖြစ်၍ ကျေးရွာသို့လွှဲပြောင်းပေးပြီး ဧက ၄၀ အနက်မှ ဧက ၂၀ ကို ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အပြောင်ခုတ်လှဲခြင်းလုပ်ငန်းမှ ထွက်ရှိသောထင်းများကို ရွာသာယာကျေးရွာရှိ အိမ်ထောင်စုများသို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကံထွန်း၊ မြို့နယ်ဦးစီးအရာရှိနှင့်ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြသည်။

ထွက်ရှိလာသော ကျေးရွာသုံးထင်းစိုက်ခင်းမှ ထင်း ၂၀ တန်ခန့်အား အညီအမျှ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စစ်တွေမျိုးသန့်ခြံတွင် သီးနှံကွင်းပြပွဲကျင်းပ

**စစ်တွေ ဩဂုတ် ၂၇**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကွင်းပြပွဲ အခမ်းအနားကိုစစ်တွေမြို့ စစ်တွေမျိုးသန့်ခြံတွင် ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရခိုင်ပြည်နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး သီးနှံကွင်း ပြပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းတစ်ခုဖြစ်သည့် တောင်သူဦးကြီးများကို လက်တွေ့ပြသခြင်းဖြစ်ကြောင်း၊ ယခု စစ်တွေခရိုင်အတွင်းရှိ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်မြို့နယ်တို့မှ တောင်သူပေါင်း ၂၀၀ ကျော် လက်တွေ့လေ့လာခြင်းကို ပြသမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ သိပ္ပံနည်းကျစိုက်ပျိုးထားရှိမှုကိုတောင်သူများ လက်တွေ့လေ့လာပြီး လိုက်ပါဆောင်ရွက်သွားမည်ဆိုလျှင် တောင်သူများ၏ ဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ယခုသီးနှံကွင်းပြသခြင်းသည် ရခိုင်ပြည်နယ်တွင် ပထမဆုံးပြသခြင်းဖြစ်ကြောင်း၊ နောင်တွင် ပြည်နယ်အတွင်းရှိ ခရိုင်များတွင်လည်း ပြသသွားမည်ဖြစ်ကြောင်းဖြင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက ပြောကြားသည်။

အဆိုပါသီးနှံကွင်းပြသပွဲအား ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက သီးနှံကွင်းပြပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးများနှင့် တောင်သူကြီးများက သီးနှံကွင်းအားလက်တွေ့ကွင်းဆင်းလေ့လာကြရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စစ်တွေမျိုးသန့်ခြံမှ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ ၎င်းသီးနှံပြကွင်းတွင် ရွှေဝါထွန်းမျိုးနှင့် ဆင်းသွယ်လတ်မျိုးစပါးများကို ဧက ၄၀ တွင် သိပ္ပံနည်းကျစိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စစ်တွေခရိုင်မှ တောင်သူများ တက်ရောက်လေ့လာကြကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

## ပန်းပဲလုပ်ငန်းတွင် တန်ဖိုးနည်း လေမှုတ်မော်တာမီးဖိုများ အသုံးပြုလာ

**စဉ့်ကိုင် ဩဂုတ် ၂၇**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်မှ ရိုးရာတောင်သူသုံး တံစဉ်များကို ဒေသအနှံ့ ဖြန့်ချိရောင်းချလျက်ရှိသည်။ မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ကုန်းနီကျေးရွာမှထုတ်လုပ်သော တံစဉ်များမှာ နာမည်ရပြီး လူကြိုက်များသည်။ ယခင်က တံစဉ်နှင့် ဓားများပြုလုပ်ရာတွင် ရိုးရာဖားဖိုကို အသုံးပြုပြီးပြုလုပ်ကြသည်။ လက်ရှိကာလတွင် တန်ဖိုးနည်း လေမှုတ်မော်တာမီးဖိုများကို အသုံးပြုကာ ပန်းပဲလုပ်ငန်းကို လုပ်ကိုင်ကြသည်။

လေမှုတ်မီးဖိုများကို ဘက်ထရီစွမ်းအင်ဖြင့်လည်ပတ်ကြသည်။ ဘက်ထရီများအားသွင်းရာတွင် ဆိုလာစနစ်ကို အသုံးပြုကာ အားသွင်းကြသည်။ လက်ရှိကာလတွင် တောင်သူသိမ်းချိန် ပြီးဆုံးသည့်ကာလတွင် ဓားများကို ပြုလုပ်ရောင်းချနေရသည်။ တောင်သူချိန်တွင် တံစဉ်ကို အဓိကထားပြုလုပ်ကြသည်။ တံစဉ်ကို ပြုလုပ်ရာတွင် အလွယ်တကူ အသုံးပြုနိုင်ရန် တံစဉ်ရိုးများပါ ပြုလုပ်ရောင်းချကြသည်။ တံစဉ်တစ်ချောင်းလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့်ရောင်းချသည်။

တံစဉ်နှင့်လက်ကိုင် တွဲဖက်တပ်ဆင်ထားပါက ငွေကျပ် ၁၃၀၀ မှ ကျပ် ၁၅၀၀ အထိ ရောင်းချကြသည်။ လက်ရှိကာလ စဉ့်ကိုင်မြို့နယ် ကုန်းနီရွာတွင် တောင်သူသုံး တံစဉ်နှင့် ဓားပြုလုပ်သည့်ပန်းပဲဖို ၁၅ ဖိုခန့်အထိရှိပြီး တစ်နှစ်ပတ်လုံး မော်တာလေမီးဖိုကို အသုံးပြုကာ တောင်သူသုံး တံစဉ်နှင့် ဓားများကို ဒေသအနှံ့ ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



## ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်တွင် သတင်းစကားစာစောင်များနှင့် စာစောင် ၁၂ မျိုးအား ထပ်မံဖြည့်ဆည်းဆောင်ရွက်

**လင်းခေး ဩဂုတ် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မျက်မှောက်ကာလခေတ်နှင့် လျော်ညီသော နည်းစနစ်များဖြင့် ပြည်သူ့အကျိုးပြု စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်းလုံးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ စာပေရေချမ်းစင် (Book-Corner)များအား ထားရှိဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက လင်းခေးမြို့နယ်အတွင်းရှိ စာပေရေချမ်းစင်ငယ် (mini book corner)များ ထားရှိရာ နေရာများသို့ သွားရောက်၍ (သင့်အတွက်တရားရုံး) သတင်းစကားအသိပညာပေးစာစောင်များကို ဖြည့်ဆည်းခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါစာစောင်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ထုတ်လုပ်ပေးပို့လာခြင်းနှင့် လင်းခေးခရိုင်တရားရုံးနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းဖြစ်ကြောင်း ခရိုင် (ပြန်/ဆက်)မှ ဦးစီးအရာရှိ ဒေါ်နန်းသန္တာဦးက ပြောကြားသည်။

ပြည်သူ့အကျိုးပြု သင့်အတွက်တရားရုံး လက်ကမ်းစာစောင်များတွင် ရာဇဝတ်မှုအကြောင်းသိကောင်းစရာ၊ တရားမမှုအကြောင်းသိကောင်းစရာများနှင့် ပြည်သူတို့ သိသင့်သိထိုက်သော အချက်(၃၃)ချက်ပါဝင်သော၊ နိုင်ငံတော်အစိုးရ တရားစီရင်ရေးလုပ်ငန်းဆိုင်ရာ သိကောင်းစရာအကြောင်းများ ဖော်ပြပါရှိကြောင်း လင်းခေးခရိုင်တရားရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းစာစောင်များကို လင်းခေးမြို့ လူစည်ကားရာနေရာများဖြစ်သော မော်တော်ယာဉ်ဂိတ်၊ လက်ဖက်ရည်ဆိုင်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြို့မရဲတပ်ဖွဲ့စခန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဘုန်းတော်ကြီးကျောင်းအရှေ့ရှိပြည်သူများအပန်းဖြေရာနေရာအနီး မိုင်းပန်လင်းခေးမော်တော်ယာဉ်ဂိတ်တို့၌ ထားရှိပေးခဲ့ကြောင်း သိရသည်။ **စိုင်းဇော်လတ်(လင်းခေး)**

## လူစုလူဝေးအားစနစ်တကျထိန်းသိမ်းခြင်းဆင့်ပွားသင်တန်းဆင်း

**စစ်ကိုင်း ဩဂုတ် ၂၇**

စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော လူစုလူဝေးအားစနစ်တကျထိန်းသိမ်းခြင်း (ဆင့်ပွားသင်တန်း) ၂/၂၀၁၆ သင်တန်းဆင်းပွဲကို ဩဂုတ် ၂၆ရက် နံနက် ၈ နာရီက မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ရဲရင့်ရိပ်သာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြသင်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ယခုသင်တန်းက ပို့ချပေးတဲ့ အသိပညာ၊ အတတ်ပညာများကို စိတ်ပါဝင်စားစွာ သင်ယူပေးကြတဲ့အတွက် ဝမ်းသာမှုရှိပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုကို ရှေးရှုသည့်ရဲလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ ပြည်သူနဲ့တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်စေလိုကြောင်း၊ ရဲလုပ်ငန်းများနှင့်ပတ်သက်၍ စိတ်ရောကိုယ်ပါ အသွင်သဏ္ဍာန်များ ပြောင်းလဲပြုပြင်နိုင်မှသာလျှင် ပြည်သူအားကိုးယုံကြည်သော ရဲတပ်ဖွဲ့ဝင်များဖြစ်လာမှာဖြစ်ပြီး ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် မိမိတို့နယ်မြေဒေသရောက်ရှိတဲ့အခါ သင်တန်းက ပို့ချပေးတဲ့ ပညာရပ်များနှင့် လက်တွေ့ဆောင်ရွက် လုပ်ကိုင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့ပြီး ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမောင်က သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသားများကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်တို့မှ အရာရှိရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ အခြားအဆင့် ၄၀ စုစုပေါင်း ၅၀ တက်ရောက်ကြကာ သင်တန်းကာလကို ၁၂ ရက်ကြာ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

## ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များကို အာဟာရကျွေးမွေး

**ညောင်ရွှေ ဩဂုတ် ၂၇**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ညောင်ရွှေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ကိုယ်ဝန်ဆောင်ဆောင်မိခင်နှင့် ကလေးငယ်များကို အာဟာရကျွေးမွေးခြင်း၊ အာဟာရဖြစ်စေမည့် အစားအစာများ ချက်ပြုတ်ပြသခြင်းနှင့် အာဟာရအုပ်စု သုံးစုအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြို့ပြကာကွယ်ရေး ဝိုင်းဝန်းကူညီ ပြည်သူများ ငြိမ်းအေးချမ်းသာမည်

ukdifo
koyinau.mirrordaily@gmail.com



အီတလီနိုင်ငံ၌ ဩဂုတ် ၂၄ ရက်က မြေငလျင်လှုပ်ခဲ့ပြီးနောက် မြို့ပြကာကွယ်ရေး တပ်ဖွဲ့ဝင်များ ပါဝင်ကူညီကြစဉ်။
ဓာတ်ပုံ- www.travelwires.com

နိုင်ငံတော်ကြီး အရေးပေါ် အခြေအနေ ကျရောက်ချိန်တွင် တစ်ပူပေါ် တစ်ပူဆင့် သောကဝေဒနာများ ပြည်သူတို့အပေါ် ထပ်မံ ဖိစီးမှု မရှိစေရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့ စားရေရိက္ခာ စုဆောင်းသိုမှီးထားကြပါရန် ဂျာမနီအစိုးရအဖွဲ့က ပြည်သူတို့အား အကြံပြုသည်ဆိုသော သတင်းတစ်ပုဒ်ကို ဖတ်ရှုရလေသော အခါ အမြော်အမြင်ကြီးမားသူ အစိုးရမင်းများ၏ 'စစ်မရောက်မီ မြားချွန်၊ မိုးမလွန်မီ ထွန်ချ' လုပ်ရပ်ဖြစ်ပေသည်ဟု ကျွန်ုပ် တွေးတောမိလေ၏။

ဂျာမနီနိုင်ငံ၌ စစ်အေးကာလနောက်ပိုင်း ပထမဆုံးအကြိမ် အစိုးရအဖွဲ့က အရေးပေါ်အခြေအနေ ကြေညာထားချိန် ကာလအတွင်း ပြည်သူတို့ ဣန္ဒြေမပျက် ဘဝခရီး ဆက်နိုင်ရေးအတွက် စားနပ်ရိက္ခာနှင့် သောက်သုံးရေ ကြိုတင်စုဆောင်းထားရှိကြရန် အကြံပြုလိုက်ခြင်းဖြစ်လေသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ အရေးပေါ်အခြေအနေ ကျရောက်ချိန်တွင် ပြည်သူခပင်းတို့အတွက် အရေးအကြီးဆုံးမှာ စားရေရိက္ခာမပြတ်လပ်ရေးဖြစ်၏။ ဖြစ်ပေါ်လတ္တံ့သော အရေးပေါ် အခြေအနေအတွက် အထူးတလည် ကြိုတင်ပြင်ဆင်ထားရန်မှာလည်း သာ၍အရေးကြီးလှ၏။

ဤတွင်ရွေ့ကား ကျွန်ုပ်စဉ်းစားမိသည်ကား 'မြို့ပြကာကွယ်ရေး' သဘောတရားပေတည်း။

လူ့ပယောဂကြောင့်ဖြစ်ရသော ဘေးဆိုးကြီး၊ သို့မဟုတ် သဘာဝအရဖြစ်ရသော ဘေးအန္တရာယ် တစ်ရပ်ရပ် ကျရောက်ချိန်တွင် အစိုးရအဖွဲ့က နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာလေ့ရှိပေသည်။ ဘေးဥပဒ်ကျရောက်သော ဒေသများသို့ အရေးပေါ်လုပ်ငန်းများမှ ကယ်ဆယ်ရေးဝန်ထမ်းများကို အပူတပြင်း စေလွှတ်ကာ ဒေသခံပြည်သူများကို ကယ်တင်ပေးလေ့ရှိသော်လည်း ရံဖန်ရံခါတွင် ကယ်ဆယ်ရေးဝန်ထမ်းများ ချဉ်းကပ်နိုင်ခွင့်ကို အကန့်အသတ်ပြုသော အခက်အခဲများနှင့် တွေ့ကြုံရတတ်ပေသည်။ ထိုအခါ ကယ်ဆယ်ရေး လုပ်သားများ ကယ်တင်ရန် ရောက်မလာနိုင်သေးသည့်အခိုက် ပြည်သူတို့ စားရေရိက္ခာ မပြတ်လပ်ရေးမှာ အထူးပင် အရေးကြီးလှသည်။ သို့ဖြစ်ရကား မြို့ပြကာကွယ်ရေး သဘောတရားအရ အရေးကြုံသက်လုံကောင်းစေဖို့ ကြိုတင်ပြင်ဆင်ထားသင့်သည်ဟု ကျွန်ုပ်နားလည်မိလေသည်။

**စားရေရိက္ခာ ၁၀ ရက်စာ**

ဂျာမနီပြည်သူအပေါင်းတို့ ၁၀ ရက်စာ ပမာဏ စားရေရိက္ခာ စုဆောင်းထားရှိကြကုန်လော့ဟူ၍ အစိုးရအဖွဲ့က တိုက်တွန်းလေသော် အတွေးတိမ်သည့် ပြည်သူအချို့မှာ အလိုလိုနေရင်း ရင်တုန်ပန်းတုန်၊ ဒူးတုန်သည်ဖြစ်ရာ၏။ အကြောင်းမူကား အသင်တို့အပေါ် ဘေးဥပဒ်ကြီး ကျရောက်လတ္တံ့ဟူ၍ အဓိပ္ပာယ်ကောက်ယူကြခြင်းကြောင့်ပင်တည်း။

ဤတွင်ရွေ့ကား လူသားနှင့် အကြောက်တရားဟူသော သဘောတရားများကို ကျွန်ုပ် စေ့ငုမိပြန်သည်။

လူတစ်ကိုယ် အကြောက်တစ်မျိုး ဟူဘိသို့ပင် 'အကြောက်ရောဂါ' မှာ အသွင်အမျိုးမျိုးဖြင့် လူတို့ကို ခြောက်လှန့်တတ်ပေသည်။

ဖိုးဘီးယား(ခေါ်) အကြောက်ရောဂါက လူတို့ကို မိန်းမောသွားအောင် ဖုတ်တစ္ဆေကပ်သလို လျှပ်တစ်ပြက် ဝင်ပူးတတ်၏။ အကြောက်တရားအချို့ကို သာဓကပြဆွန်းရလျှင် -

တရားဓမ္မကိုကြောက်ခြင်း၊ ချွန်ထက်သောအရာကိုကြောက်ခြင်း၊ အမှောင်ကိုကြောက်ခြင်း၊ ယာဉ်စီးရမည်ကိုကြောက်ခြင်း၊ မိုးချုန်း မိုးကြိုးပစ်သည်ကိုကြောက်ခြင်း၊ လျှပ်စီးလက်သည်ကိုကြောက်ခြင်း၊ လမ်းဖြတ်ရမည်ကိုကြောက်ခြင်း၊ တံတားဖြတ်ရမည်ကို ကြောက်ခြင်း၊ အော့အန်မည်ကိုကြောက်ခြင်း၊ လိင်မှုကိစ္စကိုကြောက်ခြင်း၊ ကြွက်ကြောက်ခြင်း၊ ခွေးကြောက်ခြင်း၊ ပင့်ကူကြောက်ခြင်း စသည်တို့ပင်တည်း။

ပတ္တမြားတော်ဝင် ဂေါ်မစင်ဟူဘိသို့ပင် ကျွန်ုပ်တို့ လူသားများမှာလည်း လူတစ်ကိုယ် အားနည်းချက်တစ်မျိုးမျိုး ကိန်းအောင်းနေတတ်သည်ကို မိမိကိုယ်တိုင် ချင့်ချိန်သိရှိရာ၏။

အကြောက်တရားမှ ကင်းဝေးခြင်းသည် မြင့်မြတ်သော လူသားဂုဏ်ရည်ဟူ၍ မှတ်ယူရာ၏။ တရားဓမ္မအမြင်ဖြင့် ရှုမြင်လျှင် ကြောက်ရွံ့မှုသည် 'ဒေါသ' ဖြစ်၏။ စိတ်ခက်ထန် ကြမ်းတမ်းမှုကို 'အတက်ဒေါသ'၊ ကြောက်ရွံ့မှုကို 'အသက်ဒေါသ' ဟုလည်း ဓမ္မပညာရှိတို့က ခွဲကြသေး၏။ ကျွန်ုပ်ကိုယ်တိုင်လည်း အကြောက်တရားမှ ကင်းဝေးသောသူဖြစ်ရပါလို၏ဟူ၍ ပတ္ထနာဆုတောင်းချွေမိလေသည်။

လောကအမြင်ဖြင့် စဉ်းစားဝေဖန်လျှင် ကြောက်လျှင် မှားသည်။ ကြောက်လျှင် လွဲ (ရဲလျှင် မင်းဖြစ်) တတ်သည်။ သို့ဖြစ်ပေရကား အကြောက်တရားကို အဆိပ်ပင် ရေလောင်းမလုပ်သင့်ပေ။

**မြို့ပြကာကွယ်ရေး**

အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စားရေရိက္ခာ ၁၀ ရက်စာ သိုမှီးထားကြရန် နိုင်ငံသားတို့အား အကြံပြုခြင်းသည် အကယ်တန္တုလူထုအတွင်း အကြောက်ပိုအောင် အစိုးရက ခြောက်လှန့်သည်မဟုတ်၊ တားဆီးကာကွယ်၍ မရနိုင်သော ဘေးဥပဒ်ကြောင့် ပြည်သူတို့ အထိမနာစေရန် အမြော်အမြင်ရှိရှိ ဆောင်ရွက်ခြင်းသာလျှင် ဖြစ်လေသည်။

ဂျာမနီပြည်ထဲရေးဝန်ကြီးဌာန၏ စာမျက်နှာ ၆၉ မျက်နှာပါ မြို့ပြကာကွယ်ရေး အစီအစဉ်သစ်တွင် အရေးပေါ် အခြေနေဆိုင်ရာ စီမံချက်များကို အသေးစိတ်ဖော်ပြထားလေသည်။

ပစ္စက္ခကာလတွင် ဂျာမနီနိုင်ငံအား စစ်အင်အားအသုံးပြု၍ ပြင်ပမှ လာရောက်တိုက်ခိုက်မည့် အလားအလာ မရှိလင့်ကစား အနာဂတ်ကာလတွင် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုကြီးတစ်ရပ်ရပ် ပေါ်ပေါက်မလာနိုင်ဟု အတပ်မဆိုနိုင်၊ သို့ဖြစ်၍ မြို့ပြကာကွယ်ရေးစနစ်ကို ဦးစားပေးဆောင်ရွက်ရမည်ဟု ပြည်ထဲရေးဝန်ကြီး သောမတ်ဒီမေဇိုင်ဖာက ပြောကြားသည်။

ဂျာမနီ၌ ၁၉၈၉ ခုနှစ်နောက်ပိုင်း မြို့ပြကာကွယ်ရေးဆိုင်ရာ အကြံပြုချက် ထုတ်ပြန်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

စစ်အေးခေတ်က မြို့ပြကာကွယ်ရေး အလို့ငှာ အနောက်ဂျာမနီနှင့် အရှေ့ဂျာမနီတို့တွင် ကတုတ်ကျင်းများ၊ ဗုံးခိုကျင်းများ ဆောက်လုပ်ခဲ့ကြသည်ကို ပြန်ပြောင်းသတိရစရာဖြစ်ရလေသည်။

မြို့ပြကာကွယ်ရေးဟူသည် ပြည်သူပြည်သားအပေါင်းတို့ကို စစ်ဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် စီမံဆောင်ရွက်ပေးခြင်းပင်ဖြစ်လေသည်။

ဘေးအန္တရာယ်မှ တားဆီးကာကွယ်ခြင်း၊ ဘေးအန္တရာယ်ခံစားရခြင်းမှ လျော့ပါးသက်သာစေခြင်း၊ ကျရောက်မည့် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ကို တုံ့ပြန်ခြင်း၊ ဘေးအန္တရာယ်မှ လွတ်မြောက်စေရန် ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် ဘေးအန္တရာယ်မှ ပြန်လည်ရုန်းထခြင်းတို့သည် မြို့ပြကာကွယ်ရေးဆိုင်ရာ အစီအမံများဖြစ်ကြသည်။

**ဘေးအန္တရာယ် ပြည့်ရန်စွယ်**

ဘေးအန္တရာယ်ဟူသည်ကား ပြည့်ရန်စွယ်ဖြစ်၏။ ဘေးအန္တရာယ်ကို ဖြစ်ပေါ်စေသည်ကား အကြောင်းတရားနှစ်ရပ်ရှိ၏။ ပထဝီပင် အနေအထားအရလည်းကောင်း၊ ရာသီဥတုအရလည်းကောင်း ဖြစ်ပေါ်ရသည့် သဘာဝဘေးက တစ်မျိုး၊ လူ့ပယောဂကြောင့် ဖြစ်ပေါ်ရသည့် ဘေးဒုက္ခက တစ်နည်းရှိ၏။

ဥဒါဟရုဏ်အဖြစ် ညွှန်းရသော် မြေငလျင်လှုပ်ခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း စသည်တို့မှာ သဘာဝဘေးဥပဒ်များပေတည်း။

ပေါ့ဆမီးဘေး၊ သောင်းကျန်းသူ သူပုန်သူကန်ဘေး၊ နျူကလိယ စမ်းသပ်ဖောက်ခွဲမှုကြောင့် ရာသီဥတုဖောက်ပြန်မှုဘေး၊ စက်ရုံအလုပ်ရုံ မတော်တဆဘေး၊ စစ်ဘေး စသည်တို့မှာကား လူ့ပယောဂကြောင့်ဖြစ်ရသော ဘေးဆိုးကြီးများပေတည်း။

ကျွန်ုပ်တို့ မြန်မာမှု နယ်ပယ်၌ လူအပေါင်းတို့ တစ်ပြိုင်နက်တည်း တွေ့ကြုံခံစားရသော ဘေးဥပဒ်ကျရောက်ခြင်းကို 'ကပ်ဆိုက်' သည်ဟု ဆိုကြ၏။

ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ်ဟူ၍ ဘေးအန္တရာယ်သုံးမျိုးရှိပြီးလျှင် လူကြီးသူမများက ကပ်ကြီးသုံးပါးဘေးမှ လွတ်မြောက်ပါစေသားဟူ၍ ဆုတောင်းပတ္ထနာပြုလေ့ရှိကြပေသည်။

လူအပေါင်းတို့၏ ကာယသုခ၊ စိတ္တသုခ ချမ်းသောင့်ချမ်းသာဖြစ်မှုကို တစ်မုဟုတ်ချင်း ပျက်ပြားရလေအောင် ဇွတ်ကနဲ ဝေ့ကနဲ လျှပ်တစ်ပြက် ဝင်ရောက်မွှေနှောက်တတ်သည်မှာကား ဘေးဥပဒ်များပါပေတည်း။

ယနေ့ကာလတွင် လူ့ပယောဂ (ဝါ) လူတို့၏ ပြုပုဒ်များကြောင့် စည်းချက်ဒိုးချက်မှန်ကန်နေသော သဘာဝဥတုတရားပျက်ပြားကာ ဥတုရာသီ ရှေ့နောက်မညီသော ဖြစ်ထွေများကို ကျွန်ုပ်တို့ ရင်ဆိုင်ကြရပြီးလျှင် ကမ္ဘာတစ်ဝန်း၌ သဘာဝတရား၏ ဒဏ်ခတ်မှုဖြစ်စဉ်များကို နိုင်ငံတကာသတင်းစာမျက်နှာများပေါ်တွင် ပွက်စီပွက်စီ ကြားသိနေရသည်မဟုတ်ပါလော။

သဘာဝဘေးကတစ်မျိုး၊ လူ့ပယောဂကြောင့် ဖြစ်ရသော ဘေးဒုက္ခကတစ်သွယ် ကမ္ဘာ့နိုင်ငံများကို ဖိစီးနှိပ်စက်လျက်ရှိပေရာ မြို့ပြကာကွယ်ရေးမှာ အထူးပင် အရေးပါလာလေပြီ။

ခေတ်ပြိုင်သမိုင်းကို ရှုလတ်သော် ဒုတိယကမ္ဘာစစ်၏ စစ်ကြိုကာလတွင် မြို့ပြကာကွယ်ရေး သဲသဲအုတ်အုတ်ဖြစ်လာခဲ့၏။ စစ်ခိုး စစ်ငွေ့များ လွင့်မျောလာချိန်တွင် ကမ္ဘာ့ ပြည်သူတို့ကတုတ်ကျင်းများ၊ ဗုံးခိုကျင်းများတူးခဲ့ကြရ၏။ မိုက်တိမိုက်ကန်းစိတ်ဇော အဟုန်ဖြင့် အဏုမြူဗုံးကြဲချလေမလားဟူ၍ စိုးရွံ့ကာ ကမ္ဘာသားတို့ ဆောက်တည်ရာမရ ဖြစ်ရချိန်တွင် မြို့ပြကာကွယ်ရေးကို တိုးမြှင့်ဆောင်ရွက်ကြရ ပြီးလျှင် ရန်မာန်ဘေးဒဏ်မှ သက်သာရာ သက်သာကြောင်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြရ၏။

စစ်အေးကာလ လွန်မြောက်လေသော် လက်နက်ဘေး ငြိမ်းအေးသွားခဲ့ပြီး မြို့ပြကာကွယ်ရေး၏ တူရူပြုရာကား မြို့ပြဒေသ အရေးပေါ်လုပ်ငန်းများနှင့် သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများ ဖြစ်လေသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၌ မြို့ပြကာကွယ်ရေး အလို့ငှာ အဖွဲ့အစည်းများကို အခိုင်အမာ ထူထောင်ထားရှိကြလေသည်။ အစိုးရလက်အောက်ခံ အဖွဲ့အစည်းများ ရှိသည့်နည်းတူပင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများလည်း ရှိကြပေသည်။ အဖွဲ့အစည်းအချို့ကို တပ်ဖွဲ့များပုံစံဖြင့်ပင် ဖွဲ့စည်းထားကြသည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း အကြမ်းဖက်မှု ပြဿနာ ခေါင်းထောင်လာနေမှုကြောင့် မြို့ပြကာကွယ်ရေးမှာ သာ၍ အရေး ကြီးလာသည်။ ပြန်လည်ခုခံနိုင်စွမ်းမရှိသည့် အရပ်သားများကို ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်သည့် ဖြစ်ရပ်များကို ခပ်စိပ်စိပ် တွေ့မြင်လာကြရသည်။

ပခုံးနှစ်ဘက်ကြား ခေါင်းပေါက်သည့် လူသားချင်းအတူတူ လွဲမှားသော ယုံကြည်ချက်ရှိသူများက အဖျက်အမှောင့်လုပ်ရပ်များကို တိုး၍လုပ်လာကြလင့်ကစား လူသားချင်း စာနာထောက်ထားမှု စိတ်ဓာတ်ခိုင်ကျည်သူများက ပြည်သူတို့ဘေးဥပဒ်ကျရောက်ချိန်တွင် မိမိ၏ အသက်ကို ပဓာနမထားဘဲ ဒုက္ခရောက်နေသူများအား အားလိုအားရ ကူညီနေကြသည်ကို ကျွန်ုပ်တွေ့မြင်ရသည့်အခါ မြင့်မြတ်သည့် လူသားဂုဏ်ရည် ပြည့်ဝသူများအတွက် ဂုဏ်ယူရပေသည်။ မြို့ပြကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ကြခြင်းသည် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ ကျေးဇူးဆပ်ရာ ရောက်သည်ဟု တွေးတောမိရင်း "မြို့ပြကာကွယ်ရေး ဝိုင်းဝန်းကူညီ ပြည်သူများ ငြိမ်းအေးချမ်းသာမည်" ဟု ကျွန်ုပ်ကျူးရင့် မိပါသတည်း။ ။

# မြို့အဝင်လမ်းဘေး(ဝဲ၊ယာ)များ၌စည်းကမ်းမဲ့စွန့်ပစ်ထားသောအမှိုက်ပုံမှ အနံ့ဆိုးများထွက်နေ

**ညောင်ဦး ဩဂုတ် ၂၇**

ညောင်ဦးခရိုင် ညောင်ဦးမြို့ အမှတ်(၁) နယ်မြေ သီရိမင်္ဂလာရပ်ကွက်အနီး (အရပ်ခေါ်)သံတော်ကုန်းထိပ် ညောင်ဦး မြို့အဝင် လမ်းဘေး(ဝဲ၊ ယာ)များတွင် ဒေသခံပြည်သူများမှ စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်ထားမှုကြောင့် ယခုအခါ အဆိုပါ အမှိုက်ပုံများမှာ အနံ့ဆိုးများ ထွက်ရှိနေပြီး လမ်းသွားလမ်းလာပြည်သူများနှင့် ခရီးသွားဧည့်သည်များအတွက် ကျန်းမာရေးထိခိုက်မှုများ ရှိလာနိုင်ပြီး မြို့အင်္ဂါရပ်ကိုလည်း ထိခိုက်စေနိုင်တာကြောင့် ရှင်းလင်းပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပုဂံ၊ ညောင်ဦးမြို့ဟာဆိုရင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပမှ နိုင်ငံတကာ ခရီးသွားဧည့်သည်များ ရာသီမရွေး ဝင်ရောက်လည်ပတ်နေကြပါတယ်။ ဒီလိုမျိုး ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်တွေ ဝင်ထွက်သွားလာနေတဲ့အတွက် မြို့အင်္ဂါရပ်နှင့်အညီ အမြဲတမ်း သန့်ရှင်းသာယာလှပနေဖို့ လိုအပ်ပါတယ်။ အဲဒီလို မြို့အင်္ဂါရပ်နှင့်အညီ အမြဲတမ်း သန့်ရှင်းသာယာလှပဖို့အတွက် ဆောင်ရွက်ရာမှာ စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒေသခံပြည်သူများအနေနဲ့ အမှိုက်စွန့်ပစ်ရာမှာ မြို့အင်္ဂါရပ်ကို ထိခိုက်စေမည့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်တာမျိုးတွေ မလုပ်ဖို့ ဆင်ခြင်သင့်ပါတယ်။

"ဒါပေမယ့် ဒေသခံပြည်သူတွေက ညောင်ဦး-မြင်းခြံသွားလမ်း မြို့အဝင် လမ်းဘေး(ဝဲ၊ ယာ)တွေမှာ စည်းကမ်းမဲ့ အမှိုက်များကို လာရောက်စွန့်ပစ်နေကြပါတယ်။ ဒီလိုမျိုး အမှိုက်စွန့်ပစ်တာတွေကို နေ့စဉ်သွားလာနေတဲ့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်တွေ မြင်တွေ့သွားမယ်ဆိုရင် ဒီမြို့ကလူတွေက စည်းကမ်းမရှိကြဘူးဆိုပြီး အထင်သေးသွားနိုင်ပါတယ်။ ဒါ့ကြောင့် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူတွေအနေနဲ့ အမှိုက်များကို လာရောက်စွန့်ပစ်ရာမှာ လမ်းနဲ့ဝေးတဲ့နေရာတစ်ခု သတ်မှတ်ပြီး စနစ်တကျ စွန့်ပစ်သင့်ပါတယ်။ အခုဆိုရင် ညောင်ဦး-မြင်းခြံသွားလမ်း မြို့အဝင် လမ်းဘေး (ဝဲ၊ ယာ)မှာ ဒေသခံပြည်သူများ စည်းကမ်းမဲ့ စွန့်ပစ်ထားတဲ့ အမှိုက်ပုံတွေက အနံ့ဆိုးတွေ ထွက်ရှိနေတဲ့အတွက် လမ်းသွားလမ်းလာ ပြည်သူများအတွက် ကျန်းမာရေးထိခိုက်မှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ဒေသခံပြည်သူများ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေမှုအား တားမြစ်ပေးရန်နှင့် အနံ့ဆိုးထွက်ရှိနေသည့် အမှိုက်ပုံများအား လာရောက်ရှင်းလင်းပေးစေချင်ပါတယ်" ဟု ညောင်ဦးမြို့ပေါ်မှ ဒေသခံတစ်ဦးက အကြံပြုပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ စာသင်တိုက်များမှ သံဃာတော်များ ရေစိုခံဝါဆိုသင်္ကန်းဆက်ကပ်ရန်ကျန်ရှိသည့် စာသင်သံဃာအပါး ၂၀၀၊ သီလရှင်အပါး ၁၀၀ တို့အား အမှတ် (၁၄၆) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအကျိုးဆောင်အဖွဲ့က တတိယအကြိမ်မြောက်အဖြစ်လည်းကောင်း၊ ၁၂၆ ကြိမ်မြောက် ၇ ရက်အဓိဋ္ဌာန်တရားစခန်းဝင်ယောဂီများနှင့် သာသနာ့အနွယ်ဝင်အလှူရှင်များက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၅ ရက်က အမှတ် ၁၄၆ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ မဲဖောက်လှူဒါန်းကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ၃၂၉

# တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့်မြို့မရဲတပ်ဖွဲ့စခန်းတို့ပူးပေါင်း၍ မုဒိမ်းမှုနှင့်လူကုန်ကူးမှု အကြောင်းအသိပညာပေးဟောပြော

**ရေဦး ဩဂုတ် ၂၇**



စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရေဦးမြို့မရဲတပ်ဖွဲ့စခန်းတို့ ပူးပေါင်း၍ မုဒိမ်းမှု၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုဖြစ်စေနိုင်သော အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်အောင်အောင်သန်းက အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းတာဝန်များအကြောင်းနှင့် အဖွဲ့ဝင် ဒေါက်တာမြင့်မြင့်သန်းက ကိုယ်ဝန်ဆောင်မိခင်နှင့် သက်ငယ်အမျိုးသမီးများ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပေါ်ခံစားရမည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ၊ ဆယ်ကျော်သက် မိန်းကလေးငယ်များ ကျန်းမာရေးတွက် စားသုံးရမည့်အာဟာရဖြစ် အစားအစာများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ဟောပြောပွဲတွင် ရပ်ကွက်ကျေးရွာများမှ သက်ကြီး၊ သက်ငယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် စခန်းသွင်းဘော်ဒါကျောင်းများမှ ဆရာမများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

ဆက်လက်ပြီး ရေဦးမြို့မရဲတပ်ဖွဲ့စခန်း ဒုရဲမှူးအောင်မြဦးက မုဒိမ်းမှုဖြစ်ပွားစေနိုင်သည့် အခြေခံအချက်များနှင့် လူကုန်ကူးမှု ဖြစ်ပွားစေသည့် အဓိကအကြောင်းအချက်များကို အသိပညာပေးဟောပြောပြီး သတိပြုရမည့်အချက်များဖြစ်သည့် လူပွဲစားများ အပါအဝင် မည်သူ့ကိုမျှ အလွယ်တကူ မယုံကြရန်၊ ဖြတ်လမ်းဖြင့် ငွေရလွယ်သည့် နည်းကိုမသုံးကြရန်၊ မိမိမကျွမ်းကျင်သည့်ဒေသသို့ သွားရန် ချက်ချင်းမဆုံးဖြတ်ပါနှင့်၊ စိတ်ချရသည့် အလုပ်အကိုင် ရှာဖွေပေးသူနှင့်သာ ဆက်သွယ်ဆောင်ရွက်ကြရန်၊ မိမိ၏ ကလေးများကို အခြားသူများထံ စိတ်ချယုံကြည်ပြီးမအပ်ခဲ့ရန်၊ အမျိုးသမီးနှင့်ကလေးငယ်များအား စုဆောင်းတတ်သောလူပွဲစားများ၊ နိုင်ငံခြား၌အလုပ်ရမည်ဆိုပြီးစည်းရုံးသူများ၊ ကား၊ ရထား၊ သင်္ဘောများဖြင့် အမျိုးသမီးနှင့် ကလေးငယ်များအား အုပ်စုလိုက်ခေါ်ဆောင်သူများတွေ့ရှိပါက အချိန်မီသတင်းပေးကြရန် အသိပေးရှင်းလင်းပြောကြားခဲ့သည်။

တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ ပေးအပ်ပြီး မြို့မတပ်ဖွဲ့စခန်းမှ လူမှောင်ခိုလူကုန်ကူးမှု အကြောင်းသိကောင်းစရာများနှင့် ပြည်သူဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များပါ လက်ကမ်းစာစောင်များ အခမဲ့ပေးဝေခဲ့ကြကြောင်း သိရသည်။

**သမ်းထိုက်(ပြန်/ဆက်)**

# အာဟာရပြည့်ဝသောတန်ဖိုးနည်းဟင်းလျာများချက်ပြုတ်နည်းသရုပ်ပြသခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအားအာဟာရဒါနကျွေးမွေးလှူဒါန်း

**ကျောက်ပန်းတောင်း ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အာဟာရ ပြည့်ဝသော တန်ဖိုးနည်းဟင်းလျာချက်ပြုတ်နည်း သရုပ်ပြသခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဒါနထမင်း နေ့လည်စာကျွေးမွေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရဓာတ်ပြည့်ဝသော အစားအစာများဖြစ်သည့် သီးစုံပဲကုလားဟင်း၊ ငါးနှင့်ကင်ပွန်းချဉ်ဟင်း၊ ကြက်ဥခရမ်းချဉ်သီးချက်၊ ကန်ဇွန်းရွက်နှင့်ပဲပင်ပေါက် အစိမ်းကြော်၊ ကြက်မြစ်ကြက်သဲဟင်း အစရှိသည့်ဟင်းလျာများကို လက်တွေ့ချက်ပြုတ်ပြသကြသည်။

အဆိုပါ ဟင်းလျာများချက်ပြုတ်နေစဉ်အတွင်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းအိခိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန သူနာပြုအဆင့်(၁) ဒေါ်နီလာစိုးတို့က ကိုယ်ဝန်ဆောင်မိခင်များအတွက် တန်ဖိုးနည်းဟင်းလျာများကို အဟာရပြည့်ဝအောင် ချက်ပြုတ်ရမည့်နည်းစနစ်များအကြောင်းနှင့် ဝင်ငွေနည်းမိသားစုများအတွက် တန်ဖိုးမျှတ သင့်တော်သည့် စားသောက်နည်းစနစ်များအကြောင်းကို ရှင်းလင်းဟောပြောကြသည်။

ယင်းနောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းအိခိုင်နှင့် ကော်မတီဝင်များ၊ အသင်းဝင်များက ကိုယ်ဝန်ဆောင်မိခင် ၂၄ ဦးတို့အား အာဟာရပြည့်ဝသော ဟင်းလျာများဖြင့် နေ့လည်စာထမင်းကို ကုသိုလ်ပြုကျွေးမွေးကြသည်။

အဆိုပါ အာဟာရပြည့် တန်ဖိုးနည်းဟင်းလျာချက်ပြုတ်နည်း သရုပ်ပြပွဲနှင့် အာဟာရဒါနကျွေးမွေးခြင်းအခမ်းအနားကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းအိခိုင်နှင့် ကော်မတီဝင်များ၊ အသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအဆင့်(၁) ဒေါ်နီလာစိုးနှင့် သားဖွားဆရာမများ၊ သူနာပြုများ၊ မြို့ပေါ် ၁၂ ရပ်ကွက်မှ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မူလတန်းကြိုကလေးများဉာဏစွမ်းရည်ပြိုင်ပွဲနှင့်ဆုပေးပွဲကျင်းပ

ပဲခူး ဩဂုတ် ၂၆

မူကြိုအရွယ်ကလေးငယ်များ အသက်အရွယ်အလိုက် ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ပဲခူးမြို့နယ်အမှတ် (၂)မူလတန်းကြိုကျောင်း၌ မူလတန်းကြိုကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးသန်းက အဖွင့်အမှာစကားပြောကြားပြီး အငယ်ဆင့်မူလတန်းကြိုကလေးများက "တာဝန်ကိုယ်စီ"၊ "မနှင်းဆီ"ကဗျာများဖြင့် လည်းကောင်း၊ "ငါးဖမ်းထွက်ကြမယ်"၊ "ခေါင်းကိုဖြီးလို့သွားတိုက်မယ်"၊ တေးသီချင်းများဖြင့်လည်းကောင်း၊ အကြီးဆင့်ကလေးငယ်များက "ယုန်နှင့်လိပ်"ပုံပြင်၊ "လယ်တောရှင်"၊ "ဝမ်းစာ" ကဗျာများဖြင့်လည်းကောင်း၊ "သပြေသီးကောက်"၊ "နှုတ်ဆက်ပါတယ်" တေးသီချင်းတို့ဖြင့်လည်းကောင်း တစ်ဦးချင်း အဖွဲ့လိုက် သီဆိုပြိုင်ပွဲဝင်ကြသည်။ ထို့နောက်ပြိုင်ပွဲဝင်တွင် ဆုရရှိသည့်သားငယ်၊ သမီးငယ်များအား တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးသန်းနှင့် မူကြိုကျောင်းအမှတ်(၁/၂)ကျောင်းအုပ်ဆရာမကြီးတို့က ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

# ယာဉ်ကြံ့ခိုင်မှုစစ်ဆေး

**ကျောက်မဲ ဩဂုတ် ၂၇**

ကျောက်မဲမြို့မှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီးမြို့များသို့ ပြေးဆွဲနေသောမော်တော်ယာဉ်လိုင်းများ၏ခရီးသည်တင်ယာဉ်များအား ကျောက်မဲအမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကျောက်မဲမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ယာဉ်မောင်းများအရက်သေစာသောက်စားထားခြင်းရှိ/မရှိ၊ သတ်မှတ်ခွင့်ပြုလိုင်စင်ဖြင့်မောင်းနှင်ခြင်းရှိ/မရှိ ယာဉ်ကြံ့ခိုင်ရေးရှိ/မရှိ တို့ကို ဩဂုတ် ၂၅ ရက်ညနေပိုင်းက ကျောက်မဲအဝေးပြေးယာဉ်ဝင်းတွင်စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

**သီပေါကိုလတ်**

**ဆောင်းပါး**

# ချောင်းရိုး မြောင်းရိုးမတိမ်ကောမှ. . .

## အေးအေးမိုး

လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက် စားဝတ်နေရေး အရေးသုံးပါးသည် အဓိကကျသည်။ ထို အရေးသုံးပါးတွင် စားရေး၏အဓိကပစ္စည်းဖြစ်သည့် ဆန်စပါးသည် မြန်မာလူမျိုးများ၏ အဓိကစားသုံးရာ၊ ဦးစားပေးအသက်မွေးဝမ်းကျောင်းပြုရာဖြစ်သည်။ မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြပြီး အများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

မြန်မာနိုင်ငံတွင် ဦးတည်အကောင်အထည်ဖော်နေသော ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးကို ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်လူမှုစီးပွားမြင့်မားရေးကို အလေးထားရမည်ဖြစ်သည်။ ကျေးလက် စီးပွားမြင့်မားရေးအတွက် တောင်သူလယ်သမား၊ ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ ဆုတ်ယုတ်ကျဆင်းမှု၊ အားသာမှု၊ အားနည်းမှု စသည်တို့ကို သိရှိထားရန်လိုအပ်သည်။ ထို့ကြောင့် ကျေးလက်ဒေသတစ်ခုဖြစ်သည့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မင်္ဂလွန်းစံပြကျေးရွာမှ တောင်သူဦးကြီးများနှင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားအခြေအနေတို့ကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မင်္ဂလွန်းစံပြကျေးရွာမှ တောင်သူဦးကြီး ဦးကျော်တင်က"ကျောက်တန်းက ထွက်တဲ့ဆန်ဟာ အကောင်းဆုံး နာမည်စာရင်းမှာ ရပ်တည်ခဲ့ဖူးပါတယ်။ ဒါပေမယ့် သဘာဝဘေးတွေကြောင့် မိုးရာသီမှာ နှစ်စဉ်စိုက်ပျိုးတဲ့အခါမှာ





ဦးကျော်တင်

ဒေါ်နီလာ

ဒေါ်နတ်ကြီးမ

လယ်ယာမြေတွေ ဆုံးရှုံးပျက်စီးရပါတယ်။ ကျွန်တော်တို့ ဘိုးဘွားလက်ထက်က နာမည်ရခဲ့တဲ့ ဂုဏ်ပုဒ်က ပျောက်လုနီးပါး ဖြစ်နေပါပြီ။ သဘာဝဘေးဒဏ်ကို ကြုံတွေ့ရတာ ဓမ္မတာပါ။ မလွန်ဆန်နိုင်ပါဘူး။ သဘာဝဘေးကို ကာကွယ်ရမှာ ကျွန်တော်တို့တာဝန်ဖြစ်ပေမယ့် ပျက်စီးဆုံးမှုတွေ နှစ်စဉ်များလာတဲ့အခါ စဉ်းစားစရာဖြစ်လာပါတယ်။ အဓိကဖြစ်ရတဲ့အကြောင်းကတော့ သဘာဝဘေးဒဏ်ကြောင့် ချောင်းတွေ၊ မြောင်းတွေ ပျက်စီးရတယ်။ ဒီပျက်စီးမှုတွေကို စုပေါင်းအားနဲ့ ကိုယ်စီတာဝန်ယူပြီးတော့ ချောင်းပိတ်၊ မြောင်းပိတ်တာတွေကို ဖယ်ရှားဖို့လိုပါတယ်။

ကျွန်တော်တို့လယ်သမားတွေ ဘယ်လောက်ပဲ ရင်းနှီးစိုက်ထုတ်လုပ်ကိုင်နေပါစေ ချောင်း၊ မြောင်း မကောင်းရင် ဘာမှလုပ်လို့မရပါဘူး။ ရေဟာလိုသည်ထက် ပိုလာရင် လယ်ယာတွေ ပျက်စီးကုန်ပါတယ်။ မင်္ဂလွန်းရွာလယ်ရဲ့အထက်ပိုင်းက ပိတ်ဆို့မှု ဖြစ်နေတော့ မိုးများရင် ရေကြီး၊ ရေကျချိန်ရောက်ရင် ရေပြန်မကျဘဲ လယ်ထဲမှာ ရေတွေတန့်နေတယ်။ ထွက်စရာအပေါက်မရှိဘဲ မှော်ဝန်းချောင်းထဲကို ရေမဆင်းနိုင်ဘူး ဖြစ်နေတယ်။ ဒီလိုသာအမြဲဖြစ်နေရင် ကျွန်တော်တို့ လယ်သမားတွေ မျိုးစပါးတွေကျဲတဲ့အခါ တစ်ခါမက၊ နှစ်ခါမက ပျက်စီးကုန်တယ်။ ခုဆိုရင် လေးခါလောက်ရှိသွားပြီ။ ကြာတော့ မျိုးစပါးမရှိတော့ အခြားရွာတွေက လိုက်ဝယ်ရတယ်။ လူကြီးတွေ ပြောသလိုပဲ၊ မျိုးစေ့ မမှန်ရင် အပင်မသန်ဘူး။ ဒါကြောင့် ကိုယ့်ရှိတဲ့မျိုးစပါးကုန်တော့ တခြားမျိုးကို သုံးရတာ စိတ်မချရဘူး။ ဒီလိုနဲ့ပဲ လယ်သမားတွေဟာ တစ်နေ့မဟုတ် တစ်နေ့တော့ အဆင်ပြေမှာပဲဆိုပြီး ဝမ်းစာပြန်ရအောင် မနည်းရုန်းကန်နေရတယ်"ဟု ရှင်းပြသည်။

လယ်သမား ဦးကျော်တင်၏လယ်မြေမှာ အပျက်အစီးများများစားစားမရှိသော်လည်း ဘဝတူ လူတန်းစားများအတွက် လယ်သမားအရေး၊ လယ်ယာကဏ္ဍအရေးဆိုပြီး ဦးကျော်တင်ကပင် ကမကထလုပ်၍ ကြိုးပမ်းဆောင်ရွက်နေရသည်။ သူ၏ရွာတွင် အပျက်အစီးများသော လယ်ယာများ များစွာရှိသည်။ လယ်ယာများမှာ ဇွဲကနာရွာအထိထိစပ်နေပြီး ချောင်း၊ မြောင်းများ၊ ချုံနွယ်များနှင့် ပိတ်ဆို့နေသည်။ ချောင်း၏တစ်ဖက်ရှိ တိမ်ကောနေသည့် ကွက်လပ်များတွင် တောင်သူအချို့က ကန်သင်းပေါက်ယူသောကြောင့် ချောင်း၊ မြောင်းများ ကျဉ်းလာသောအခါ ရေထွက်အားမကောင်းတော့ချေ။ ရေထွက်အားကောင်းစေရန်အတွက် ရေနုတ်မြောင်း ဖောက်လုပ်ရမည်ဖြစ်သည်။ ချုံများရှင်းရမည်ဖြစ်သည်။ မြောင်းများဖော်ရမည်။ ချောင်းများဖောက်ရမည်။ အခြေခံမြို့နယ်အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ဆောင်ရွက်ရမည်။ သို့မှသာ စိုက်ရေးပျိုးရေးအဆင်ပြေမည်။ သို့သော် ယခုအချိန်အထိ အပြောင်းအလဲများကို မဆောင်ရွက်နိုင်သေး။ တစ်နှစ်ထက်တစ်နှစ် လယ်သမားများအကျိုးစီးပွား ထိခိုက်နေရသည်။

"ကျွန်တော်တို့ လယ်သမားတွေရဲ့ဆန္ဒအရ အကြောင်းအရင်းရဲ့ နိဂုံးချုပ်ကတော့ သက်ဆိုင်ရာ လယ်ယာကဏ္ဍနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေကနေပြီးတော့ ပွင့်လင်းမြင်သာစွာနဲ့ ကွင်းဆင်းလေ့လာပြီး တောင်သူလယ်သမားတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ လယ်ယာကဏ္ဍအောင်မြင်ဖို့ တတ်နိုင်တဲ့ဘက်ကနေပြီး ကြိုးပမ်းဆောင်ရွက်ပေးဖို့ အထူးမေတ္တာရပ်ခံချင်ပါတယ်။ နာမည်တစ်လုံးရှိခဲ့တဲ့ ကျောက်တန်းဆန် အကောင်းဆုံးဆိုတဲ့ ဂုဏ်ပုဒ်ကို ပြန်လည်မြင့်တင်ပါရစေ"ဟု မင်္ဂလွန်းကျေးရွာမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအခြေအနေများကို စိတ်ရှည်လက်ရှည်ရှင်းပြသည်။

ထို့နောက် မင်္ဂလွန်းစံပြကျေးရွာမှ ဦးသော်ဒါစီက "ကျွန်တော်နဲ့အတူ လယ်သမားတွေရဲ့ လယ်အတော်များများ ပျက်စီးကုန်တယ်။ ဒီလိုဖြစ်လို့ တာဝန်ရှိသူလာကြည့်သွားဖူးတယ်။ ဘာမှထွေထွေထူးထူးမပြောဘူး။ ကသာပေါင်းချောင်းက အဓိကပဲ။ ချောင်းဖောက်ဖို့ အမိန့်မကျသေးဘူးလို့ ပြောတယ်။ သူတို့လုပ်ပေးမလားလို့ စောင့်ကြည့်နေရတယ်။ ကသာပေါင်းချောင်းဖောက်လိုက်ရင် အတော်ကောင်းသွားမယ်။ ကျွန်တော်ထွေထွေထူးထူးမပြောတတ်ပါဘူး။ ချောင်းကောင်းရင် လယ်ကောင်းမယ်ဆိုတာပဲ သိတယ်။ အခုအမြင်ပဲလေ၊ ကျွန်တော့်လယ်တွေမှာ ရေတွေဖွေးဖွေးနဲ့ အကုန်ပျက်စီးကုန်ပြီ။ ချောင်းမြောင်းကောင်းဖို့ဆိုရင် ကျွန်တော်တို့ ဘာပဲလုပ်ရလုပ်ရ လုပ်ပါ့မယ်။ မှော်ဝန်းချောင်းထဲပဲ ရေအမြန်စီးပါစေလို့ မျှော်လင့်ပါတယ်"ဟု ပွင့်ပွင့်လင်းလင်း ပြောပြသည်။

တစ်ဆက်တည်းတွင် တောင်သူလယ်သမား ဒေါ်နတ်ကြီးမ က "ကျွန်မတို့လည်း လယ်နဲ့ပတ်သက်ပြီး အတော်ဒုက္ခများတယ်။ မိုးလည်းကြီးတယ်။ ရေဆွဲမကောင်းဘူး။ မျိုးစပါးကို မီးပြသွားဝယ်ရတယ်။ ရွာမှာလည်း မျိုးစပါးကုန်သွားပြီ။ တစ်အိတ်ကို ငွေကျပ် ၁၂၀၀၀နဲ့ ကျောက်တန်း ဘက်သွားဝယ်ရတယ်။ လယ်သမားက လယ်ပဲလုပ်တတ်တယ်လေ။ တစ်ခါမရလို့ နောက်တစ်ခါ ရမလားဆိုပြီး ပျိုးကျဲနေရတယ်။ ဒီရေတွေကို ကသာပေါင်းချောင်းထဲစီးစေချင်တယ်။ ကသာပေါင်းချောင်းကတစ်ဆင့် ရေလယ်ဘုရားချောင်းထဲစီးဝင်ရင် ပိုကောင်းမယ်။ ဒီလိုဖြစ်တာ ခုနစ်နှစ်ရှိပြီ။ ပဲတီစိမ်းတောင် စားဖို့ပဲစိုက်ရတယ်။ ချောင်းမြောင်းတွေ ကောင်းပါစေလို့ဆုတောင်းပါတယ်"ဟု ရှင်းပြသည်။

တောင်သူလယ်သမား ဒေါ်နီလာကလည်း"ကျွန်မမှာ လယ် ၁၇ ဧက ရှိပါတယ်။ စပါးတစ်မျိုးတည်းပဲ စိုက်တယ်။ လယ် ၁၅ ဧက ကပျက်စီးသွားပြီ။ လယ်တွေပျက်စီးတာ ငါးနှစ်လောက်ရှိပြီ။ ဒီလိုဖြစ်တော့ ကျွန်မ ခင်ပွန်းက လူကြီးတွေနဲ့စကားပြောတယ်လို့ သိရတယ်။ သေသေချာချာတော့မသိပါဘူး။ သူတို့အစည်းအဝေးကို ကျွန်မ လိုက်မသွားရဘူး။ ကျွန်မအနေနဲ့ပြောရရင် ရိုးဖောက်စေချင်တယ်။ ကသာပေါင်းချောင်းကို ဖောက်စေချင်တယ်။ ခုလိုဖြစ်တာ ကြာနေပြီ။ ပိုက်ဆံတွေလည်း ကုန်နေပြီ။ ကောက်စိုက်ခ၊ ပျိုးနုတ်ခရှာရတာ မလွယ်သလို လူငှားရှာရတာလည်းမလွယ်ဘူး။ ကောက်စိုက်ခ၊ ပျိုးနုတ်ခက လူတစ်ယောက်ကို ငါးထောင်ပေးရတယ်။ ငှားချင်တိုင်း ငှားလို့မရဘူး။ လယ်လုပ်ရတာ အဆင်မပြေလို့ လူငယ်တွေ နိုင်ငံခြားထွက်ကုန်ပြီ။ ဒါကြောင့် ကိုယ်တိုင် လယ်ထဲဆင်းနေရတယ်။ စားစရာလည်းမရှိဘူး။ အရင်းအနှီးလည်း ကုန်ပြီ။ အစိုးရကို ပြန်ပေးဖို့ပဲ ရှာနေရတယ်"လယ်သူမကြီး၏ အဖြစ်မှန်ကို ကြားသိခဲ့ရသည်။

ရေလွှတ်သည့်နေရာလယ်များမှာ စပါးကောင်းကြောင်း၊ နှံစလည်းကြီးကြောင်း၊ သို့သော် အဆစ်ပိုးထိုးကြောင်း၊ သဘာဝဘေးဒဏ်အပြင် အမျိုးမျိုးသော ဘေးဒုက္ခများကြုံတွေ့ရခြင်းကြောင့် လယ်ယာမြေများ နှစ်စဉ်ပျက်စီးရကြောင်း၊ လက်ရှိကာလတွင် လယ်ယာမြေဧက ၃၀ အား အခြောက်ကျဲထားကြောင်း၊ သူရင်းငှား ရှာ၍မရကြောင်း၊ အကြောင်းမှာ လုပ်ငန်းများအဆင်မပြေခြင်းကြောင့် တခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြခြင်းကြောင့်ဖြစ်ကြောင်း၊ လယ်သမားများ၏ဘဝမှာ ရာသီဉတုကိုအမှီပြုနေရကြောင်း၊ ရာသီဉတုဖောက်ပြန်ပါက အနိမ့်ပိုင်းကျရောက်နေသော လယ်ယာမြေများတွင် ရေထွက်ပေါက်များ ပိတ်ဆို့ပြီး ရေစီးရေလာမကောင်းခြင်းကြောင့် ရေများတန့်နေကြောင်း၊ ထို့ကြောင့် လယ်ယာမြေများပျက်စီးမှု ဖြစ်ပေါ်ရကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လယ်သမားများ၏ဒုက္ခကို တတ်နိုင်သမျှ အမြန်ဆုံးနှင့် အထိရောက်ဆုံး ကူညီဖြေရှင်းပေးစေလိုကြောင်း ကျောက်တန်းမြို့နယ် မင်္ဂလွန်းစံပြကျေးရွာမှ တောင်သူဒေါ်အေးမြင့်က ၎င်းကြုံတွေ့နေရသည့်အခက်အခဲကို ရှင်းပြသည်။

"ကျွန်တော်က စပါးစိုက်ပါတယ်။ တစ်ပိုင်တစ်နိုင် ငါးလည်းမွေးတယ်။ လယ်တွေပျက်စီးတဲ့အထဲမှာကျွန်တော့် လယ်တွေလည်းပါတယ်။ တော်သေးတာက ငါးမွေးလို့ရတဲ့ ငွေနဲ့ လယ်ယာစိုက်ပျိုးရေးအတွက်ပြန်ဝယ်ရတယ်။ ရေနုတ်မြောင်းတွေကလည်း မကောင်းသလို စပါးတွေကိုလည်း ပိုးကထိုးတယ်။ ရေတွေကမထွက်တော့ လယ်ထဲမှာ ရေမှော်တွေဖြစ်လာတယ်။ အဲဒီမှာ အဆိုးဆုံးကကြာတွေပဲ။ ကြာတွေက စပါးပင်တွေကိုစုပ်ယူတော့ ပျိုးပင်တွေ မသန်ဖြစ်ပြီး လယ်တွေပျက်တာပေါ့။ ဒါကြောင့် ရေနုတ်မြောင်းတွေ ပိတ်နေတာကို အမြန်ဆုံးနဲ့ အကောင်းဆုံး ဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်လုပ်ဆောင်ကြမယ်ဆိုရင် အကောင်းဆုံးဖြစ်မယ်လို့ထင်ပါတယ်"ဟု မင်္ဂလွန်းစံပြကျေးရွာမှ တောင်သူ ဦးဝင်းနိုင်က ပြောသည်။

"ကျွန်မက မင်္ဂလွန်းဇာတိကပါ။ အမျိုးသားက တောင်ယာလုပ်တယ်။ ကျွန်မက အိမ်ဆိုင်လေးဖွင့်ထားတယ်။ အမျိုးသားရဲ့တောင်ယာအလုပ်ကအဆင်မပြေတော့အတော်ဒုက္ခရောက်တယ်။ အရင်တုန်းက သိပ်ပြီးဒုက္ခမရောက်ပါဘူး။ နောက်ပိုင်းမှာ လယ်တွေပျက်တော့ အထွက်နှုန်းမကောင်းဘူး။ အလုပ်လုပ်ရင် အရှုံးအမြတ်ရှိတာ သိပါတယ်။ သဘာဝဘေးဆိုတာက လွန်ဆန်လို့မရပေမယ့် ကြိုတင်ကာကွယ်လို့ရပါသေးတယ်။ အခုချောင်းပိတ် မြောင်းပိတ်တွေဖြစ်တော့ မလိုလားအပ်တဲ့ကိစ္စတွေဖြစ်လာတယ်။ လယ်သမားဟာ လယ်အလုပ်ကိုပဲ ဇောက်ချလုပ်ကိုင်သူဖြစ်လို့ တခြားအလုပ်တွေလုပ်ကိုင်စားဖို့မလွယ်ပါဘူး။

ရာသီဉတုကို အမှီပြုလုပ်ကိုင်ရသလို ချောင်းမြောင်းတွေရေစီးရေလာကောင်းမွန်ဖို့လည်း အားထားရပါတယ်။ ကျွန်မတို့လယ်တွေအများစုက ဇွဲကနာရွာမှာရှိတော့ အထက်ကချောင်းမြောင်းတွေပိတ်လိုက်ရင် အောက်မှာ ရေတွေကတန့်နေတယ်။ မိုးရွာရင်ရေတွေကြီးပြီး ရေကျချိန်ရောက်ရင် ရေတွေကထွက်စရာမရှိလို့ လယ်ယာထဲမှာ ရေတွေဝပ်နေတယ်။ လယ်တွေပျက်ပြီး စီးပွားရေးအဆင်မပြေတော့ သားသမီးတွေပညာရေးလည်း ရှေ့မဆက်နိုင်တော့ဘဲဖြစ်နေရတယ်။ ကလေးတွေက ပညာရေးတစ်ပိုင်းတစ်စနဲ့ ကျောင်းကထွက်ပြီး စီးပွားရေးအဆင်မပြေမှုတွေကို ဝိုင်းဝန်းဖြည့်ဆည်းပေးကြရတယ်။ ဒီဒုက္ခတွေရဲ့ အဓိကအကြောင်းရင်းက ချောင်းမြောင်းတွေပိတ်ဆို့မှုကြောင့်ဖြစ်တဲ့အတွက် ပွင့်လင်းရာသီအမီ ချောင်းမြောင်းတွေတူးဖော်ပေးမယ်ဆိုရင် အားလုံးအဆင်ပြေသွားမှာပါ။ ဒါဆိုရင် ကျွန်မတို့လို ဘဝတူလယ်သမားတွေအားလုံးလည်း စိတ်ချမ်းသာကြမှာပါ" ဟု ကျောက်တန်းမြို့နယ် မင်္ဂလွန်းစံပြကျေးရွာမှ တောင်သူတစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ကြွယ်က ၎င်းတွေ့ကြုံရသည့် အခက်အခဲကို ရင်ဖွင့်သည်။

ပိုင်ဆိုင်သည့်လယ်များပျက်စီးသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ အတူနေမိသားစုများအားလုံး လယ်ထဲဆင်း၍ လုပ်ကိုင်နေကြရကြောင်း၊ မိဘများလက်ထက်က ယခုလောက်ထိအခြေအနေ မဆိုးရွားကြောင်း၊ ချောင်းမြောင်းများ ရေစီးရေလာမကောင်းခြင်းကြောင့် လယ်သမားများ အလုပ်အကိုင် အဆင်မပြေဖြစ်ကြရကြောင်း၊ သုံးနှစ်ခန့် အဆင်မပြေဖြစ်ကြရခြင်းကြောင့် ယင်းသို့လုပ်ကိုင်စားသောက်နေသည့် လယ်မြေများရောင်းချမည်ဆိုပါကလည်း ဝယ်မည့်သူမရှိကြောင်း၊ လယ်ယာမြေမကောင်းသော်ငြား ဝမ်းရေးအတွက်လုပ်ကိုင်နေကြရကြောင်း၊ လယ်ယာလုပ်ငန်းမှ နှစ်စဉ်ဆုံးရှုံးမှုများရှိနေသည့်အချိန်တွင် လယ်လုပ်သား သူရင်းငှားရှားပါးမှုနှင့်လည်း ကြုံတွေ့လာရကြောင်း၊ နှစ်ရှည်လများ လယ်ယာများပျက်စီးဆုံးရှုံးသည့်အတွက် စိုက်ထုတ်ရင်းနှီးလုပ်ကိုင်စရာပင် မကျန်တော့ကြောင်း၊ ချောင်းမြောင်းများ အမြန်ဆုံးရေစီးရေလာကောင်းရေးအတွက်သာ ဆုတောင်းနေရကြောင်း ကျောက်တန်းမြို့နယ် မင်္ဂလွန်းစံပြကျေးရွာမှ လယ်ပိုင်ရှင် ဒေါ်ကြည်သောင်းက ပြောသည်။

"ကျွန်တော်တို့မင်္ဂလွန်းလယ်ယာတချို့က ဇွဲကနာအပိုင်းထဲရောက်နေတော့ ရေနိမ့်ပိုင်းဖြစ်လို့ ရေစီးရေလာမကောင်းရင် ဘယ်လိုမှမတတ်နိုင်ဘူး။ ကုန်းခြောက်ခြောက်မှာ လုပ်ရတာ လွယ်ပါတယ်။ ဧက ၃၀ ဆိုရင်တစ်ယောက်တည်း လုပ်လို့ရတယ်။ ဒါပေမယ့် ရေတွေတအားများရင် မလွယ်ဘူး။ စက်နဲ့လုပ်ရင်တစ်နေ့ ၁၀ ဧကပဲပြီးတယ်။ ဒါတောင် နှစ်ပြန်လောက်မောင်းရတာ။ စက်နဲ့ဆို တစ်ဧကကို ကိုးထောင်ပေးရတယ်။ နောက်ပြီးရင်နွားနဲ့ပြန်လုပ်ရသေးတယ်။ စပါးပင်က ခုနစ်ရက်၊ ရှစ်ရက်နဲ့ မပေါ်ရင်လုံးဝပျက်စီးသွားတာပါပဲ။ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့က သူများနိုင်ငံမှာသွားပြီးမလုပ်စားရဲပါဘူး။ ကိုယ့်နိုင်ငံကိုယ့်ဒေသမှာပဲ လယ်ပိုင်ရှင်နဲ့အတူတူ တစ်နှစ်ကောင်းနိုးနိုးနဲ့ ဒုက္ခခံပြီး လယ်ထဲမှာပဲလုပ်ပါတယ်။ ချောင်းပိတ်ဆို့မှုတွေ ဖယ်ရှားလိုက်မယ်ဆိုရင် လယ်သမားတွေရော ကျွန်တော်တို့လို သူရင်းငှားတွေပါ စိတ်ချမ်းသာကြ မှာပါဗျာ" ဟု မင်္ဂလွန်းစံပြကျေးရွာမှ သူရင်းငှားလုပ်ကိုင်နေသူ ဦးမျိုးအောင်က ပြောသည်။ ❐



ရေနစ်မြုပ်ပျက်စီးနေသော လယ်မြေများကို တွေ့ရစဉ်။

# ပြည်မြို့ ရွှေဆံတော်ဘုရားရင်ပြင်ပေါ်မှ ဘိလပ်ပြန်ခေါင်းလောင်း




## မျိုးဝင်း(ပြည်)

**ကျိန်စာသင့်သော ခေါင်းလောင်းသည် မြန်မာပြည်သူ ပြည်သား၊ ရဟန်းသံဃာများအတွက်တော့ဟုတ်မည် မထင်ပေ။ ထိုးလိုက်လျှင် အသံသာချိုအေးသော သူ၏ပင်ကိုသည် အေးချမ်းခြင်းနိမိတ်ကို ဖော်ကျူးနေဟန်ရှိသည်။ အများပြည်သူနှင့် သုတေသီများလက်တွေ့ ထိုးကြည့်နိုင်ရန် ပြည်မြို့ရွှေဆံတော်ဘုရား "ရာဟု ထောင့်" အနီးတွင် ယခုတိုင်ရှိနေ**

ဘိလပ်ပြန်ခေါင်းလောင်းသည် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲမှ အကြောင်းအရင်းခံခဲ့လေ၏။ ခရစ်နှစ် ၁၈၅၂ -၅၄ တွင် ပုဂံမင်းလက်ထက်မှအစပြုပြီး အင်္ဂလိပ်နှင့်မြန်မာတို့ စစ်မက်ဖြစ်ပွားလာခဲ့ကာ ပုဂံမင်းအား ညီတော် မင်းတုန်းမင်းမှ နန်းချထားစဉ် ပြောင်းလဲစိုးစံခဲ့ပြီး အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲလည်း အဆုံးသတ်လိုက်ကြသည်။

မြန်မာတို့မှာ စစ်ရပ်ဆိုင်းလိုက်သော်လည်း အရှုံးနှင့်ရပ်လိုက်ရသည်ဖြစ်ရာ စစ်တို့၏ ထုံးစံအတိုင်း စစ်နိုင်သော တိုင်းပြည်သည် စစ်ရှုံးနိုင်ငံတို့မှ ယဉ်ကျေးမှုပစ္စည်းနှင့် အဖိုးတန်ပစ္စည်းမှန်သမျှတို့ကို သိမ်းကျုံးယူငင်ကြစမြဲမှ သမိုင်းခေတ်တစ်လျှောက် လုံးပင်ဖြစ်ခဲ့သည်။ သို့ဖြစ်ရာ စစ်နိုင်ပစ္စည်းအဖြစ် သိမ်းဆည်းယူငင်ကြသည်မှာ မဆန်းသောကိစ္စဖြစ်သောကြောင့် အင်္ဂလိပ်- မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် အင်္ဂလိပ်ကြည်းတပ်မတော်ကို အုပ်ချုပ်ရသော စစ်ဗိုလ်ချုပ်ကြီး 'ဆာဝီလျှံ ဝမ်း'အား ပဲခူးမြို့တွင်ရှိသော အကြီးဆုံးခေါင်းလောင်းကြီးတစ်လုံးကိုမြန်မာပြည်ရောက်စစ်သည်တော်များက လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သခဲ့သည်။

အလားတူ ကြည်းတပ်ဗိုလ်ချုပ်ကြီး ဆာသောမက်ဂေါ်ဒဝင်ကိုလည်း ပြည်မြို့မှ စစ်သည်တော်များအနေဖြင့် ခေါင်းလောင်းတစ်လုံးကို အမှတ်တရ ဆက်သကြပြန်လေသည်။ ဂေါ်ဒဝင်သည် မြန်မာပြည် စစ်မြေပြင်ကို ကွပ်ကဲအုပ်ချုပ်ရန် ရောက်လာခဲ့သော ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည်။ သူ့အားလက်ဆောင်အဖြစ် ပေးအပ်ခဲ့သော ခေါင်းလောင်းမှာ ပြည်မြို့ ရွှေဆံတော်ရင်ပြင်ပေါ်မှ ယူဆောင်သွားသည့် ခေါင်းလောင်းဖြစ်သည်။ ယင်းခေါင်းလောင်းဘေးပတ်လည်တွင် အလှူရှင်၏ လှူဒါန်းမှုအား ကမ္ပည်းထိုးထားကြောင်း ဤသို့တွေ့ရသည်။ 'အမရ ပူရမြို့ ဇေယျကျော်ထင်ဘွဲ့ခံ မောင်အောင်သူနှင့်ဇနီးရှင်မင်းယောက်၊ သမီးရှင်ဘုန်နှင့်ရှင်ထုန်တို့ကောင်းမှုတော်'

စစ်ဗိုလ်ချုပ်ကြီးဂေါ်ဒဝင်သည် စစ်မက်ရေးရာတာဝန်များပြီးဆုံး၍ အင်္ဂလန်သို့ ပြန်သွားသောအခါ ဘိလပ်(အင်္ဂလန်)သို့ ယူဆောင်သွားပြီးနောက် သူ၏ဆွေစဉ်မျိုးဆက်ရှေးဟောင်းပစ္စည်း၊ မြန်မာပြည် စစ်မြေပြင် အောင်မြင်မှုအထိမ်းအမှတ်လက်ဆောင်အဖြစ် ဂုဏ်ဝင့်တယူ သိမ်းဆည်းပြသထားသည်။ မြေးဖြစ်သူ၏ လက်ထက်ရောက်သည့်အခါ ထိုမြေးဖြစ်သူမှာလည်း စစ်မှုထမ်းတစ်ဦးဖြစ်ပြီး 'လက်ဖတင်နင်ကာနယ်၊ အိပ်ဂေါ်ဒဝင်အော်စတင်' ဖြစ်ကြောင်းသိရှိပြီး ပဲခူးခရိုင်ဝန်ရှင်တော်မင်းကြီးထံသို့ စာအားဖြင့် အကြောင်းကြားပြီးလျှင် အင်္ဂလန်မှတစ်ဆင့် ပြည်မြို့ အရေးပိုင်ထံပေးပို့၍ နေရာဟောင်းဖြစ်သော ပြည်ရွှေဆံတော်ဘုရားရင်ပြင်တွင်ထားပေးရန် အကြောင်းကြားခဲ့သည်။ နှစ်ပေါင်းများစွာကြာခဲ့ပြီးမှ ဘုရားရင်ပြင်ပေါ်သို့ ပြန်လည်ပေးပို့လိုကြောင်း စာအဆက်အသွယ်ပြုလာသဖြင့် အားလုံးဝမ်းလည်းသာ၊ အံ့လည်းအံ့သြကြရသည်။

အဘိုးဖြစ်သူ၏ မြန်မာပြည်စစ်မြေပြင်မှတ်တမ်း ဒိုင်ယာရီအဟောင်းများကို တရိုတသေ သိမ်းဆည်းဖတ်ကြည့်မိရာမှ ဤခေါင်းလောင်းသမိုင်းကို ခြေရာခံမိခဲ့ပြီး ယခုလိုပြန်လည်ပို့ဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။ နောက်တစ်ချက်ကား အဘိုးလက်ထက်မှ အိမ်သို့ ရောက်ရှိလာခဲ့သော ဤခေါင်းလာင်းလေးသည် အတော်ဒုက္ခပေးခဲ့သည်ဟုဆိုသည်။ စီးပွားပျက်ခြင်း၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ခြင်း၊ ခိုက်ရန်အမြဲဖြစ်ပွားခြင်းစသည်တို့ အမြဲတစေ ဖြစ်ပေါ်သဖြင့် ဤခေါင်းလောင်းကလေးက 'ခိုက်'သည်ဟု ယူဆလျက် အပြစ်တို့သူ့အပေါ်စုပုံချကြသည်။ အဘိုး၏အမှတ်တရပစ္စည်း၊ စစ်အောင်ပစ္စည်း၊ ဂုဏ်ယူဝင့်ကြွားသောပစ္စည်းဖြစ်သဖြင့် မစွန့်ပစ်ရက်ဘဲ ဆက်လက်ထားရှိခဲ့သော်လည်း အိပ်မက်ဆိုးများ၊ အဖြစ်ဆိုးများ၊ ထိတ်လန့်စရာများနှင့် ပြွန်းတီးနေခဲ့သောကြောင့် မြေးကလေးလက်ထက်တွင် ဤခေါင်းလောင်းအား မူရင်းနေရပ်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ရခြင်းဖြစ်သည်။

မိမိတို့အိမ်တွင် ဆက်လက်ထားရှိပါက အကျိုးမရှိသည့်တိုင် ဆုတ်ယုတ်ပျက်စီး၊ ထိတ်လန့်မှုများ အမျိုးမျိုးပေးနေသောကြောင့် ကျိန်စာသင့်ခေါင်းလောင်းလေး ကို မူရင်းဒေသသို့ပြန်ပို့ရန်သာ စိတ်စောနေကြတော့၏။ မြန်မာပြည်ရှိလူသူအများကမူ ဤခေါင်းလောင်းလေးအား လေးစားယုံကြည်စွာခေါင်းလောင်းထိုးကုသိုလ်ယူကြမည်မှာ မလွဲဖြစ်၍ ပြန်ပို့ခြင်းသည်သာလျှင် သင့်တော်ကြောင်း စိတ်ပိုင်းဖြတ်ခဲ့သည်။ ဘိလပ်၌ ဤခေါင်းလောင်းလေး ဘေးပေးသော ဆိုးကျိုးအန္တရာယ်အသွယ်သွယ်ကို သိကြသောကြောင့် ပေး၍လည်း မယူရဲကြ၊ လှူ၍လည်းလက်မခံ၊ စွန့်ပစ်၍လည်းမပြုရဲ၊ နောက်ဆုံးမြစ်ထဲပစ်ချ အဆုံးသတ်ရန်ပင် ကြံစည်ကြသော်လည်း ခေါင်းလောင်းလေးရေတွင် မြုပ်ရသကဲ့သို့ သင်တို့ဆွေစဉ်မျိုး ဆက်ရေနစ်သေဆုံးရပါ လိမ့်မည်ဟူသော အိပ်မက်ဆိုးကြီးမက်သဖြင့် ဘာမျှဆက်မလုပ်ရဲခဲ့ပေ။ သို့ကြောင့် မြေးဖြစ်သူ 'ဂေါ်ဒဝင်အော်စတင်' လက်ထက်တွင် မြန်မာပြည်သို့ ဆက်သွယ်ပြီး ဤခေါင်းလောင်းလေးအား မူရင်းဒေသ ပြည်ရွှေဆံတော်စေတီပေါ်သို့ ပေးပို့လိုကြောင်းနှင့် ကုန်ကျမည့် စရိတ်စကကို မိမိတို့သာခံယူမည် ဖြစ်၍လက်ခံ၊ မခံ အကြောင်းပြန်ကြားရန် ဆက်သွယ်လာခဲ့သည်။

ဤခေါင်းလောင်းလေး၏ ရာဇဝင်အား မူရင်းအင်္ဂလိပ်ဘာသာမှမြန်မာပြန်ဆိုရေးသား၍ ဖိုင်တွဲထားသော ကိုလိုနီခေတ်စာဟောင်းပေဟောင်းများအကြောင်းတွင် ဤသို့တွေ့ရှိရသည်။ စာအရမြန်မာပြည်ဘုရင်ခံ၏ ကိုယ်ရေးကိုယ်တာကိစ္စများကို ဆောင်ရွက်ရသော အတွင်းရေးအတွင်းဝန်ထံပေးသည့် စာဟုဖော်ပြပါရှိသည်။ ယင်းစာ၏ အပြည့်အစုံကား ဤသို့တည်း. . .။

အဆွေတော်ခင်ဗျား. . .။

ယခုကျွန်တော်ရေးသားမည့်အကြောင်းကို အဆွေတော်မှတစ်ပါးအခြားသူများသိနိုင်မည်မဟုတ်သဖြင့် နှောင့်ယှက်ခြင်းပင်ဖြစ်သော်လည်း တောင်းပန်၍ရေးလိုက်ပါသည်။ ကျွန်ုပ်သည် ၁၈၁၅ခုနှစ်၊ ၁၈၅၃ခုနှစ်တွင် ပဲခူးနှင့် ရန်ကုန်မြို့များကို သိမ်းယူသော တပ်မတော်တွင် အုပ်ချုပ်ခဲ့ရသော စစ်ဗိုလ်ချုပ်ကြီး ဆာသော မက်ဂေါ်ဒဝင်၏ မြေးဖြစ်ပါသည်။ ၁၈၅၃ခုနှစ်တွင် ကျွန်ုပ်၏ အဘိုးစစ်ဗိုလ်ချုပ်ကြီးဂေါ်ဒဝင်၏ သက်တော်စောင့်အဖြစ်နှင့် အမှုတော်ထမ်းပါသည်။ ဤကဲ့သို့ အမှုမထမ်းမီအခါက (ရှိုင်ရယ်အိုင်ရစ်) တပ်တွင် အမှုထမ်းရာ ကျွန်ုပ်သည် ပြည်မြို့သို့ရောက်ရှိ၍ အသက်အားဖြင့် ၁၉ နှစ်သာရှိခဲ့ပါသေးသည်။

ယခုပေးသောစာ၏ အကြောင်းအရာမှာ တစ်ရံရောအခါက ပြည်မြို့ ရွှေဆံတော်ဘုရားကုန်းတော်ပေါ်တွင် ဆွဲထားသည့် မြန်မာလူမျိုးတို့ သွန်းလုပ်သော ခေါင်းလောင်းများတွင် စံပြလောက်အောင် အလှပဆုံးသော ခေါင်းလောင်းတစ်လုံးအကြောင်းပင်ဖြစ်ပါသည်။ အရေးတော်မပြီးမီ မြန်မာပြည်ရှိ အင်္ဂလိပ်စစ်သည်တော်တပ်က ခေါင်းလောင်းတော် နှစ်ခုကို လက်ဆောင်ပဏ္ဏာအဖြစ်ဖြင့် ဆက်သကြသည်။

တစ်ခုမှာ ပဲခူးမြို့တွင်ရှိသော အကြီးဆုံးခေါင်းလောင်းဖြစ်၍ ထိုစဉ်က ဗိုလ်ချုပ်ကြီး 'ဆာဝီလျှံဝမ်း' ကို ဆက်သသောခေါင်းလောင်းဖြစ်ပါသည်။ ထိုခေါင်းလောင်းသည် ဘိလပ်နိုင်ငံ'လန်ဒန်တာဝါ'ခေါ် ရဲတိုက်အတွင်း၌ ယခုတိုင်ရှိပါသေးသည်။ အခြားခေါင်းလောင်းတစ်ခုမှာ ဤစာနှင့်သက်ဆိုင်သည့် ပြည်မြို့မှ ခေါင်းလောင်းကို စစ်ဗိုလ်ချုပ်ကြီးဂေါ်ဒဝင်သို့ ဆက်သကြ၏။

ထိုဗိုလ်ချုပ်ကြီး ဂျင်နရယ် ဂေါ်ဒဝင်ဆိုသူမှာ ကျွန်ုပ်၏အမိမှဆက်နွယ်သော အဘိုးတော်သူဖြစ်သဖြင့် ယခုကျွန်ုပ်တို့ ဆွေမျိုးနွယ်ကို 'ဂေါ်ဒဝင်အော်စတင်' ဟု ခေါ်တွင်ပါသည်။

ကျွန်ုပ်သည် ခေါင်းလောင်းကို ပြည်မြို့သို့ ဗုဒ္ဓဘာသာဝင်လူအပေါင်းအား ပြန်၍ပေးအပ်ရန် သင့်လျော်လိမ့်မည်ဟု မကြာခဏ စဉ်းစားတွေးတောမိပါသည်။ ရှေးဘိုးစဉ်ဘောင်ဆက် ခေါင်းလောင်းဖြစ်သဖြင့် မြန်မာဗုဒ္ဓ ဘာသာလူစုတို့က ပြန်၍ လိုချင်ကြမည်ထင်ပါသည်။ ထိုသို့လိုချင်ကြပါလျှင် အကောင်းဆုံးနည်းမှာ ခေါင်းလောင်းကို သူ့နေရာဟောင်းသို့ ပြန်ပို့ရန်သာဖြစ်ပါသည်။ မြန်မာပြည်သူပြည်သားတို့၏ စိတ်ဝမ်းထဲ၌ မည်ကဲ့သို့ရှိကြမည်ကိုစုံစမ်း၍ ကျွန်ုပ်အားအကြံပေးစေလိုပါသည်။ မြန်မာလူမျိုးများအား ကျွန်ုပ်မြန်မာပြည်တွင်ရှိစဉ်ကနှင့် ယခုများစွာပြောင်းလဲကြကုန်ပြီဟု ဧကန်မဆိုသာပါ။ ပြည်မြို့မှ လူသူအများသည် ဤခေါင်းလောင်းအကြောင်းကို တရေးတယူလုပ်ကြပါဦးမည်လော. . .

ကျွန်ုပ်တို့ယူဆောင်ခဲ့သည်မှာ နှစ်အတော်ပင်ကြာမြင့်ခဲ့ပြီးဖြစ်သဖြင့် ထိုခေါင်းလောင်း၌ ယခင်က တည်ရှိခဲ့သော တန်ခိုးအာနိသင် ယခုထိရှိဦးမည်လော. . . ပြည်မြို့လူထုသည် ဤခေါင်းလောင်းအား စုံမက်စွာပြန်လိုချင်ကြပါမူ ကျွန်ုပ်ပြန်လည်ပေးပို့လိုက်ပါမည်။ သို့ရာတွင် ကျွန်ုပ်တောင်းပန်လိုသောအရာမှာ ဘိလပ်မှပြည်မြို့ရောက်လျက် ရွှေဆံတော်ဘုရား ကုန်းတော်နေရာဟောင်းသို့ ပြန်ထားကြစေလိုပါသည်။ အကယ်၍ ခေါင်းလောင်းကိုအလိုမရှိတော့၍ ပြန်မယူလိုကြပါလျှင် 'ဂင်းလဖို့' အနီး(ရှားလဖို့အိမ်တော်)တွင် ဆွေစဉ်မျိုးဆက်ရှေးဟောင်းပစ္စည်းအဖြစ် သိမ်းထားရမည်သာဖြစ်ပါသည်။ ၁၈၅၁ ခုနှစ်နှင့် ၁၈၅၃ ခုနှစ်တို့မှ ဤပြည်မြို့ ခေါင်းလောင်းအဖြစ်အပျက်ကို သိမီသူတစ်ယောက်မျှရှိလေမည်မဟုတ်ပါ။ ထို့ကြောင့် ဤခေါင်းလောင်းနှင့်ပတ်သက်၍ ကျွန်ုပ်ထံ ပြန်ကြားစေလိုပါကြောင်း. . . .

လက်ဖတင်နင်. . . ကာနယ်အိပ်ဂေါ်ဒဝင်အော်စတင်ထံမှ မြန်မာပြည်ဘုရင်ခံ၏ ကိုယ်မှုကိစ္စဆောင်ရွက်တော်မူသော အပါးတော်မြဲအတွင်းဝန်ထံ ပေးပို့သော စာဖြစ်သည်။ ဘိလပ်သို့ ပြန်ကြားခဲ့သော စာတစ်စောင်ကိုလည်း တိုတိုနှင့်လိုရင်းကို အကျဉ်းမျှရေးသားပို့ထားသည်ကို ဤသို့တွေ့ရပြန်သည်။

နေ့စွဲ။ ။ ၁၉၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက် မိတ်ဆွေကြီးပင်နယ်. . .

ကျွန်ုပ်ထင်မြင်ချက်မှာ ပြည်မြို့သူမြို့သားတို့က သင့်အဘိုးဂေါ်ဒဝင်ထံရောက်နေသော ခေါင်းလောင်းအကြောင်းကို နှစ်ရှည်လများ ကြာခဲ့ပြီဖြစ်သဖြင့် သိကြလိမ့်မည် မထင်သည့်အပြင် ကာနယ်ဂေါ်ဒဝင် ပြန်လည်ပေးပို့မည်ကိုလည်း လိုလိုချင်ချင်ရှိကြလိမ့်မည်မဟုတ်ဟု သဘောရသည်။ ထိုကဲ့သို့ သဘောရသော်လည်း အမှန်ဟုတ်ကောင်းမှဟုတ်ပါဦးမည်။ ဘုရင်ခံသဘောမှာ ပြည်မြို့သူမြို့သားတို့နှင့် တိုင်ပင်ဆွေးနွေးစေလိုသေးသဖြင့် အထူးသဖြင့် ပြည်ရွှေဆံတော်ဘုရား ဘဏ္ဍာတော်ထိန်းအဖွဲ့လူကြီးများအား အလိုရှိ၊ မရှိတိုင်ပင် စေလိုပါသည်။ တိကျသောအဖြေရမှသာ အကြောင်းပြန်ပါမည်။

မစ္စတာဒဗလျူအက်ဖ့်ဂရေဟမ်(အိုင်. စီ. အက်စ်)

ပဲခူးဝန်ရှင်တော်မင်းကြီး၊ ရန်ကုန်။

ပေးစာ၊ ပြန်စာများဆက်လက်မတွေ့ရတော့သော်လည်း တစ်နေ့သ၌ ထင်ရှူးသေတ္တာကြီးတစ်လုံးဖြင့် အော်စတင်ပြန်လည်ပေးပို့လိုက်မည်ဖြစ်သော ခေါင်းလောင်းလေးသည် ဆိုက်ဆိုက်မြိုက်မြိုက် အင်္ဂလန်မှ ရန်ကုန်မြို့သို့ ရောက်လာတော့သည်။ ရန်ကုန်မြို့မှတစ်ဆင့် ပြည်မြို့အရေးပိုင်ရုံးသို့ ပို့လိုက်ကြောင်း၊ အရေးပိုင်ရုံးမှတစ်ဆင့် ပြည်မြို့ကမ်းနားလမ်းရှိ စာဖတ်ရုံရှိသောနေရာ ဘုရင်မပန်းခြံသို့ ပို့ထားခဲ့လေသည်။

အချို့မှတ်တမ်းများ၌ ခေါင်းလောင်းကိုပြန်လည်ပေးပို့သော စရိတ်ကုန်ကျငွေကို အော်စတင်မှပင်ကျခံခဲ့ပြီး ပြည်မြို့သို့ခေါင်းလောင်းပြန်လည်ရောက်ရှိသောအချိန်၌ အရေးပိုင်မင်းခရီးထွက်နေခိုက်နှင့်ကြုံနေသဖြင့် ပြည်မြို့ငွေတိုက်တွင် ၁၀ ရက်ခန့်မျှသိမ်းဆည်းထားရကြောင်း ဖော်ပြထားသည်။ ထို့နောက် ထိုခေါင်းလောင်းအား အဆောင်အယောင်တို့ဖြင့် မြို့ကိုလှည့်ပတ်ကာ ရွှေဆံတော်ကုန်းတော်ပေါ်သို့ ပို့ဆောင်ထားခဲ့ကြသည်။

စစ်အောင်နိုင်သူအဖို့ အမှတ်တရပစ္စည်းအဖြစ် သိမ်းဆည်းယူဆောင်သွားခဲ့သော်လည်း နိမိတ်ဆိုး၊ အတိတ်ဆိုးနှင့် ကံကြမ္မာဆိုးများကို မခံစားနိုင်တော့သည့်နောက် ဤခေါင်းလောင်းသည် မူရင်းမြန်မာပြည်သို့ ပြန်လည်ရောက်ခဲ့ရတော့သည်။ ကျိန်စာသင့်သော ခေါင်းလောင်းသည် မြန်မာပြည်သူ ပြည်သား၊ ရဟန်းသံဃာများအတွက်တော့ ဟုတ်မည်မထင်ပေ။ ထိုးလိုက်လျှင် အသံသာချိုအေးသော သူ၏ပင်ကိုသည် အေးချမ်းခြင်းနိမိတ်ကို ဖော်ကျူးနေဟန်ရှိသည်။ အများပြည်သူနှင့် သုတေသီများလက်တွေ့ထိုးကြည့်နိုင်ရန် ပြည်မြို့ရွှေဆံတော်ဘုရား "ရာဟုထောင့်" အနီးတွင် ယခုတိုင်ရှိနေသည်။

မိတ်ဆွေသွားရောက်ထိုးကြည့်ပြီး ကုသိုလ်ယူကြည့်နိုင်ပါသည်

**စာကိုး။ ။ကြိမ်စာသင့်တဲ့ သမိုင်းပုံရိပ်များ သန်းထွန်း(လှည်းကူး)**

# စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲ ပြုလုပ်

**ဖျာပုံ ဩဂုတ် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ဗဟိုပညာပေးရေးအဖွဲ့မှ လာရောက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲ၊ အမာနှင့် မော်လမြိုင်ကျွန်းမြို့နယ်များရှိ စိုက်ပျိုးရေးဝန်ထမ်းများနှင့် စိုက်ကွင်းမှူးများ၊ လယ်သမားများအား စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲကို ဩဂုတ်လ ၂၂ ရက်က ဖျာပုံမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုပညာပေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ရှိန်က စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အခြေခံအကြောင်းအရာများ၊ မြေအချဉ်၊ အငန်ဓာတ်ပါဝင်မှုနှင့် တိုင်းတာနည်းများ၊ လတ်တလောဖြစ်ပေါ်နေသည့် လယ်ယာလုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ မြေဆီအဆင့်အတန်းနှင့် ကောင်းကျိုး၊ ဆိုးကျိုးများ စသည်ဖြင့် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက လယ်ယာလုပ်ငန်းခွင်နှင့်ပတ်သက်သည့် စိုက်ပျိုးရေးနည်းပညာအကြောင်း ရှင်းလင်းကာ တက်ရောက်လာသည့် လယ်သမားများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သပြေထွန်း)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါးဧက တစ်သန်းကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဩဂုတ် ၂၇**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၁၉၉၉၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာခရိုင်အတွင်း ၃၄၀၉၅ ဧက၊ မော်လိုက်ခရိုင်အတွင်း ၄၁၄၈၄ ဧက၊ တမူးခရိုင်အတွင်း ၄၃၅၃၁ ဧက၊ ကလေးခရိုင်အတွင်း ၉၇၅၁၇ ဧက၊ ခန္တီးခရိုင်အတွင်း ၃၈၅၇၇ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၄၆၄၅ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ၇၄၄၉၆ ဧက၊ ရွှေဘိုခရိုင်အတွင်း ၃၄၄၁၂၆ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၉၆၇၂၄ ဧက၊ ကသာခရိုင်အတွင်း ၃၁၈၀၄၀ ဧက စုစုပေါင်း ၁၁၁၉၉၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးပြီးစီးမှုတွေထဲမှာ ဇူလိုင်လအတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ခဲ့တယ်။ ပျက်စီးဆုံးရှုံးခဲ့တဲ့ မြို့နယ်ခုနစ်မြို့နယ်ကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)အစီအစဉ်နဲ့စုဆောင်းထားတဲ့ သက်လတ်မျိုးစပါး ၃၈၃၄ တင်းကို ဖြန့်ဝေပေးပြီးပါပြီ"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါးဧက ၁၈၇၆၅၀၀ စိုက်ပျိုးရန် လျာထားရာ ဩဂုတ်လအတွင်း ၁၁၁၉၉၉၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လျာထားချက် ပြည့်မီစွာစိုက်ပျိုးနိုင်ရေး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လိုအပ်သော မျိုးစပါးများ၊ စိုက်ပျိုးရေး နည်းပညာများ၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# တစ်ပိုင်တစ်နိုင်လုပ်ငန်းများအကောင်အထည်ဖော်ရန် ကျေးရွာ ၁၀ အတွက် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၉၀၀၀ ပေးအပ်

**ဟသ်ာတ ဩဂုတ် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာများအတွက် စီမံကိန်းရန်ပုံငွေပေးအပ်ပွဲကို ဩဂုတ်လ တတိယပတ်က ဟသ်ာတမြို့ ဆယ်ထပ်ကြီး ခမ္မဝိမာန်တန်ဆောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

စီမံကိန်း ရန်ပုံငွေပေးအပ်ပွဲတွင် ဟသ်ာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးအောင်သက်ရှည်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦးတို့က အဖွင့်အမှာစကားပြောကြားပြီး ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇော်လွင်က ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ဟသ်ာတမြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇော်လွင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာပေါင်း ၁၀ အတွက် ငွေကျပ်သိန်း ၉၀၀၀ အား မြစိမ်းရောင်ကျေးရွာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(မြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော



**ပြည် ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် (ပြည်)နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအား မှုခင်းအသိပညာပေး၊ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၅ ရက်က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် (ပြည်)နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်(ကိုယ်စား) ဒေါ်ကြေးရီ(စီမံ၊ ဘဏ္ဍာ၊ ဌာနကြီးမှူး)နှင့် ပြည်ခရိုင် ရဲတပ်ဖွဲ့မှူး၊ ယာယီ ဒု-ရဲမှူးကြီး မြင့်ကြည်တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်စိုးက မှုခင်းကျဆင်းရေးနှင့် ပတ်သက်သည်များကို လည်းကောင်း၊ ဒု-ရဲမှူး ရွှေသာထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ ဆိုးကျိုးအကြောင်းနှင့် ပတ်သက်သည်များကိုလည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဝင်းနိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်မှုအမှတ်အသားများနှင့် ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ဟောပြောခဲ့ကြောင်း သိရသည်။ **(၄၉၇)**

ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊
ပြည်လည်းလှ။

# ကွတ်ခိုင်မြို့ အထကကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**လားရှိုး ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိနိုင်ရေးအတွက် ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများက ဒုတိယရက် ၁၀၀ စီမံချက်အရ ဇူလိုင်၇ ရက်တွင် မြို့မအထက ကျောင်းနှင့် အလက(မိုင်းယု)ကျောင်းများသို့လည်းကောင်း၊ ဇူလိုင် ၁၅ ရက်တွင် အလက(၂) ထခွဲကျောင်းသို့လည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် အထက(ကွတ်ခိုင်)ကျောင်းသို့လည်းကောင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ၎င်းကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက်တွင် အထက(ကွတ်ခိုင်) ဂန္ဓမာခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးစောနိုင်က ကျောင်းအသီးသီးမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများထံသို့ နိုင်ငံသား စိစစ်ရေးကတ်ပြား ၃၇၇ ကတ်အား ပေးအပ်ခဲ့ပြီး မိမိဌာနမှ လက်ရှိကွင်းဆင်း ဆောင်ရွက်ပေးမှု အခြေအနေနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကွတ်ခိုင်မြို့နယ်အတွင်း ကျန်ရှိနေသည့် ကျောင်းများသို့လည်း ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ **ဇာဏီအောင်(လားရှိုး)**



# ညောင်တုန်းမြို့နယ်အတွင်း လမ်းခင်းခြင်းလုပ်ငန်းများကြည့်ရှု

**ညောင်တုန်း ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်နေသည့် ညောင်တုန်းမြို့နယ်အတွင်း လမ်း၊ တံတား၊ ရေပေးရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ၏ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲလုပ်ငန်းများအား ဩဂုတ် ၂၅ ရက် နံနက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးချစ်ဦးတို့က ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းဆောင်ရွက်ပြီးသော ၉၂၅ ပေရှည် ရဲမာန်ဟုန်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ပေ ၂၀၀ အရှည် နိုင်ငံအေးဘုရားလမ်း ကွန်ကရစ်ခင်းခြင်း၊ ၃၅ ပေရှည် Box Culvertတစ်ခု ပြုလုပ်ခြင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်သော ပေ ၂၆၃၀ အရှည် ရွှေလင်းကုန်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် မဂ္ဂင်လမ်းကွန်ကရင်ခင်းခြင်းများ စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေးနှင့်အချိန်မီ ပြီးစီးနိုင်ရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ရဲတပ်ကြပ်ကြီး မွမ်းမံသင်တန်းဖွင့်

**မော်လမြိုင် ဩဂုတ် ၂၇**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော ရဲတပ်ကြပ်ကြီး(မှုခင်းစာရေး) မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက အဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ် ၁၀ မြို့နယ်မှ ရဲတပ်ကြပ်ကြီး(မှုခင်းစာရေး) တပ်ဖွဲ့ဝင် ၃၀ တက်ရောက်ပြီး သင်တန်းကာလ ရက်သတ္တ နှစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# မုံရွာခရိုင်ရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးရွေ့လျားစာကြည့်တိုက်ပြခန်းယာဉ်ဖြင့်လှည့်လည်ပြသ

**အရာတော် ဩဂုတ် ၂၇**

ပြည်သူ့ဘဝလုံခြုံရေး အသိပညာပေးရဲလုပ်ငန်းစဉ်များကို ကျေးလက်နေပြည်သူများ သိရှိနိုင်ကြစေရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၏ လမ်းညွှန်ချက်ဖြင့် မုံရွာခရိုင် ဒု-ရဲမှူးကြီး ချင်းစိန်ဦးဆောင်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး စိန်ဝင်းနှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကျေးလက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ထိရောက်သော မှုခင်းအသိပညာများရရှိစေရန် ရည်ရွယ်ချက်ဖြင့် ခရိုင်ရဲတပ်ဖွဲ့၏ ရွေ့လျားစာကြည့်တိုက်ပြခန်းယာဉ်ဖြင့် မူးယစ်တပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့တို့၏ လုပ်ဆောင်ချက် သိမှတ်ဖွယ်ရာများ၊ မှုခင်းအသိပညာပေး မှတ်တမ်းဓာတ်ပုံများနှင့် ကာတွန်းပုံများ၊ စာစောင်များ ပါဝင်သည့် ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်း လူစည်ကားရာ ရပ်ကွက်၊ ဈေး၊ လမ်းဆုံများသို့ ဩဂုတ် ၂၅ ရက်က လှည့်လည်၍ အသိပညာပေးဟောပြောပြသရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးလေ့လာမှုနှင့်အတူ ကျေးလက်နေပြည်သူ၊ ဈေးသူ ဈေးသား၊ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့်က လာရောက်ကြည့်ရှုလေ့လာ မှတ်သားကြရာ ရဲတပ်ဖွဲ့ဝင် ရဲမေတို့က မှုခင်းကျဆင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သူရ(အရာတော်)**

ကြော်ငြာ

(၆၄)နှစ်ပြည့် အဘဘွားတို့နှင့် မိဘဆိုဖိုးဆရာတော်များအား
စေတနာဖြင့် ဆွမ်းကျွေးပွဲ
55000/-Ks Ph:09 450024419
09 790629747

အာရှနဂါး
မြေတိ / ကျိုက်ထီးရိုး
ရွှေဘုန်း / ရွှေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

အဘဘအောင်မင်းခေါင်ပွဲသို့ရွှေကြေးစည်
▲ အဘဘွဲ့၊ ပုဂ္ဂိုလ်း (ညအိပ်) Sep16
▲ ပုဂ္ဂိုလ်း (ညအိပ်)၊ ပုဂံ - ညောင်ဦး (စွယ်တော်လေးဆူ)၊ ပခုက္ကူ Sep17
▲ ပုဂ္ဂိုလ်း (ညအိပ်)၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်အနီ (တော့ကဲ့သို့)
▲ ပုဂ္ဂိုလ်း (ညအိပ်)၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတောင်ကျွန်း
▲ ပြည် ... Sep14
ဖုန်းဆက်ရန် 01-240860/01-372290 ဖုန်း 09-49282825,09-421029191

ငွေစောနတ်ရှင် - မြဝတီ၊ ဘားအံ
Ph: 01-392704, 09 730171110, 09 795066657, 09 785066657



PREMIER COFFEE

PEACE NOTWAR

ပရီမီယာကော်ဖီမှလည်း
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ
(၂၁ရာစု ပင်လုံ)အား
ဂုဏ်ပြုကြိုဆိုထောက်ခံအပ်ပါသည်။

တို့ဌာနီ တို့မြန်မာပြည်...
မြန်မာတို့ရဲ့ ပရီမီယာကော်ဖီ...



HYUNDAI Truck & Bus
NEW THINKING. NEW POSSIBILITIES.
WE, MYANMAR PEOPLE HAVE PURE AND HAPPY SMILE



HYUNDAI
Free Service
& Parts
Promotion

Our generation have the responsibilities to keep these pure smiles forever.
HYUNDAI Genuine Parts is ready to help Safer Driving to your family.
From 29 August to 2 September
FREE : LABOR, AC GAS, GDS DIAGNOSIS, GIFT
20% OFF : GENUINE PARTS, OIL

Junction of Bayintnaung Road &
Lower Mingalardon Road,
Ywarma Pyitawthar,
Insein Township, Yangon, Myanmar.
Tel : 01 647639, 01 642506,
09 977 210 981, 09 977 210 982,
09 977 210 983

## Fame Mega Fashion Design & Tailoring Training Centre

**Basic Course** (Blouse, Shirt, Dress, Skirt) သင်တန်းကာလ(၂-လခွဲ)၊ သင်တန်းကြေး(၈၀၀၀၀)၊ စတင်မည့်ရက်(၆.၉.၂၀၁၆) အချိန် – Mon to Fri (9:00 to 11:00) Sat - Sun (9:00 to 12:00) (1:00 - 4:00) လိပ်စာ – အမှတ် ၁၄၀၊ ၄၀–လမ်း (အပေါ်ဆုံးထပ်) ဗိုလ်တထောင်မြို့နယ်။ ဖုန်း – ၀၉ ၂၅၄၁၅၆၇၁၁၊ ၀၉ ၂၅၀၆၁၉၉၆၇ " Section (1) ခုလျှင် လူ (၁၀)ဦးသာလက်ခံမည်။ "

## Smile Card Member များအတွက်

၁.၁.၂၀၁၆ မှ ၃၀.၆.၂၀၁၆ အတွင်း Gandamar Wholesale နှင့် Ruby Mart များတွင် Smile Card ဖြင့် ဝယ်ယူအားပေးခဲ့သော Customer များအနက် သတ်မှတ်ချက်နှင့် အကျုံးဝင်သူများအား Reward များ ပြန်လည်ချီးမြှင့်မည်ဖြစ်ပါသဖြင့် Smile Card ပြုလုပ်ခဲ့သော သက်ဆိုင်ရာ Gandamar Wholesale နှင့် Ruby Mart တို့တွင် ၁.၈.၂၀၁၆ မှ ၃၀.၁၀.၂၀၁၆ အထိ လာရောက်ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

စုံစမ်းရန် ဖုန်း – ၆၅၇၃၁၄၊ ၆၅၇၃၁၉ လိုင်းခွဲ(၃၁၂)

## မိတ်ကပ် ညီညီမောင် (စမ်းချောင်း)

မိတ်ဟောင်း မိတ်သစ်များကို ကျေးဇူးတုံ့ပြန်သောအနေဖြင့်

**ငွေကျပ် (၅) သိန်း ရှိရုံဖြင့်**

1.9.2016 မှ 15.10.2016 ကာလအတွင်း
မိတ်ကပ်၊ ဝတ်စုံ၊ လက်ဝတ်ရတနာ၊ ခေါင်းဆံထိုး၊ လက်ကိုင်ပန်း တို့ကို အပြီးအစီးဆောင်ရွက်ပေးနေပါသည်။

အမှတ် (၆၁)၊ မြေညီထပ်၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်။
Ph: 01 523764, 09 425285025, 09 792481369, 09 420087989

---

ဗုဒ္ဓ ဓမ္မ သံဃ

SYP **ဆေးရိုးမင်း** SYP

အုတ်ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး
**ကိုအောင်နိုင် + မမိုးမိုးအေး**
အမှတ်(၉/၆၉–B)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ တညင်းကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 645757, 095408777, 095145162
0973021997, 09455081166

---

Soya®
အချိုမှုန့်အစားထိုး
သဘာဝဟင်းခတ်မှုန့်
ကျန်းမာရေးအထောက်အကူပြု "ပဲပိစပ်" ဖြင့်(သက်သတ်လွတ်) စီမံထုတ်လုပ်ပြီး တာရှည်ခံဓာတုပစ္စည်းနှင့် အချိုမှုန့် "လုံးဝ" မပါဝင်ပါ။
စားသောက်ကုန်စွင့်ပြုချက်အမှတ်–အစ၁၂ (၁၈၀၀၀)
Ph : 09-420316407, 09-400023226, 09-43114485

---

## Total Skin Repair

(မင်္ဂလာတောင်ညွန့်ဆိုင်ခွဲ) ခေတ်မီစက်သစ်ကြီးဖြင့်

1. ဝက်ခြံကြောင့်ကျန်ရစ်သည့် အမာရွတ်၊ ချိုင့်ခွက်များကို ပျောက်ကင်းစေရန် စက်ဖြင့်ပြုပြင်ပေးခြင်း။
2. မျက်လုံးတစ်ဝိုက်၊ လည်ပင်းအတွန့်များကို ပျောက်ကင်းစေရန် စက်ဖြင့်တင်းပေးခြင်း။
3. ဗိုက်၊ ပေါင်၊ မေးနှစ်ထပ်ဖြစ်ခြင်းကို အဆီချပေးခြင်း။
4. မိမိမလိုချင်သော အမွေးများကို ပြန်မပေါက်စေရန် Laser ပစ်ပေးခြင်း။ (နှုတ်ခမ်းမွေး၊ ဂျိုင်း၊ ခြေသလုံး)
5. မျက်နှာပေါ်ရှိ သွေးကြောငယ်များ၊ ခြေထောက်၊ ပေါင်၊ သွေးကြောပေါ်ခြင်းကို Laser ဖြင့် ပစ်ပေးခြင်း။
6. ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ မျက်နှာအရေးအကြောင်းများကိုလည်း ပျောက်ကင်းစေပါသည်။

**မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊ မောင်ဝိတ်ကွန်ဒိုနှင့်ကပ်လျက်၊ အခန်း(၁၃၀၄)၊ ၁၃လွှာ၊ အောင်ဆန်းကွင်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၉၁၀၁၉၂၆၄

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- **ဒီစင်ဘာအိမ်ရာစီးပွားရေးတက္ကသိုလ်အနီး**
  (၁၀၀ × ၁၀၀) ပေပါမစ်မြေ (ထောင့်ကွက်) – (၁၆၅၀) သိန်း
- **ညောင်နှစ်ပင် – ကြာတန်ကျေးရွာ**
  ၀.၄၆ဧက၊ ရေ မီးပါ၊ ခြံမြေစာ – (၂၈၀) သိန်း

Ph: 09-49342067, 09-785084831

---

## ရောင်းမည်

ဥယျာဉ်ခြံမြေ ဧက(၁၀၀)
ဘုရားလေးကျေးရွာ၊ ပဲခူးမြို့နယ်

- ပုံစံ(၇)ရရှိပြီးဖြစ်ပါသည်၊ တစ်ဆက်တစ်စပ်တည်းဖြစ်ပါသည်၊
- မွေးမြူရေးလုပ်ရန်၊ စိုက်ပျိုးရေးလုပ်ရန်၊ နှစ်တိုသစ်မာပင် စိုက်ရန်ကောင်းမွန်ပါသည်၊

(၁)နှစ်ပတ်လုံး ရေ ရရှိပါသည်၊
အလွန်သက်သာသောဈေးနှုန်းဖြင့် ရောင်းချပါမည်။

Ph : 09-795762316,09-972778853,09-456666289

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ဝါးဘိုးရေကျေးရွာ၊ ကွင်းအမှတ်(၆၅၄+၆၅၄-က)၊ ကွင်းအမည်-သုံးတောင်ကွင်း၊ ဦးပိုင်အမှတ်(N-8)၊ ဧရိယာ (၄. ၂)ဧက (ကွင်းပြတ်) အကျယ်အဝန်းရှိမြေကွက်၊ ကွင်းအမှတ်(၆၅၆)၊ ဦးပိုင်အမှတ်(N-6)၊ ဧရိယာ(၂. ၈)ဧက အကျယ်အဝန်းရှိမြေကွက်၊ ကွင်းအမှတ်(၆၆၂)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၆. ၀)ဧက အကျယ်အဝန်းရှိမြေကွက်၊ ကွင်းအမှတ်(၆၅၆)၊ ဦးပိုင်အမှတ်(N-3)၊ ဧရိယာ (၂. ၀)ဧက အကျယ်အဝန်းရှိမြေကွက်၊ ကွင်းအမှတ်(၆၅၆)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၈. ၀)ဧက (ကွင်းပြတ်) အကျယ်အဝန်းရှိ မြေကွက်၊ ကွင်းအမှတ်(၆၅၆)၊ ဧရိယာ(၁. ၃)ဧက အကျယ်အဝန်းရှိမြေကွက်၊ ကွင်းအမှတ်(၆၅၆)၊ ဧရိယာ(၁. ၀)ဧက အကျယ်အဝန်းရှိ မြေကွက်များကို ကျွန်ုပ်၏ မိတ်ဆွေက လက်ရှိထားပိုင်ဆိုင်သော မြေကွက်များ ဖြစ်ပါသည်။

ယင်းမြေကွက်များနှင့် ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ဥပဒေအရ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း၊ လုံးဝမပြုလုပ်ထားပါ။ အထက်ဖော်ပြပါမြေကွက်များနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုယဉ် (LL.B,D.B.L,D.M.L,D.I.L)** **ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၁၄)** **အထက်တန်းရှေ့နေ(စဉ်-၃၁၈၅၆)**
**အမှတ်(၅၆၅/၅၆၇)၊ အခန်းအမှတ်(၁၀၃-ပထပ်)၊ MAC Tower ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉၇၈၅၀၆၁၄၂၆၊ ၀၉၄၃၁၃၀၁၅၁

---

HYUNDAI NEW THINKING. NEW POSSIBILITIES.

# LOW COST HIGH VALUE

**20%** ငွေပေးချေရုံဖြင့် သင့်စိတ်ကြိုက်
**Brand New** ကားတစ်စီးကို ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး

Special Promotion 1st to 31st Aug, 2016



ELANTRA Only $ 5,600
LF SONATA Only $ 8,380
SANTAFE Only $ 11,620

**Take this chance now !**

Visit Hyundai Showroom or call us,
Yangon - (01) 522 723, 09 42 100 2051
Mandalay - 09 2531 51970, 09 4539 55560


3 Years or 100,000 KM WARRANTY

INTERNATIONAL KLM Co.,Ltd.

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Showroom : 09 2531 51970, 094539 55560 Service Center : 09 4500 60009 (Mandalay Star)
www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm





NEW SPORTS RIM

NEW TRANSMISSION

FACELIFT MODEL

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline:09 456 1111 04 , 09 456 1111 05

2 YEARS MAZDA WARRANTY

ရွှေပန်းကြာ အမှတ်တံဆိပ်

အကြောပြေ မျက်စိကြည်ဆေး

TMR-007525(0614)

မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂ ၅၉၀၀၃၄

# FARMER AUTO SHOWROOM

ပြခန်း(၁) - အမှတ်(၁၈)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၉၆၄၃၊
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၂၄၃၈
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၉၁၀၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇

ရန်ကုန်နှင့်နယ်လိုင်စင် TAXI ကားနှင့် တခြားကားများကို အရစ်ကျဝယ်ယူနိုင်ပါသည်

SMART GIRLS
ကိုယ်ကာယသင်တန်း နှင့် အဆီချလုပ်ငန်း
သောက်ဆေးလုံးဝမပါဘဲ ဘေးထွက်ဆိုးကျိုးမဖြစ်စေသော ဆေးများလိမ်း၍ ဝချင်သူ၊ အဆီများကို (၁၂)ရက်အတွင်း အမြန်ဆုံးနှင့်အထိရောက်ဆုံး အာမခံဖြင့် အဆီချပေးနေပါပြီ။ (Lady Only)
(၁) မိုးလျှင် 10 % Discount
အမှတ် (၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။ 09-257666799, 09-31559666
၇၇×၇၈ ကြား၊ ၃၁×၃၂ ကြား၊ နှင်းဆီ - တိုက် (၆)၊ ချမ်းအေးသာစံရပ်၊ မန္တလေးမြို့။ 09-73181189, 09-420081189

Lady's Spa အမျိုးသမီးသီးသန့် အလှပြုပြင်ရေးမှ
-Spa စိတ်ဝင်စားသူများ
-Hair & Facial ပိုင်းစိတ်ဝင်စားသူများ
-ဆိုင်ဖွင့်လိုသူများအတွက်
ဆိုင်ဖွင့်၍ရသည်အထိတတ်မြောက်အောင် သင်ကြားပေးနေပါသည်။
(သင်တန်းသူအရေအတွက်ကန့်သတ်ထားသည်။)
ဆက်သွယ်ရန် Ph -09-254219920၊ 09- 5176399
လိပ်စာ-အမှတ် ၈၅၊ စိတ္တသုခလမ်း၊ ကျားကွက်သစ်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

How To Start Your Profitable Small Business
FOR ENTREPRENEUR
Start-UP
"BY ENTREPRENEUR"
Business မလုပ်ဖူးသော Professional သက်မွေးဝမ်းကျောင်း ပညာရှင် နှင့် နိုင်ငံခြားပြန်များ၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ရန် သင်တန်းပေါင်းစုံ အချိန်ပေး မတက်နိုင်သူများအတွက် –
- သင်ဘာလုပ်ငန်းလုပ်ရမလဲ ?အရင်းနီးနဲနဲနှင့် ဘယ်လို စလုပ်ရမလဲ ?
- Business Owner's Mindset
- ဘာကြောင့်လုပ်ငန်းကြီးတွေလုပ်သလို သင်လိုက်မလုပ်သင့်သလဲ ?
- သီးသန့်ဈေးကွက်သစ် (Niche) ရှာဖွေနည်း
- Niche Market အတွက် Product & Service
- Right Action and Right Marketing for Niche

★ 11 Sept (Sun) 9:00 am to 5:00 pm
FEES: Ks 950,00 (စာအုပ်ဖိုးပါပြီး)
Early bird Discount: Ks 750,00 (before 5 Sept)
Call Now: 09 7766 225 47
09 4210 224 15
MSE
Myanmar Startup Entrepreneur Training Center

Super Cool
Air Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊ ပြုပြင်၊ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲသို့)
(၁) မ/ဒုံမြို့နယ် -09-5418836, 09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် -09-450013581, 09-49316140
(၆) မန္တလေး -09-49252181, 09444042912
(၇) မရမ်းကုန်းမြို့နယ်၊ အထက်ပဲခူးလမ်း - 09-5079115,09 73066696
(၈) လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ - 09-256223396, 09-47054581
Hot Line : 01-706356
မှတ်ချက် - Air Con Brand New အမျိုးမျိုးကို ကုမ္ပဏီရှုရင်းဈေးအတိုင်း အာမခံဖြင့်ရောင်းချပေးနေပါသည်။

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားမောင်း–စက်ပြင်သင်တန်း
သီမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ဝဝ့- 09-260111942, 09420066955
09-440051112, 09-44051113

KYN
ဂရံမြောက်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်း၊ တောင်ပိုင်း မြေကွက်များဝယ်ယူလိုသည်။
09-73022230, 09-455034313

# ငလျင်ဒဏ်သင့် ပုဂံပီသုကာလက်ရာများကို ပညာရှင်များနှင့် အဖွဲ့အစည်းများပူးပေါင်းကာ ပြုပြင်မွမ်းမံလျက်ရှိ

**ညောင်ဦး ဩဂုတ် ၂၇**

ရစ်(ခ်)တာစကေး ၆ ဒသမ ၈ အဆင့် အင်အားပြင်းငလျင်ကြောင့် ပုဂံ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် ဘုရားပုထိုးစေတီများ ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။ ထို့အတူ ၁၉၇၅ ခုနှစ်ကလည်း ယခုကဲ့သို့ မြေငလျင်တစ်ခုဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ်များကို ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ ယူနက်စကို (UNESCO) အပါအဝင် ပြည်တွင်းပြည်ပ ပညာရှင်များ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်။

ငလျင်လှုပ်ခတ်ပြီး နောက်ပိုင်းတွင် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူအချို့အား မေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်။

**ဒေါ်စန္ဒာခင်**

**မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ**

ပျက်စီးသွားတဲ့ ဘုရားပုထိုးစေတီတွေကို ပြုပြင်မွမ်းမံဖို့ကတော့ အထူးအဖွဲ့အစည်းတွေရှိပါတယ်။ အဲဒီကော်မတီတွေကနေပြီးတော့ အဓိကဦးစီး ဆောင်ရွက်နေကြပါတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**




**စူဠာမဏိဘုရား၏ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အစိတ်အပိုင်းများအား အဖွဲ့အစည်းများစုပေါင်းကာ ဖယ်ရှားရှင်းလင်းနေကြစဉ်။**



**ထိုင်းနှင့် တတိယနေရာလုပွဲကစားရမည့် မြန်မာယူ-၁၉ အသင်း။**

# KBZ Bank U-19 Cup မြန်မာအသင်း တတိယလုမည်

**မန္တလေး ဩဂုတ် ၂၇**

KBZ Bank U-19 Cup ဘောလုံးပြိုင်ပွဲ ပြီးဆုံးတော့မည်ဖြစ်ပြီး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၂၈ ရက်တွင် မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာ ယူ-၁၉ အသင်းသည် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း အုပ်စုနောက်ဆုံးပွဲ၌ အနိုင်ကစားခဲ့သည့် ထိုင်းအသင်းနှင့် တတိယလုရမည်ဖြစ်သည်။

ညနေ ၃ နာရီတွင် တတိယနေရာလုပွဲအဖြစ် အိမ်ရှင်မြန်မာနှင့် ထိုင်း၊ ညနေ ၆ နာရီတွင် ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် ဂျပန်ဒုတိယတန်းကလပ် ဆာပေါ်ရိုယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းအသင်းများသည် အုပ်စုနောက်ဆုံးပွဲကစားခဲ့သည့်အသင်းများ ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အာဆီယံထိပ်သီးထိုင်းအသင်းနှင့် နှစ်ပွဲဆက်ကစားရခြင်းဖြစ်သည်။ ပြိုင်ပွဲစည်းမျဉ်းအရ တတိယနေရာလုပွဲတွင် မိနစ် ၉၀ အတွင်း သရေကျနေပါက ပယ်နယ်တီတိုက်ရိုက်ကန်သွင်းစေမည်ဖြစ်ပြီး ဗိုလ်လုပွဲတွင်မူ မိနစ် ၉၀ အတွင်း သရေကျနေပါက အချိန်ပို၊ ပယ်နယ်တီကစားရမည်ဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**

# အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ ဒုတိယအုပ်စု လက်ရည်စစ်ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ ဒုတိယအုပ်စုလက်ရည်စစ်ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား (B) ရုံနှင့် (C)ရုံတို့၌ ယနေ့နံနက် ၁၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြသည်။

ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံ၌ ပထမပွဲစဉ်အဖြစ် အုပ်စု(F)မှ တိုင်ပေ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍**



# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂဏ္ဍ

ဩဂုတ် ၂၈၊ ၂၀၁၆ (တနင်္ဂနွေနေ့)


## ကျွန်တော်နှင့် စာပေဆိုး




**လင်းစိမ်း**

အင်္ဂလိပ်စာ(တတိယနှစ်)


ရေကြီးနေမှန်းသိသည်။ ကျွန်တော်ရေမကူးတတ်။ ရေကြောက်သည်။ ဒါပေမယ့် အန္တရာယ်ကို ကျွန်တော် ဂရုမစိုက်နိုင်၊ စာမူပို့ချင်စိတ်ကသာ ကြီးစိုးနေသည်။ ကျွန်တော်တတ်သလောက်မှတ်သလောက် ခေါင်းအခါခါ ရမ်းလိုက်၊ မဟုတ်သေးဘူး ပြန်ဖျက်လိုက်နှင့် ခေါင်းစား ခံကာ ရေးထားသောစာမူလေး ကျွန်တော်ရဲ့ဝီရိယကြောင့် တနင်္ဂနွေတစ်ပတ်လွှတ်လိုက်ရမှာကို စိုးရိမ်နေမိသည်။ ထို့ကြောင့် စာမူပို့ဖို့ ကျွန်တော်ထွက်လာခဲ့သည်။ နွားသိုးနှင့်မိုး မခန့်မှန်းနှင့်ဆိုသလို ကောင်းကင်ယံ၌ တိမ်ညိုတိမ်မည်းများသည် ဘာဖြစ်လာမလဲ ကျွန်တော်မခန့်မှန်းနိုင်။ တခြိမ်းခြိမ်းမြည်ကာ မိုးသည်ဖွဲဖွဲလေးကျနေ၏။ မသွားလို့လည်းမဖြစ် ယနေ့ပင် သောကြာရှိပြီ။ အီးမေးလ်နဲ့ ပို့မှာဆိုတော့ ဒီနေ့တစ်ရက်နဲ့ စနေတစ်ရက်၊ နှစ်ရက်ထားပါတော့။ အဓိကက အယ်ဒီတာကြီးဖတ်မိဖို့ အရေးကြီးသည်။ ရွေးချယ်ခြင်း၊ မရွေးချယ်ခြင်းသည် ကျွန်တော်နှင့်မဆိုင်။ ကျွန်တော်သာအရည်အချင်းရှိလျှင်၊ ကျွန်တော့်စာသာ ကောင်းမွန်သင့်လျော်သည်ဆိုလျှင် အယ်ဒီတာကြီးက ရွေးချယ်ပေးလိမ့်မည်။ ဒါကြောင့် ကျွန်တော်က အချိန်မီပို့နိုင်ရမည်။

ဝယ်နေကျ ကမ်းနားက ဂျာနယ်ဆိုင်ကိုရောက်တော့

"အစ်မ၊ မုံရွာကူးချင်လို့ ဆိုင်ကယ်လေးထားခဲ့ဦးမယ်" လို့ပြောတော့ သတင်းဆိုးနဲ့ ဆီးကြိုသည်။ "ဟင်း၊ စက်လှေကဖြင့် ပိတ်ထားတာ ငါ့မောင်ရဲ့၊ လှိုင်းထလို့ ကူးမပေးတော့ဘူး"ဟု ပြောသည်။

စာမူပို့ချင်စိတ်မျှော်လင့်ချက်တို့ဖြင့် အပြေးလာခဲ့သော ကျွန်တော့်အတွက် ရင်ဝဆီးကန်လိုက်သလိုပင်။ ကျွန်တော် စိတ်ထဲခံရခက်ကာ စက်လှေဆိပ်ထိ ဆင်းကြည့်ဖြစ်အောင် ကြည့်ခဲ့သေးသည်။ တကယ်လည်း ဟုတ်သည်။ တောင်လေတိုက်ခတ်မှုကြောင့် လှိုင်းတံပိုးတို့ ခုံးခုံးထနေသည်။ ဂျာနယ်ဆိုင်က အစ်မပြောစကားကို နားမထောင်မိတာ ကျွန်တော်မှားသွားသည်။ ရာသီဥတုဆိုးရွားကာ လှိုင်းထန်နေသဖြင့် သမ္ဗန်သမားတို့က ကူးမပေးတော့ဘူးဟု သိရသည်။

ဒါကိုပဲ ကိုယ့်ကိစ္စမှအရေးကြီးထင်နေကြသူ တချို့က "ကူးပေးစမ်းပါဗျာ၊ ပိုက်ဆံပိုပေးဆိုပေးပါ့မယ်"ဆိုပြီး အကျင့်ဟောင်းတွေမဖျောက်နိုင်စွာ ပြောနေကြသေးသည်။ ကျွန်တော်တို့နိုင်ငံသည် လာဘ်ပေးလာဘ်ယူ ပပျောက်ရေးအော်နေကြသော်လည်း တချို့သော အကျင့်ပျက်ဝန်ထမ်းများပေါ်ထွက်လာသည်မှာ မပြောင်းလဲနိုင်သေးသည့် ထိုလိုမျိုး ငါ့ဘို့သမားတွေကြောင့်လည်း ပါတာပဲဟု ထင်မိသည်။

"ခင်ဗျားတို့က ခင်ဗျားတို့အဆင်ပြေဖို့ပဲ ကြည့်တယ်။ ကျုပ်တို့က ခင်ဗျားတို့အသက်ငဲ့လို့ပြောနေတာ။ မတော်တဆဖြစ်ပျက်သွားရင်လည်း စက်လှေသမားအပြစ် လာဦးမယ်။ ရမ်းသမ်းမောင်းလို့ ဘာလို့နဲ့၊ အဲဒီတော့ ခင်ဗျားတို့ မစောင့်နိုင်ရင် ထန်းတောဆိပ်သွားကူး။ ဒီလိုမှမဟုတ်ရင် (ချင်းတွင်း)တံတားကနေသာ ပတ်ကူးကြပေတော့"ဟု စက်လှေသမ္ဗန်သမားတစ်ဦးက မခံနိုင်စွာထပြောသည်။

ဟုတ်ပေသားပဲ။ ထန်းတောဆိပ်။ ငါထန်းတောဆိပ်က ကူးလို့ရနိုင်သားပဲဆိုပြီး ကျွန်တော့်စိတ်အစဉ်သည် ခေတ္တကြည်လင်သွားသည်။ တံတားကပတ်ကူးဖို့ကျတော့ အချိန်အတော်လေးပေးရမည်။ ကျွန်တော် အချိန်အကုန်မခံချင်တော့။

ကျွန်တော်ထန်းတောဆိပ်ရောက်တော့ မုံရွာကူးချင်၍ အုံဖွဲ့လှုပ်ခတ်နေသော ခရီးသွားများကိုတွေ့ရသည်။ ကျွန်တော်စိတ်ပျက်မိသည်။ တဝုန်းဝုန်းရိုက်ခတ်နေသော လှိုင်းလုံးကြီးများကိုကြည့်ကာ ကျွန်တော်တစ်ချက်တွန့်သွားသည်။ ထိုအချိန်မှာပဲ မုံရွာဘက်ကမ်းမှ ကျွန်တော်တို့ရှိရာ ထန်းတောဆိပ်သို့ကူးလာသော သမ္ဗန်တစ်စင်းကို တွေ့လိုက်ရသည်။ ကျွန်တော်လုံးဝဖျားချင်သွားသည်။ အနီစက်လှေ၏ ဖြစ်ပျက်နေပုံကား. . . သွေးပျက်ဖွယ်ပင်။ မိတ်ဆွေ၊ သင် ဆန်ကောတစ်ချပ်ကို လက်နှစ်ဖက်ဖြင့်ကိုင်ထားလိုက်ပါ။ ပြီးလျှင် ဇီးဖြူသီးထည့်ကာ ဘယ်ညာယိမ်းကြည့်လိုက်ပါ။ ထိုအတိုင်းပင် ယခုစက်လှေသည်လည်း လှိုင်းများကြားမှာ ဘယ်ယိမ်းလိုက်၊ ညာယိမ်းလိုက်၊ ပြီးလျှင် အပေါ်မြောက်တက်သွားလိုက်၊ အောက်နိမ့်ဆင်းကျလာလိုက်နှင့် ရေမကူးတတ်သည့် ကျွန်တော်သည် ရူးချင်ချင်ဖြစ်သွားသည်။ ကျွန်တော် ဟိုဘက်ကမ်းကူးဖို့ တွေဝေသွားသည်။ စာမူအိတ်ကလေးကိုသာ စိတ်အားငယ်စွာ ပြန်ကြည့်မိသည်။ ပြီးမှ ငါ့စာပေ ငါ့အနုပညာကို ဒီအတိုင်းအချိန်တိုက်စားသွားတာမခံနိုင်ဘူးဆိုပြီး သွားဖို့ဆုံးဖြတ်ပြန်သည်။

ထိုစဉ်မှာပဲ ခရီးသွားများ ရှေ့သို့ရွေ့လျားမှုသဏ္ဍာန်ကို ခံစားလာမိကာ ကြည့်လိုက်မိသည်။ "ဟင် သူတို့ ဇက်ကြီးပေါ်သို့ တက်နေပါလား" ချက်ချင်းပဲ လက်မှတ်ဖြတ်ဆီသွားကာ "အစ်ကို၊ ဇက်နဲ့ကူးရမှာလား" "အေး ဟုတ်တယ်" "ဟာ. . . အဲဒါဆိုပေးဗျာ လက်မှတ်တစ်စောင်" ဆိုပြီး ဝမ်းသာအားရ ကျွန်တော်ပိုက်ဆံခုနစ်ရာ ထုတ်ပေးလိုက်သည်။ သမ္ဗန်နှင့်ဆိုလည်း ဆိုင်ကယ်တစ်စီး လူတစ်ယောက် ခုနစ်ရာပဲပေးရသည်မဟုတ်လား။ ဈေးမတက်သည်ကိုပဲ ကျေးဇူးတင်ရမည်။ ဈေးတက်သွားပါက ကျွန်တော်စာမူပို့ဖို့မလောက်ဘဲ ဖြစ်သွားမည်။

ဇက်ပေါ်ရောက်သည်အထိ လူက ရင်တုန်မပြေချင်သေး။ ရင်အစုံတွင် ဆီမထည့်သော ခွေးသွားစိပ်တို့ ဂကျိုးဂကြောင်ဖြစ်ချင်သလို သိပ်ပြီးအဆင်မချောချင်။ လှိုင်းလုံးကြီးများကိုကြည့်ကာ စက်လှေနှင့်ဆိုမလွယ်ဘူးဟု မှတ်ချက်ချမိသည်။ ဒါကြောင့် ဇက်သင်္ဘောကြီးရဲ့ ကျယ်ပြောလှသော ရှေ့ရင်ပြင်မှာ ဆိုင်ကယ်ကိုရပ်ကာ ထားခဲ့ပြီး လူကမိုးလွတ်ရာ စက်မောင်းသူတို့အခန်းအောက်သို့ ဝင်ခဲ့သည်။ ဒီမှာလည်း သိပ်တော့နေရာမရချင်။ ကိုယ့်ထက်အရင်ရောက်သူတို့က ခိုလှုံနှင့်ကြသည်။ မိုးလွတ်ရာ တစ်ကိုယ်စာကို မသိမသာတိုးဝင်မိသည်။ ဟင်း. . . ခါတိုင်းလိုဆိုလျှင်တော့ ဒီမိုးလောက်တော့ အမှုလား။ ကိုယ်လည်း သူများတွေလို ဇက်ရှေ့ပိုင်းရင်ပြင်ထွက်ပြီး မိုးဖွဲဖွဲတွေအောက် စိတ်ကူးယဉ်နေမှာပေါ့။ တိုက်တန်းနစ် (Titanic) သင်္ဘောပေါ်ရောက်နေသလိုလေ။ ရူးတာက . . . အဲဒီလို။ ဒီလောက် ဒုက္ခလှိုင်းတွေဝေနေတာကို အပိုးက မသေချင်ဘူး။ တစ်ခါတစ်ခါ ထထဖောက်ချင်တာ။

ဒါပေမယ့် ဘယ်လိုမှမဖြစ်နိုင်မှန်းလည်း သိသည်။ ရင်တုန်မပြေသေး။ ကဗျာဆန်ချင်စိတ်လည်းမရှိ။ စိတ်ကူးယဉ်ဖို့ထက် လက်တွေ့ဆန်ဖို့ စာမူလေးကိုရောက်အောင်ပို့ရမည်။ ဒါကြောင့် စာမူထည့်ထားသော ပလတ်စတစ်အိတ်ကလေး မိုးမလုံမှာကိုသာ ကျွန်တော်ပို၍ စိုးရိမ်နေမိသည်။

"တောက်" "ကွိုင်ပဲကွာ"

"ဒီလိုမှန်းသိ တံတားက ကူးသွားပါတယ်"

"တံတားက ကူးသွားရင် ဒီအချိန်လောက်ဆို ရောက်ရော့မယ်"

စိတ်မရှည်သံတွေ ထွက်လာသည်။ ဟုတ်သည်။ ခရီးသည်တို့ စိတ်ဓာတ်ကျကုန်ပြီ။ ဇက်ပေါ်မှာ ခရီးသည်အားလုံး သုံးဆယ်ကျော်လောက်ရှိသည်။ မိုးက မသည်းဆိုပေမယ့် ကြာလာတော့စိမ့်လာကြသည်။ တချို့တွေက မိုးကာအင်္ကျီပါကြသည်။ စိတ်မရှည်သူများကတော့ ပွဲထိန်းကို မော့မော့ကြည့်သည်။ ဒီဇက်ကြီးတစ်ခုလုံး သောင်တင်အောင် ဘယ်လိုမောင်းရတာလဲဆိုသည့်သဘော။ သူ့ခမျာလည်း ခရီးသည်များကိုအားနာပြီး ကြံရာမရဖြစ်ကာ မျက်နှာလေးဆီးရွက်လောက်သာ ကျန်တော့သည်။ သူ့အပြစ်ရယ်လို့လည်း မဟုတ်။

ကျွန်တော်ကတော့ စာမူအိတ်လေးကြည့်လိုက်၊ လေပူတွေမှုတ်ထုတ်လိုက်နဲ့ ကျွန်တော်လည်း စိတ်ညစ်တာပါပဲ။ ၁၁ နာရီထိုးခါနီးကထွက်လာတာ ခုဆိုရင် တစ်နာရီခွဲသွားခဲ့ပြီလေ။ မုံရွာဘက်ရောက်ဖို့ တစ်နာရီလောက်မောင်းရတယ်ဆိုရင် ကျန်တဲ့အချိန်က သောင်တင်နေတဲ့အချိန်ပါပဲ။ ကူးနေကျ စက်လှေသမ္ဗန်လေးနဲ့ဆိုရင် ၁၀ မိနစ်၊ ၁၅ မိနစ် ခရီးဟာ ခုတော့ အချိန် နှစ်နာရီခွဲလောက်ပေးနေရတယ်။ ဗိုက်ကလည်း တဂွီဂွီမြည်လို့။

အပြန်ကျရင်တော့ တံတားကပတ်ပြန်တော့မယ်လို့ စိတ်ကူးမိသည်။ အချိန်ကြာတယ်ဆိုပေမယ့် ဆိုင်ကယ်လေးလိမ့်နေတော့ အခုလိုအသက်မတိုတော့ဘူးပေါ့။ စောင့်ရတဲ့အလုပ်လောက် စိတ်ပျက်စရာကောင်းတာမရှိ။ သက်ပြင်းတွေအခါခါချနေရတာနဲ့ပဲလူလည်း အိုစာတော့မည်။ ဒါနဲ့ဆီထည့်ဖို့ပိုက်ဆံမှ ပိုနိုင်ပါ့မလားဆိုပြီး အိတ်ထောင်လေးကိုဖွင့်ကြည့်မိသေးသည်။

**စာမျက်နှာ (ဃ) သို့**




## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် "မျိုးဆက်သစ်ရင်ပြင်" အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစားရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**(စာတည်းအဖွဲ့)**

# ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးနှင့် ဘုရင့်နောင်ကျော်ထင်နော်ရထာ

rt'Em

ဘွဲ့လွန်ဒီပလိုမာ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှု
(ရန်ကုန်တက္ကသိုလ်)




ထီးလှိုင်မင်း(ခေါ်) ကျန်စစ်သား၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့သည် ဘုရင်မျိုးရိုးမဟုတ်ဘဲ မိမိတို့ကိုယ်ပိုင် လက်ရုံးရည်နှလုံးရည်နှင့်အတူ ဖြစ်တည်လာသော မင်းများဖြစ်ကြသည်။ ဆင်ဖြူငါးစီးပိုင်သော ဘုရင့်နောင်ကို ခရစ်နှစ် ၁၅၁၅ ခုနှစ် မွေးဖွားပြီး ငယ်မည်မှာ မောင်ခြတက်ဖြစ်သည်။ မောင်ခြတက်ဟုခေါ်ရခြင်းသည် ထီးလှိုင်ရွာတွင်နေစဉ် တစ်ရက် မိဘနှစ်ပါး (မောင်သိဂ်နှင့် မမင်းလှ) ထန်းတက်ရန် ထန်းတောထဲသို့ မဝင်မီ ထန်းပင်ရိပ်တွင် သားငယ်ကိုသိပ်ထားခဲ့စဉ် သားငယ်ခန္ဓာကိုယ်ပေါ်တွင် ခြများတက်နေသည်ကို မြင်ရသောကြောင့် "မောင်ခြတက်"ဟု အမည်တွင်ခဲ့သည်။

မောင်ခြတက်ကိုမွေးဖွားပြီးနောက် မိဘများသည် အစာရေစာပေါများသော တောင်တွင်းကြီးမြို့သို့ ပြောင်းရွှေ့ခဲ့ကြသည်။ တစ်ရက်တွင် မိဘများထန်းတက်စဉ် ထန်းပင်ရိပ်အောက်၌ သားငယ်ကိုချော့မြူသိပ်ထားခဲ့ရာ မြွေဟောက်ကြီးတစ်ကောင်ရောက်လာပြီး သားငယ်ကို ခွေပတ်၍ ပါးပျဉ်းထောင်နေသည်။ ယင်းအဖြစ်ကိုတွေ့လိုက်ရသော မိခင်ဖြစ်သူ မမင်းလှသည် ကြောက်အားတကြီးဖြင့် မြွေဟောက်ကြီးကိုမောင်းထုတ်ရာ မြွေဟောက်သည် ရန်မမူဘဲ တောင်ဘက်အရပ်သို့ ထွက်သွားခဲ့သည်။ ထိုဖြစ်စဉ်ကို ရွာဦးကျောင်းရှိဆရာတော်သို့ လျှောက်တင်သောအခါ "မြွေသွားရာတောင်အရပ်သို့ သွားကြလေ၊ သင်တို့ကောင်းစားကြလတ္တံ့"ဟု မိန့်ခဲ့သည်။

ဆရာတော်မိန့်ကြားသည့်အတိုင်း တောင်ငူသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ တောင်ငူတွင် တပင်ရွှေထီးဖွားမြင်စ၊ နို့ထိန်းရှာနေစဉ် မမင်းလှမှ နို့ထိန်းတော်ရာထူးကို ရခဲ့သည်။ တပင်ရွှေထီးနှင့် ဘုရင့်နောင်သည် အသက်ရွယ် သုံးလသာကွာသည်။ ဘုရင့်နောင်၏ဖခင် မောင်သိဂ်မှာလည်း တပင်ရွှေထီး၏အကြီးတော်အရာ "မင်းရဲသိင်္ဂသူ" ဟူသောဘွဲ့ကို ရခဲ့သည်။ ထို့နောက် တပင်ရွှေထီးသည် ဘုရင်ဖြစ်လာခဲ့၍ တောင်ငူမှ ဟံသာဝတီသို့ ပြောင်းရွှေ့စံသောအခါ မင်းရဲသိင်္ဂသူအား တောင်ငူကိုအပ်၍ ဘုရင်ခံအဖြစ်ဖြင့် အုပ်ချုပ်စေသည်။ မောင်ခြတက်ကိုလည်း "ရှင်ရဲထွတ်"ဟု ခေါ်တွင်သည်။ တပင်ရွှေထီးနတ်ရွာစံပြီးနောက် နောင်ရိုးဖောင်ဖျက်တိုက်ပွဲနှင့်အတူ အထူးထင်ရှားခဲ့သော ဘုရင့်နောင်မင်းတရားကြီးသည် ဒုတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာစည်းရုံးတည်ထောင်ခဲ့သည်။

ဘုရင့်နောင်သည် ၁၅၅၁ ခုနှစ် ဇန်နဝါရီလတွင် တောင်ငူကိုစတင်သိမ်းပိုက်ပြီး ၁၅၅၁ ခုနှစ် ဩဂုတ်လတွင် ပြည်ကို ထပ်မံသိမ်းပိုက်နိုင်ခဲ့သည်။ မြို့ကိုသိမ်းပြီးနောက် ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးအတွက် ဘုရားအိုကျောင်းအိုများကို အသစ်ပြန်လည်တည်ဆောက်မွမ်းမံခဲ့သည်။ မိမိတိုက်ခိုက်သိမ်းပိုက်ခဲ့သော မြို့များရှိ မြို့စား၊ စော်ဘွားများကို အသက်စည်းစိမ်မပျက် ဆက်လက်အမှုထမ်းစေခဲ့သည်။ ၁၅၅၂ ခုနှစ် မတ်လတွင် သူ၏နေပြည်တော်ဟောင်းဖြစ်သော ပဲခူး(ဟံသာဝတီ)ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ ထို့နောက် ရာဇဘိသိက်ခံယူပြီးနောက် လှပခမ်းနားကြီးကျယ်သော ကမ္ဘောဇသာဒီနန်းတော်ကြီးကို ၁၅၅၆ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် တည်ဆောက်ရန် တစ်အိမ်တစ်ယောက်ဆင့်ခေါ်၍ ကြေညာခဲ့သည်။ ပထမဦးစွာ ညီညာပြန့်ပြူးသော မြေသားများရရှိရင် မြို့အရှေ့ဘက်မှ တောင်များကိုစတင်ဖြိုခဲ့ပြီး မြို့အနောက်ဘက်မှ ချိုင့်များကို မြေသားများ ပြန်လည်ဖို့ခဲ့သည်။ ၁၅၅၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မြို့ဧရိယာနယ်နိမိတ်သတ်မှတ်ခဲ့ပြီး အကျယ်အဝန်းမှာ တာပေါင်း ၃၄၀၀ ကျယ်ဝန်းသည်။ မြို့တံခါးများတည်ဆောက်ရန် ၁၅၅၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် တိုင်များစိုက်ထူခဲ့သည်။ မြို့တံခါးများကိုတည်ဆောက်သော မြို့စားများ၊ စော်ဘွားများက လိုက်လံကြီးကြပ်ခဲ့ရသည်။ ကမ္ဘောဇသာဒီနန်းတော်ကြီးတွင် မြို့တံခါးပေါက် ၂၀ ရှိသည်။ အရပ်လေးမျက်နှာ တစ်ဖက်စီလျှင် တံခါးပေါက်ငါး ခုဖြင့် တည်ဆောက်ခဲ့သည်။ ထိုတံခါးများ၏ နာမည်များကို မြို့စားများ၏ အမည်များပေးခဲ့သည်။

အရှေ့ဘက်တွင် (ပြည်)၊ အဝ (အင်းဝ)၊ (တောင်ငူ)၊ (လင်းဇင်း)၊ (ဒလ)တံခါး။

အနောက်ဘက်တွင် (ဇင်းမယ်)၊ (ကုန်းဘောင်)၊ (မိုးညှင်း)၊ (မိုးကောင်း)၊ (ထားဝယ်) တံခါး။

တောင်ဘက်တွင် (ကလေး)၊ (မိုးနဲ)၊ (ညောင်ရွှေ)၊ (သာယာဝတီ)၊ (သိမ်လီ) တံခါး။

မြောက်ဘက်တွင် (တနင်္သာရီ)၊ (ယိုးဒယား)၊ (မုတ္တမ)၊ (ပုခန်း)၊ (ပုသိမ်) တံခါး။

ထိုမြို့တံခါးနာမည်များကို ကြည့်ခြင်းအားဖြင့် ဘုရင့်နောင်အာဏာနှင့် အင်ပါယာမည်မျှကြီးမားသည်ကို သိရှိနိုင်သည်။ ထိုမျှသာမဟုတ် ပေါ်တူဂီ၊ အီတလီ၊ အိန္ဒိယ၊ မလေးရှားနိုင်ငံများနှင့်လည်း သံတမန်ရေးရာရင်းနှီးမှုများ ရှိခဲ့သည်။ မိမိချမ်းသာကြွယ်ဝကြောင်းကို ပြသလိုသောကြောင့် မြို့တံခါးပြာသာဒ်များကိုပါ ရွှေချထားခဲ့သည်။ ထို့နောက် ၁၅၆၇ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင်

> ဘုရင့်နောင်မင်းတရားကြီး၏
> ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးကို
> မျက်ဝါးထင်ထင် ပြန်လည်မြင်တွေ့နိုင်ရန်
> ရှေးဟောင်းသုတေသနဦးစီးဌာနက
> ၁၉၉၀ ခုနှစ်တွင် စတင်တူးဖော်ခဲ့ပြီး
> ၁၉၉၂ ခုနှစ်တွင် ပြန်လည်တည်ဆောက်
> နိုင်ခဲ့သည်။ ယခုချိန်ထိတိုင်တည်ရှိနေသော
> သစ်လုံးတိုင်များတွင် အနုပညာမြောက်လှသော
> ရှေးခေတ်ပန်းပုအနုပညာများကို
> လေ့လာနိုင်သည်။

ကျုံးကိုစတင်တူးခဲ့သည်။ မြို့တံခါးများနှင့် ကျုံးကိုတည်ဆောက်ပြီးနောက် မိမိနေထိုင်ရန် ရွှေအိမ်တော်ကိုတည်ဆောက်ရန် သစ်များကို ၁၅၆၇ ခုနှစ် မေလ ၂၄ ရက်နေ့တွင် စတင်ရွှေပေါ်ထိုး အချောကိုင်ခဲ့သည်။ ထိုနန်းတော်တည်ဆောက်ရာတွင် အမတ်ကြီး ဗညားဒလက တာဝန်ယူကြီးကြပ်ခဲ့ရသည်။ နန်းတော်ဆောက်ရန် သစ်များကို မှူးမတ်များက တစ်ယောက်လျှင် သစ်တစ်လုံး ဆက်သခဲ့ရသည်။ ဇူလိုင်လ ၁၇ ရက်နေ့တွင် ရွှေအိမ်တော်တက်ပွဲကျင်းပခဲ့သည်။ ရွှေအိမ်တော် တည်ဆောက်ချိန်မှာ နှစ်လတာမျှသာ ကြာခဲ့သည်။

မုတ္တမမိဖုရား၊ တောင်ငူမိဖုရား၊ အဝ(အင်းဝ)မိဖုရား၊ သင်းတွဲ(တကောင်း) မိဖုရားတို့မှာ ဘုရင့်နောင်၏ တရားဝင် မိဖုရားများဖြစ်ကြသည်။ ဘုရင့်နောင်သည် မိမိ၏ မိဖုရားများနေထိုင်ရန်အတွက် သုံးထပ်အိမ်တော်ဆောင် ဆောက်ပေးခဲ့ပါသည်။ ဘုရင့်နောင်သည် ၁၅၆၇ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဆရာတော်၊ သံဃာတော်များ ပင့်ဆောင်၍ ရက်လည်သည်အထိ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်စေပြီး ရက်လည်သည်အထိ စတုဒိသာကျွေးမွေးခဲ့သည်။ မြို့တံခါး ၂၀ ပေါ်တွင်လည်း ပရိတ်ရွတ်ဖတ်စေခဲ့သည်။ ၁၅၆၈ ခုနှစ် မတ်လ ၁၆ ရက်နေ့ ဘုရင့်နောင်သည် ရထားပြာသာဒ်စီးနင်း၍ တောင်ဘက် ဇင်းမယ်တံခါးမှဝင်၍ အနောက်ဘက်ကို လှည့်လည်ကြည့်ရှုပြီး နန်းတက်တော်မူခဲ့သည်။ ယင်းရထားတော်ကြီးကို ကျောက်သံပတ္တမြား နှစ်သောင်းကျော်ဖြင့် စီခြယ်ထားပြီး ရွှေအပြည့်ချထားတော်မူခဲ့သည်။ တစ်ချိန်တည်းမှာပင် မြို့ကိုလည်း ကမ္ဘောဇသာဒီဟု သမုတ်ခဲ့သည်။ ရွှေစည်းခုံဘုရားတွင် ကြေးချိန်ပိဿာ ၂၀၀၀၀ ရှိသော ခေါင်းလောင်းကြီးတစ်လုံး သွန်းလုပ်စေပြီး မိမိသည် ဧကရာဇ်ဘုရင်တစ်ပါးဖြစ်လာစေရန် မည်သို့စွမ်းဆောင်ခဲ့သည်ကို ပါဠိ၊ မွန်၊ မြန်မာဘာသာဖြင့် ခေါင်းလောင်းစာရေးထိုးလှူဒါန်းခဲ့သည်။

နန်းတော်တည်ဆောက်နေစဉ်အတွင်းမှာပင် ၁၅၆၈-၁၅၆၉ ခုနှစ်တွင် ရန်သူတို့ပုန်ကန်မှုကြောင့် ယိုးဒယားသို့ မိမိကိုယ်တိုင်သွားရောက်တိုက်ခိုက်ရပြန်ပြီး နယ်စပ်မြို့လေးများကို ထပ်မံသိမ်းပိုက်ခဲ့သည်။ ထို့ကြောင့် ဘုရင့်နောင်သည် ၁၅၇၁ ခုနှစ် ဇွန်လ ၁ ရက်နေ့မှသာ မင်းနေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ၁၅၇၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှသာလျှင် နန်းတော်အင်္ဂါရပ်နှင့် ပြည့်စုံရန် နောက်ဆုံးကျန်ရှိသော လွှတ်တော်ကြီးကို တည်ဆောက်နိုင်ခဲ့သည်။ ၁၅၇၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်နေ့တွင် လွှတ်တော်စတင်တက်နိုင်ခဲ့သည်။ ကမ္ဘောဇသာဒီနန်းတော်ကြီးကို ပြည်တွင်းပြည်ပမငြိမ်သက်မှုများကြားမှ ငါးနှစ်တာအတွင်း ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့သည်။ နန်းသက် ၃၂ နှစ်၊ သက်တော် ၆၆ နှစ်အရွယ် ၁၅၈၁ ခုနှစ်တွင် နတ်ရွာစံခဲ့သည်။ ဘုရင့်နောင်ကွယ်လွန်ပြီးနောက် နန္ဒဘုရင်လက်ထက်တွင် ရခိုင်နှင့် တောင်ငူပူးပေါင်းတိုက်ခြင်းကိုခံရပြီး ၁၅၉၉ ခုနှစ်မှာ မီးရှို့ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။

ယခုအခါ ကျွန်ုပ်တို့ ဒုတိယမြန်မာနိုင်ငံတော် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးကို မျက်ဝါးထင်ထင် ပြန်လည်မြင်တွေ့နိုင်ရန် ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၀ ခုနှစ်တွင် စတင်တူးဖော်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ ယခုချိန်ထိတိုင် တည်ရှိနေသော သစ်လုံးတိုင်များတွင် အနုပညာမြောက်လှသော ရှေးခေတ်ပန်းပုအနုပညာများကိုလေ့လာနိုင်သည်။ ရထားပြာသာဒ်မည်သို့တည်ဆောက်ထားသည်။ လွှတ်တော် မည်သို့တက်သည်။ ထို့ပြင် နန်းတွင်းရှေးလူတို့၏ အသုံးအဆောင်များကို ထပ်မံလေ့လာနိုင်ကြသည်။ ထို့ကြောင့် ရာဇဝင်နှင့် ဘုရားစေတီများပေါကြွယ်ဝသော မြန်မာတို့၏ ဒုတိယမြန်မာနိုင်ငံဖြစ်သော ကမ္ဘောဇသာဒီရွှေနန်းတော်တည်ရှိရာ ရန်ကုန်မှ နှစ်နာရီမျှခရီးရှိသည့် ပဲခူး(ဟံသာဝတီမြို့)ကို အလည်တစ်ခေါက်သွားစေလိုပေသည်။ ။

## ငြိမ်းချမ်းရေးကဗျာ

ရာသီပေါင်း တစ်ရာနဲ့ငါးဆယ်
ငါတို့ နောက်ကောက်ကျခဲ့ပြီ။
မျှော်လင့်ချက်ပန်းတစ်ပွင့်
မင်းလက်ထဲမှာရှိတယ်။
စစ်မှန်တဲ့နှလုံးသားနဲ့
မင်းလူမျိုးကို ကာကွယ်မယ်ဆို
စားပွဲဝိုင်းလေးက
မင်းကိုအမြဲ ကြိုဆိုနေတယ်။
ရင်ဘတ်ချင်း မနီးစပ်ရင်လည်း
မင်းဦးနှောက်နဲ့ ဝင်လာခဲ့ကွာ။
ဖွင့်ထားတဲ့ တံခါးတွေကနေ
နွေးထွေးတဲ့ လက်တစ်စုံကို
မင်းမျက်လုံးနဲ့ မြင်အောင်ကြည့်ပေးပါ။
ဒီလိုမျိုး ဘယ်တုန်းက မင်းမြင်ဖူးလဲ။
ဒီလိုမျိုး ဘယ်တုန်းက မင်းကြားဖူးလဲ။
ဒီလိုမျိုး ဘယ်တုန်းက မင်းဖတ်ဖူးလဲ။
မင်းလည်းတစ်ကျပ် ငါလည်းတစ်ကျပ်
မိသားစုစိတ်ဓာတ်နဲ့ သွားကြမယ်။
ဆုပ်ထားတဲ့ မင်းလက်တွေကိုဖြေလိုက်
တင်းထားတဲ့ မင်းနှုတ်ခမ်းတွေလျှော့ချလိုက်
ပခုံးချင်းဖက် ဒူးချင်းထပ်ပြီး
ဒီခရီးကို အဆုံးထိ ငါတို့ဆက်လျှောက်ရအောင်
ကမ္ဘာကုန်ကျယ်သရွေ့လေ။
စစ်ငွေ့စစ်ခိုး မျက်ရည်မိုးတွေ
သမိုင်းတစ်ကွေ့မှာ တိတ်ပါစေ။
ဒီသံသရာမှာ ငြိမ်းချမ်းတေးဆို
ရွှေချိုးဖြူတွေ ကူပါစေ။
ရင်သွေးငယ်တွေ မာပါစေ။
သဘာဝရဲ့ အမေ။

**ဒေါက်တာအေးမင်းစိုး**
M.B.,B.S (Magway)

# ဘဝ လှေကားထစ်အချို့ (၁၉)



**မေစကားဝါ**

တတိယနှစ်(ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာ)
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)

ဘဝ ရထားကြီး ခုတ်မောင်းတာ မြန်လိုက်တာ. . . ကုန်လွန်သွားတဲ့အချိန်တွေကို သတိမပြုမိခင်မှာဘဲ နောက်ဘူတာတစ်ခုကို ဆိုက်ရောက်လုနီးပေါ့။ အတိတ်ကို လျစ်လျူရှု၊ အနာဂတ်ကို စိတ်မကူးဘဲ ပစ္စုပ္ပန်ပင်လယ်မှာ အလိုက်သင့်စီးမျောလာခဲ့တာ။ တက္ကသိုလ် တတိယနှစ်ကို ရောက်ခဲ့ပြီ။

"မဖြစ်နိုင်ဘူးဆိုတာ သူရူးတွေရဲ့ အဘိဓာန်မှာပဲရှိတယ်"ဆိုတဲ့ နပိုလီယံရဲ့စကားက ကျွန်မအတွက် မှားခဲ့တယ်လို့ ဆိုရမလား။ လောကမှာ ကြိုမသိနိုင်တဲ့ တိုက်ဆိုင်မှုတွေကြောင့် ပြန်မရနိုင်တဲ့ တစ်ဘဝစာဆုံးရှုံးမှုတွေရှိတယ်လေ။ ထားပါတော့ . . . ဒါဟာ ကျွန်မရဲ့ ညံ့ဖျင်းမှုအပြစ်ပဲဖြစ်မှာပါ။ အခုချိန်မှာတော့ ဖြစ်လာတဲ့ အခြေအနေတွေပေါ်မှာ ကံဇာတ်ရုပ်အနေနဲ့ ကျေကျေနပ်နပ်သရုပ်ဆောင်နေနိုင်ပါပြီ။ ဒီလိုဖြစ်လာနိုင်အောင် ကံကြမ္မာက ဖန်တီးပေးတာလား၊ ဘဝဖြစ်တည်မှုသက်သက်လားဆိုတာကတော့ မည်သူမှ သိနိုင်မယ်မထင်တော့။

ကျွန်မဘဝရဲ့ အကြီးမားဆုံးရည်မှန်းချက်တစ်ခုကို ဆုံးရှုံးလိုက်ရပြီးနောက်မှာ အိပ်မက်မက်ရင်း လမ်းထလျှောက်သူလို ဘာကိုမှမသိ၊ စမ်းတဝါးဝါးနဲ့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)ကို ရောက်လာခဲ့ပါတယ်။ ပျင်းရိခြောက်ကပ်ဖွယ်ကောင်းတဲ့ ပထမနှစ်နေ့ရက်တွေကို တက္ကသိုလ်စာကြည့်တိုက်ရဲ့ ချောင်ကျကျစားပွဲမှာ ကုန်ဆုံးခဲ့တယ်။ နောက်ဆုံးစာမေးပွဲနီးလာတဲ့အချိန်အထိ ဒုတိယနှစ်အတွက် ဘယ်ဘာသာရပ်ကို အထူးပြုရွေးရမလဲ မဆုံးဖြတ်ရသေး။

ဝါသနာတွေများလွန်းတဲ့ ကျွန်မအတွက် အထူးပြုဘာသာရပ်အားလုံးက စိတ်ဝင်စားစရာကောင်းနေခဲ့တယ်။

ဒီလိုနဲ့ စာမေးပွဲတွေမဖြေခင်မှာ သတင်းတစ်ခုကို ကြားခဲ့ရတယ်။ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)မှာ ယခင်ရှိနေပြီးသား ဘာသာရပ်တွေဖြစ်တဲ့ ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာ(Medical Laboratory Technology)၊ ခန္ဓာသန်စွမ်းမှုနည်းပညာ (Physiotherapy)၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ(Medical Imaging Technology )တွေအပြင် ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာ(Prosthetics & Orthotics) ကို ဘာသာရပ်အသစ်တစ်ခုအဖြစ် ဖွင့်လှစ်သင်ကြားမယ်ဆိုပြီး ကြေညာခဲ့တယ်။ တစ်နေ့မှာ ကျွန်မတို့ကျောင်းကို အဲဒီဘာသာရပ်အသစ်နဲ့ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းက လာရောက်ပြီး ဟောပြောခဲ့တယ်။ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ရသူတွေရဲ့ဘဝ၊ အရည်အချင်းတွေကို မြှင့်တင်ပေးနိုင်ကြောင်း၊ ဒီဘာသာရပ်ကို သင်ကြားနိုင်ဖို့ ဂျပန်နိုင်ငံအခြေစိုက်အဖွဲ့အစည်းဖြစ်တဲ့ Nippon Foundation က အကူအညီပေးမည် ဖြစ်ကြောင်း၊ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံမှစတင်ကာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ သီရိလင်္ကာတို့တွင် ဖွင့်လှစ်သင်ကြားနေပြီဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှာ စတင်သင်ကြားမည်ဖြစ်ကြောင်း၊ ထူးချွန်ကျောင်းသားများအား ထိုင်းနိုင်ငံတွင် ဆက်လက်တက်ရောက်သင်ယူနိုင်ရန် ကူညီမည်ဖြစ်ကြောင်း၊ ယခု သင်ယူမည့်ကျောင်းသားများအား ပညာသင်ဆုအဖြစ် တစ်လလျှင် ဒေါ်လာ ၁၂၀ ပေးမည်ဖြစ်ကြောင်း ဟောပြောခဲ့တယ်။ ထိုဘာသာရပ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို သိပြီးသည့်တိုင်အောင် ကျွန်မစိတ်တွေ ဝေဝါးနေဆဲပါ။ ဒါပေမယ့် ဘာသာရပ်အသစ်ဆိုတော့ အနည်းငယ်စိတ်ဝင်စားမိတာကြောင့် အထူးပြုမေဂျာလျှောက်လွှာမှာ Prosthetics & Orthotics ကို ဦးစားပေးလျှောက်ခဲ့တယ်။ ဒီလိုနဲ့ ဒုတိယနှစ်မှာ P&O ကို သင်ယူလေ့လာဖို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)ကို ရောက်လာခဲ့ပြန်ရော။

ဒုတိယနှစ်ရဲ့ နေ့ရက်တွေဟာလည်း ကျွန်မအတွက် ပြဿဒါးတွေပဲ ဖြစ်ခဲ့ပါတယ်။ ဒီပညာရပ်ကိုသင်ကြားဖို့ မြန်မာလူမျိုး ဆရာ ဆရာမတွေမရှိသေးတော့ ကမ္ဘောဒီးယားက ဆရာတွေနဲ့ သင်ရပါတယ်။ နယ်ကလာတဲ့ ကျွန်မအတွက် အင်္ဂလိပ်ဘာသာစကားကို ပြောနိုင်ဖို့ဆိုတာ တော်တော်ခက်ခဲခဲ့ပါတယ်။ စာမေးပွဲရေလှိုင်းတွေရဲ့ ပုတ်ခတ်မှုတွေ၊ ကျွန်မရဲ့ ပျင်းရိမှုတွေ၊ စိတ်ပိုင်းဆိုင်ရာ အားနည်းမှုတွေကလည်း စိတ်ပင်ပန်းစရာ အခြေအနေတွေပါ။

ပထမဆုံး practical project စတဲ့နေ့ ဆေးရုံကနေ အိမ်ပြန်ရောက်ချိန်မှာ ပင်ပန်းလွန်းလို့ လမ်းတောင်မလျှောက်နိုင်အောင်ပါပဲ။ ဘာပဲဖြစ်ဖြစ် အခုတော့ ဒုတိယနှစ်ကို ကျော်ဖြတ်ဖို့ စိတ်ပင်ပန်း၊ လူပင်ပန်းမှုတွေကို ခက်ခက်ခဲခဲနင်းတက်ခဲ့ပြီး တတိယနှစ်ဆိုတဲ့ လှေကားထစ်ပေါ်မှာ ရပ်နေပါပြီ။

ဒါပေမယ့် တတိယနှစ် အစပိုင်းအထိ ဒီပညာရပ်အပေါ်မှာ ထူးထူးထွေထွေစိတ်ဝင်စားမှုမျိုး မဖြစ်လာခဲ့သေး။ မိဘကို ကျေးဇူးဆပ်နိုင်ဖို့ ကြိုးစားမှုဖြစ်မယ်ဆိုတဲ့ အသိလေးတစ်ခုကလွဲရင် ကျန်တာတွေအားလုံးမှာ အရှုံးသမား ဖြစ်နေခဲ့ပါတယ်။ ကျွန်မရဲ့ အသက်မွေးဝမ်းကျောင်းမှု အလုပ်အကိုင်အပေါ် ခံယူချက်တွေလည်း လွဲမှားနေခဲ့တယ် ။ ဝါသနာနဲ့ လက်တွေ့ကွာခြားချက်တွေက ကိုယ်သင်ယူနေတဲ့ ပညာရပ်အပေါ် အာရုံစိုက်မှုတွေ နည်းပါးစေတယ်။

တစ်နေ့မှာ. . .


ကျွန်မရဲ့စိတ်တွေကို ပြောင်းလဲသွားစေမယ့် သတင်းတစ်ခုကို ဖတ်မိတယ်။ မြန်မာနိုင်ငံမှာ မြေမြှုပ်မိုင်းထိလို့ ဒဏ်ရာရသူတွေ တစ်နှစ်ကို ၄၀၀၀ နီးပါးရှိပြီး ခြေတုလက်တုနဲ့ အားပြုကိရိယာတွေကို လိုအပ်နေတယ်တဲ့။ အဲဒီတော့ ကျွန်မစဉ်းစားမိတာက မြန်မာနိုင်ငံမှာ ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာဆိုတာ အခုမှစပြီး သင်ကြားနေဆဲ ဘာသာရပ်အသစ်ဆိုတော့ ကျောင်းသားဦးရေကလည်း မများ။ တတိယနှစ်မှာ ကျွန်မအပါအဝင် ကျောင်းသား ၁၁ ယောက်၊ ဒုတိယနှစ်မှာ ၈ ယောက်ပဲ ရှိတယ်လေ။ ပြင်ပအဖွဲ့အစည်းအနေနဲ့ ကြက်ခြေနီအသင်းမှာ ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာရှင်တွေ ရှိပေမယ့် အရေအတွက်အားဖြင့် နည်းလွန်းနေတယ်။ ကျွန်မတို့တက္ကသိုလ်မှာ ကမ္ဘောဒီးယားကနေ ပညာသင်ယူပြီး ပြန်လာတဲ့ ဆရာမတစ်ယောက်ပဲရှိသေးတယ်။ ဒီတော့ မြန်မာနိုင်ငံအတွက် ဒီပညာရပ်ဟာ မရှိမဖြစ်လိုအပ်နေတာပါလားဆိုပြီး ခံယူချက်တွေလည်း ပြောင်းလဲစပြုလာခဲ့ပါတယ်။

ဒီထက်ပိုပြီး သေချာလာတာကတော့ ခြေထောက်အားပြုကိရိယာတွေအတွက် practical projects တွေ လုပ်ရမယ့် တစ်ရက်မှာပါ ။ ပင်ပန်းလွန်းတဲ့ projects တွေ လုပ်ရမယ့်နေ့တွေဆို ပျင်းရိထိုင်းမှိုင်းနေတတ်တဲ့ ကျွန်မ။ အဲဒီနေ့က သူငယ်ချင်းတွေနဲ့အတူ စာသင်ခန်းထဲမှာထိုင်ရင်း လူနာတွေအလာကို စောင့်နေခဲ့ကြတယ်။ လူနာတွေရောက်လာတဲ့အချိန်မှာတော့ ကျွန်မတို့အားလုံး အံ့သြဝမ်းနည်းခဲ့ကြရတယ်။ သုံးလေးငါးနှစ်အရွယ် ကလေးလေးတွေ ဖြစ်နေခဲ့တယ်လေ။ အရင် projects တွေတုန်းက လူကြီးတွေနဲ့ပဲ တွေ့ခဲ့ဖူးတာဆိုတော့ ကလေးလူနာတွေကို မြင်လိုက်ရချိန်မှာ ပိုပြီးစိတ်မကောင်းဖြစ်ကြရပါတယ်။ ကလေးတစ်ယောက်ဆိုရင် အရမ်းငယ်လွန်းသေးတော့ သူ့မှာ လမ်းလျှောက်ပုံနဲ့ပတ်သက်ပြီး ချို့ယွင်းမှုရှိနေတာကိုတောင် မသိရှာဘူးလေ။ အဲဒီနောက်တော့ ကျွန်မတို့ လုပ်ပေးရမယ့် အားပြုကိရိယာအတွက် လိုအပ်ချက်တွေကို သိနိုင်ဖို့ လူနာရဲ့ အရိုးအဆစ်၊ ကြွက်သားတွေ သန်မာမှုရှိ/မရှိ၊ အခြား ချို့ယွင်းမှုတွေ ရှိ/မရှိ စစ်ဆေးကြရပါတယ်။ ကလေးတစ်ယောက်ကို စပြီးစစ်ဆေးတဲ့အခါ ဘယ်လိုဝေဒနာတွေကို နာကျင်ခံစားရသလဲမသိ၊ ကလေးက အော်ငိုပါတော့တယ်။ ကလေးလူနာတွေကို စမြင်လိုက်ကတည်းက ဝမ်းနည်းနေတဲ့ ကျွန်မလည်း စိတ်မထိန်းနိုင်တော့ပဲ ငိုမိပါတော့တယ်။ အနာဂတ်ရဲ့ မျိုးဆက်သစ်တွေဖြစ်တဲ့ ကလေးတွေကို အခုလို မသန်စွမ်းဆိုတဲ့ အခြေအနေတွေကနေ ကျန်းမာသန်စွမ်းတဲ့ဘဝတွေကို ဦးတည်နိုင်ဖို့အတွက် ကူညီအကျိုးပြုချင်စိတ်တွေလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။

အခုတော့ ကျွန်မသင်ယူနေတဲ့ ပညာရပ်အပေါ် ကျွန်မရဲ့ခံယူချက်တွေ လုံးဝကို ပြောင်းလဲသွားခဲ့ပါပြီ။ အရင်တုန်းက ဒီတက္ကသိုလ်ကို တက်ခဲ့တယ်ဆိုတာ မိဘစိတ်ကျေနပ်စေဖို့ သက်သက်ဖြစ်ခဲ့ပေမယ့် အခုတော့ ကျွန်မကိုယ်တိုင်က စိတ်ဝင်စားတဲ့ပညာရပ် ဖြစ်လာခဲ့ပါပြီ။ ဒီပညာရပ်နဲ့ ဆက်နွှယ်ပြီးတော့လည်း မသန်စွမ်းကလေးငယ်တွေ ကောင်းမွန်စွာပညာသင်ကြားနိုင်ရေး၊ မသန်စွမ်းသူတွေရဲ့ အခွင့်အရေး၊ ရပိုင်ခွင့်တွေကိုလည်း စဉ်းစားပေးတတ်လာခဲ့ပြီ။ ဘွဲ့ရပြီးတဲ့အခါ မသန်စွမ်းသူတွေရဲ့ဘဝ၊ အရည်အသွေးတွေကို မြှင့်တင်ကူညီပေးနိုင်တဲ့ ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာရှင်ကောင်းတစ်ယောက်အဖြစ် ရပ်တည်ဖို့လည်း ဆုံးဖြတ်ပြီးခဲ့ပြီ။

ကျွန်မစိတ်ဝင်စားတဲ့ အခြားပညာရပ်တစ်ခုကို ဆက်လက်လေ့လာရင်းနဲ့ မသန်စွမ်းသူအခွင့်အရေး၊ ရပိုင်ခွင့်၊ တန်းတူညီမျှမှု၊ လိုအပ်ချက်တွေအတွက် တောင်းဆိုပေးနိုင်ဖို့လည်း ကြိုးစားရပါဦးမယ်။ ရိုးရာအယူအဆတွေ၊ ယဉ်ကျေးမှုဆိုင်ရာကန့်သတ်ချက်တွေနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဖိအားတွေကြောင့် မသန်စွမ်းသူတွေရဲ့စိတ်မှာ ဖြစ်ပေါ်လာတတ်တဲ့ လူမှုရေးရှောင်လွဲမှုတွေကို ကူညီဖြေရှင်းပေးနိုင်တဲ့ တက်ကြွလှုပ်ရှားသူတစ်ယောက် ဖြစ်လာဖို့လည်း ကိုယ့်ကိုယ်ကိုယ် အားတင်းရပါဦးမယ်။ ပြင်သစ်အတွေးအခေါ်ပညာရှင် ယန်းပေါဆတ်ပြောခဲ့သလို Man is responsible for himself ဆိုတဲ့ အတိုင်းပါပဲ။ ဖြစ်တည်မှုပဓာနလို့ဆိုချင်ဆို၊ အတိတ်ကံအကြောင်းလို့ဆိုချင်ဆို လက်ရှိဘဝအတွက် မိမိကိုယ်ကိုတာဝန်ယူမှု၊ တာဝန်ခံမှုတို့တော့ ရှိရမယ်မလား။ ဒီတော့ လူ့လောကကြီးကို တစ်နေရာရာကနေ အကျိုးပြုနိုင်ဖို့၊ ကျွန်မရဲ့ ဖြစ်တည်မှုအတွက် တာဝန်ယူနိုင်တဲ့လူသားတစ်ယောက် ဖြစ်လာအောင်ကြိုးစားရင်း ကျန်ရှိနေသေးတဲ့ ဘဝ လှေကားထစ်တွေကိုလည်း ဆက်လက်ကျော်ဖြတ်ရှင်သန်ရပါဦးမယ်။ ။

# ဆန်းသစ်တီထွင်တာတော့ကောင်းပါရဲ့



ကြည်ဖုန်းဝင်း
အဝေးသင်စတုတ္ထနှစ်
(စီးပွားရေးပညာ)

ကျွန်မအလုပ်ကပြန်လာပြီဆိုလျှင် မူလတန်းအရွယ် မောင်လေးက ကျွန်မ၏ဖုန်းကို ယူကြည့်လေ့ရှိသည်။

မောင်လေးပထမဆုံးကြည့်သည်မှာ လူကြီးလူငယ်မရွေး နှစ်သက်စွဲလမ်းနေသော စိတ်ဝင်စားစရာများပါသော ဖေ့စ်ဘွတ်စာမျက်နှာပင်ဖြစ်သည်။

မောင်လေးကြည့်နေရင်း ကျွန်မကို လှမ်းပြောသည်။

မောင်လေး — "မမ ဒီမှာကြည့်ပါဦး၊ ဒီလူက ကျောင်းမနေရလို့လားဟင်"

မမ — "ဘာဖြစ်လို့လဲ မောင်လေးရဲ့"

မောင်လေး — "ဒီမှာ ကြည့်ပါဦးမမ၊ စာလုံးပေါင်းအမှားတွေချည်းပဲ"

ရေးထားသည်မှာ (ငှကို ဘူမှယဲ အခင်ကြတော့ပု တျောက်ထဲနေတော့မရ် သက်လား)ဟူ၍ပင်ဖြစ်လေသည်။

မမ — "ကျောင်းနေရတယ်မောင်လေးရဲ့၊ စတိုင်လုပ်ရေးတာကွဲ့"

မောင်လေး — "အော်"

ဘဝင်မကျသောမျက်နှာလေးနဲ့ မောင်လေးအသံ တိတ်သွားသည်။ ကျွန်မအဖြေများ မှားသွားသလား။ မောင်လေးဘာတွေတွေးနေပါလိမ့်ဟူ၍ တွေးရပြီ။ အတုယူ မှားသွားလျှင်ဒုက္ခဟု ကျွန်မစိုးရိမ်မိသည်။

"ကိုကြီး"ကို "ကွီး" ဟုလည်းကောင်း၊

"မကြီး"ကို "မွီး" ဟုလည်းကောင်း၊ "ညီလေး"ကို "ညေး"ဟုလည်းကောင်း အစရှိသဖြင့် အတိုကောက်အဖြစ် ဆန်းသစ်တီထွင်၍ သုံးနှုန်းလာကြသည်။ ပိုဆိုးသည်မှာ "မပြောနဲ့"ကို "မကြောနက်" ဟုလည်းကောင်း၊ "မသိဘူး" ကို "မတိပု" ဟုလည်းကောင်း၊ "သိလား" ကို "သက်ယား" ဟုလည်းကောင်းစသည်ဖြင့် အတိုကောက်မဟုတ်ဘဲ သုံးနှုန်းခြင်းပင်ဖြစ်သည်။ ဆန်းသစ်တီထွင်၍ သုံးခြင်းထက် မြန်မာစာအရေးအသားကို ဖျက်ဆီးခြင်းဖြစ်သွားသည်။ လူအများသုံးနေကြတာပဲ ခေတ်မီတယ်လို့လည်း ထင်၍ အပျော်သုံးတာပဲ ဘာဖြစ်လဲဟု ပြောမည်ထင်ပါသည်။ အပျော်အပျက်သုံးတာကနေ နေ့စဉ်သုံးလာကြမည်။ ယခုပင် လူငယ်တော်တော်များများ လူကြီးတချို့ပါ သုံးနေကြပြီ။ ထိုသို့ အပျော်အပျက်သုံးတာကနေ အသုံးများလာသော အခါ ဖေ့စ်ဘွတ်မှတစ်ဆင့် အရေးအသားများကူးစက်လာနိုင်သည်။ ဆန်းသစ်တီထွင်မှုသည် ပျက်စီးဖို့အတွက်ဆိုလျှင်တော့ ကောင်းကျိုးများဖြစ်လာမည်မဟုတ်ပါ။ သုံးနှုန်းရန် မသင့်သော အရေးအသားများကို ရပ်တန့်ခြင်းဖြင့် မြန်မာစာပေအရေးအသားကို ထိန်းသိမ်း၍ တန်ဖိုးထားကြပါစို့ဟု တိုက်တွန်းလိုက်ပါရစေ။

## နှုတ်ဆက်ခဲ့ပါတယ် ရန်ကုန်

အကြီးမားဆုံး ပြပွဲခန်းမတစ်ခု
ပြသထားသလိုပါပဲ ရန်ကုန်
လူဦးရေ ထူထပ်တာလား
ကားစီးရေ ထူထပ်တာလား
စည်းကမ်းမဲ့ဦးရေ ထူထပ်နေတာလား

အချိန်တွေပုပ်သိုးတဲ့အခါ
စပါယ်ယာ ငေါက်သံခံရတဲ့အခါ
လမ်းအလယ်မှ အဆင်းအတက်ပြုလုပ်ရတဲ့အခါ
လူကူးမျဉ်းကျားမှာ အသက်စွန့်ရတဲ့အခါ
အဖေရေ ချိုထောင်ကြီးကိုကျွန်းမာအောင်ထားပါ

ခါးပိုက်နှိုက်ခံလိုက်ရတဲ့ ယဉ်ကျေးမှုတွေ
လမ်းတွေပေါ် ပြန့်ကျဲ မမြင်ချင့်အဆုံး
ကိုယ်တုံးလုံးမဖြစ်ရုံတမယ်ပဲ
အေးမြရေ ဘာမှမဖော်ပြထားတဲ့
နင့်အလှန့်များ ကွာပါ့ဟာ


(၁၀) နှစ်တောင်မပြည့်ရှာသေးတဲ့ကလေးလေးတွေ
ဘူးခွံကောက် စပါးတွဲရောင်း
တချို့က ပေါ်တင်တောင်းတယ်
မသင်မနေရ မူလတန်းပညာရေး
ရန်ကုန်မှာမထွန်းကားသေးဘူး အဖေ

ငွေကပညာထက် အာဏာရှိလေတော့
ဒီခေတ်မှာ ဒီလိုဖြစ်တာ
နည်းတောင်နည်းပါသေးတယ်လေ
စာရိတ္တမဏ္ဍိုင်ပြိုင်ပွဲ တစ်ကောင်မှမပြိုင်ရဲဘဲနဲ့
ရပ်ကွက်ကျော် လမ်းသရဲဆိုပဲ
မင်းတို့တွက်လည်း ဝမ်းနည်းတယ်

တော်ပြီအဖေ ခေတ်မီပြီး
မဖွံ့ဖြိုးတဲ့အရပ်မှာ ဆက်မနေတော့ဘူး
ခေတ်မမီပေမယ့် ကိုယ်ကျင့်တရား မြင့်မားတဲ့
အဖေ့ရွာကိုပဲ သားပြန်လာတော့မယ်
စိတ်မဆိုးနဲ့ရန်ကုန် အပြစ်တင်ခံရတာ
မင်းကို အပြစ်စင်စေချင်လို့ပါ
ပြင်စရာမလိုတဲ့ ကောင်းကွက်တွေအတွက်
မင်းကိုငါ ချန်လှပ်ခဲ့ပါတယ်
နှုတ်ဆက်ခဲ့ပါတယ် ရန်ကုန်

လူချစ်(ခမုံ)
ပညာရေးတက္ကသိုလ်

# လူငယ်အတွေး လူငယ်အမေး



စိမ်းညို့ဖူး(မန္တလေး)
အဝေးသင်စတုတ္ထနှစ်
(စီးပွားရေးပညာ)

မန္တလေးဖားအောက်တောရ ရိပ်သာခွဲ၌ ကျွန်တော် တရားစခန်းဝင်ခဲ့စဉ်အခါက ဖြစ်သည်။

မန္တလေးဖားအောက်ရိပ်သာမှာ နှစ်ပတ်လည် တရားစခန်းဖြစ်သည်။ မန္တလေးတောင်ခြေ အဆင်းလမ်းတွင် တင့်တယ်စွာ တည်ရှိနေသည်။ သစ်ပင်ဝါးပင်များထူထပ်စွာပေါက်ရောက်နေသဖြင့် ဆိတ်ငြိမ်အေးချမ်းလှသည်။ တရားထိုင်ရန်၊ သမာဓိထူထောင်ရန် ပြီးပြည့်စုံလွန်းသည်ဟု ကျွန်တော် ကောက်ချက်ချမိသည်။ တစ်ရက်ကျွန်တော် တရားစစ်ဆရာတော်ထံ စိတ်ထဲမတင်မကျ သို့လောသို့လောနှင့် မေးလိုလှသော မေးခွန်းတစ်ခုအား ဆရာတော်ထံ လျှောက်ခွင့်တောင်းခဲ့သည်။

"အရှင်ဘုရား တပည့်တော် သိချင်တာလေးတစ်ခု လျှောက်ထားခွင့်ပြုပါဘုရား"

"မေးပါ"

"တပည့်တော် .... မိထွေးတော်ဂေါတမီက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မြတ်စွာဘုရားခြေဖမိုးတော်ကို မျက်နှာစုံအပ်ပြီး ဖူးမြော်ခဲ့တယ်လို့ ကြားနာရတော့ ယခု လက်ရှိမှာ အမျိုးသမီးများ ဘုရားပရိဝုဏ်အတွင်း ဖြတ်သန်းခွင့်မပြု၊ ရွှေသင်္ကန်းကပ်ခွင့်မပြုဆိုတဲ့ တားမြစ်ချက်တွေအပေါ် မေးမြန်းချင်စိတ်ဖြစ်မိပါတယ် ဘုရား၊ မြတ်စွာဘုရား ပညတ်ခဲ့တာရှိခဲ့ရင်လည်း တပည့်တော် သိချင်မိပါတယ် အရှင်ဘုရား"

"မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ထဲမှာ အမျိုးသမီးများ ဘုရားပေါ်တက်ခွင့်မရှိဆိုတဲ့ ပညက်ချက် မပါပါဘူး။ အဲဒီသဘောတရားက ဒီလိုရှိတယ်၊ ဗုဒ္ဓဘာသာကို အိန္ဒိယကသယ်ဆောင်လာခဲ့တာဖြစ်တယ်။ အိန္ဒိယ ယဉ်ကျေးမှုက အမျိုးသမီးတွေကို အမျိုးသားတွေထက် နိမ့်ကျတယ်ဆိုတဲ့ အငွေ့သက်တွေ ရှိနေတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုးသမီးတွေကို တားမြစ်ထားတာက အိန္ဒိယက ကပ်ပါလာတဲ့ ထုံးတစ်ခုပါပဲ။"

"ဒါဆို တပည့်တော်တို့ အမျိုးသမီးတွေ မဟာမုနိဘုရားမှာ ရွှေသင်္ကန်းကပ်မယ်ဆို ငရဲမကြီးဘူးပေါ့ ဘုရား"

"မကြီးပါဘူး ကုသိုလ်တောင်ရပါသေးတယ်"

ဆရာတော်မှာ ရယ်လျက်. .

ဆက်ပြီးဆရာတော်က မိန့်တယ်။

"ဘာလို့ ဒီကိစ္စကို ခေါင်းထဲ တအားထည့်နေရတာလဲ၊ တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ အဓိကပန်းတိုင်ကဘာလဲ"

"နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ပါဘုရား"

"ဟုတ်ပြီ၊ ဒါဆို အဓိက ပစ်မှတ်ကိုပဲ ခေါင်းထဲထည့်ပေ့၊ ဘုရားရွှေသင်္ကန်းကပ်ရင် ကုသိုလ်ပဲရမှာ နိဗ္ဗာန်တော့ ရမှာမဟုတ်ဘူးဗျ။ ဒါလေးသိထားပေ့။ ဘုရားက ယောက်ျား မိန်းမဆိုပြီး ခွဲခြားဟောခဲ့တာမျိုးမရှိဘူး။ သုံးဆယ့်တစ်ဘုံသားတွေအကုန်လုံး သစ္စာလေးပါးပဲ ဟောခဲ့တာပါ။ ဒီတော့ ဘုရားဟောခဲ့တဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ နာကြားမှတ်သားပြီး ကိုယ်တိုင်ကျင့်ကြံပွားများအားထုတ်ပါ။ ဒါဆို ပညတ်တွေအပေါ် ဟုတ်တိုင်းမှန်စွာ ကိုယ်ပိုင်ဉာဏ်နဲ့ ပိုင်းပိုင်းခြားခြား သိမြင်ပြီး နိဗ္ဗာန်ကို မြင်နိုင်ဝင်နိုင်ပါလိမ့်မယ်။"

"မှန်လှပါဘုရား၊ တပည့်တော် သဘောပေါက်ပါပြီဘုရား"။

### အချပ်ပို ရှေ့ဖုံးမှ

တကယ်တော့ စာပေစိတ်ကလေးတစ်ခုနဲ့ပါလေ။ ကိုယ့်အသက်အန္တရာယ်ကိုတောင် ဂရုမစိုက်နိုင်ဘဲနဲ့လေ။ ဘဝမှာရည်းစားနဲ့ချိန်းဖို့တောင် ဒီလောက်အပင်ပန်းခံ မစွန့်စားဖူးဘူး။ ဒါကြောင့်မို့လည်း ဖြတ်သွားတာပေါ့။ ဆောရီး ... ထထဖောက်တာပါဆို။ ရည်းစားနဲ့ချိန်းတာက အများအကျိုးရှိတာ မှတ်လို့. . နော်။ ဒါပေမယ့် ဒီလိုအန္တရာယ်တွေကြားထဲ ရစရာပိုက်ဆံရှိရင်လည်း ပျင်းလို့သွားတောင်းဖြစ်မှာမဟုတ်တာတော့ သေချာတယ်။ စာမူခတော့ ပါဘူးဗျ။ စာမူခကတော့ မပေးရင်လည်း အမျိုးတွေကိုကြွားချင်တာနဲ့ အတင်းကာရော ဖုန်းဆက်တောင်းတာ။ အဲလိုကောင်ပါဆို။

မုံရွာဘက်ရောက်တော့ မြို့လယ်ကောင်ဗိုလ်ချုပ်ကြေးရုပ်ရှေ့နားက သတင်းစာ၊ ဂျာနယ်ဆိုင်တွေဆီကို တစ်မိုင်နီးနီးလောက် လမ်းလျှောက်ရသေးတယ်။ အနီးအနားတင်ဝယ်ရင်ရပေမယ့် ကျွန်တော်လွတ်သွားတဲ့ တနင်္ဂနွေလေးတွေများ ရနိုင်ဦးမလားဆိုတဲ့စိတ်နဲ့ လျှောက်ပြီးစုံစမ်းကြည့်ရအောင် ဂျာနယ်ဆိုင်များတဲ့ဘက်ကို ထွက်လာခဲ့တာ၊ ဟိုလည်းရောက်ရော ပထမဆုံးတွေ့တဲ့ဆိုင်ကို "ညီမ၊ ဒီနေ့တနင်္ဂနွေကြေးမုံရောက်ပြီလားဆိုတော့၊ ဟင့် ကုန်သွားပြီတဲ့"၊ ကျွန်တော် တော်တော်ပေါက်ကွဲချင်သွားတယ်။ ဟုတ်တယ်လေ၊ ဟိုအရင်ကျွန်တော်လွတ်သွားတဲ့ ကြေးမုံအဟောင်းမပြောနဲ့ ဒီနေ့ထုတ်ကြေးမုံတောင်ကုန်သွားပြီဆိုတော့ ကိုယ့်ကံဇာတာကိုယ်ရှုးချင်စိတ်ပေါက်သွားတယ်။ ကိုယ်ကတော့ တစ်ရာပဲပေးရတဲ့ သတင်းစာလေးတစ်စောင်ရဖို့ စိုးရိမ်ရေမှတ်ရောက်နေတဲ့ မြစ်ကို စိုးတထင့်ထင့်နဲ့ဖြတ်လာရတာ။ ဩော်. . . အဲဒီတစ်ရာတန်သတင်းစာလေးတစ်စောင်ကပဲ ကိုယ့်အတွက်တန်ဖိုးရှိနေခဲ့တာ မဟုတ်လား။

ဒါနဲ့တစ်ဆိုင်မရှိရင် နောက်တစ်ဆိုင်ပေါ့လေဆိုပြီး ကိုယ့်ကိုယ်ကိုယ်အားတင်းလို့ လမ်းမြောက်ဘက်က "ချင်းတွင်းအိမ်"ကိုရောက်သွားတယ်။ အဲဒီမှာတော့ရတယ်ဗျ။

ဒါနဲ့ကျွန်တော့်ရည်ရွယ်ချက်အတိုင်း ဆိုင်ထဲကို ပြုံးတိပြုံးကြောင်နဲ့ အကဲခတ်ပြီး "အစ်မ၊ ဟိုလေ ဟိုအရင်ပတ်တွေက တနင်္ဂနွေလေးတွေများ ရနိုင်ဦးမလား" ဆိုတော့ သဘောကောင်းစွာ ရှာပေးပါတယ်။ လွတ်သွားတဲ့ နှစ်ပတ်ထဲက တတိယပတ်တနင်္ဂနွေလေးတော့ ပြန်ရပါတယ်။ ကျွန်တော် စာမူပို့လိုက်တဲ့ ဒုတိယတနင်္ဂနွေကတော့ တစ်ပတ်တစ်ခါရှင်းလို့ဆိုပြီး မရခဲ့တော့ပါဘူး။ ကျွန်တော်လည်း စိတ်ဓာတ်ကျစွာနဲ့ ပြန်လာတာပေါ့။ လူ့စိတ်ဆိုတာ အဲဒီလိုပဲလား မသိဘူး။ အစတုန်းကတော့ ကိုယ့်အားနည်းချက်လေးတွေ သိရအောင်လို့ ကြေးမုံအဝယ်ထွက်ခဲ့တာ၊ မသိစိတ်မှာကျတော့ ကိုယ်ပို့ထားတဲ့ ဒုတိယပတ်လေးကို လိုချင်ကြည့်ချင်နေတုန်းပဲ။

ဒီလိုနဲ့ ကျွန်တော်အိမ်ပြန်ရောက်လာရောဆိုပါတော့။ အိမ်ရောက်တော့လည်း မထူးပါဘူးလေဆိုပြီး ဖော်ပြခံရတဲ့ကလောင်တွေကို အတုယူပြီးကြိုးစားရအောင် လှန်လှောရင်း ဆရာ"ယောနကဘိုးထောင်" ကို တွေ့လိုက်ရတာပါပဲ။ ဆရာရဲ့ အားပေးဂုဏ်ပြုဆောင်းပါးလေးကြောင့် ကျွန်တော့်စာမူလေးပါခဲ့မှန်း သိတာပါ။ အဲဒါကြောင့်ပြောတာပေါ့ အနုပညာသမားတွေဟာ ချစ်စရာကောင်းပါတယ်လို့။ တစ်ဆက်တည်းပဲ ကျွန်တော်တို့လို နယ်ကနေရေးတဲ့ ကလောင်ပေါက်ကလေးတွေကို အလုပ်ရှုပ်ခံပြီး စာမူခလွှဲပေးတဲ့ ကြေးမုံကဆရာတို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း အထူးပြောလိုပါတယ်။ ကြေးမုံအဓွန့်ရှည်ပါစေဟု။

တကယ်တော့ စာရေးဆရာ၊ စာရေးသူဆိုတာ ကိုယ်ရေးတဲ့စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကပင် ဖြစ်လာသူများပင်။ ကိုယ်ရေးလိုက်သောစာသည် ကြီးကျယ်မြင့်မြတ်ခြင်း၊ မခမ်းနားခြင်း ခဏထားပါဦးတော့။ အနည်းဆုံးတော့ စာရေးဆရာစိတ်ဝင်သွားသည်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိသွားသည်။ ဆက်ရေးဖို့ ခွန်အားရှိသွားသည်။ ပထမဆုံးအကြိမ် ပုံနှိပ်ဖော်ပြခံရမှုလေးသည် နောက်ရေးသမျှသောစာတွေ အကြိမ်ကြိမ်ပယ်ခံထိစေဦးတော့ ပြန်လည်မြင်ယောင်အားရှိဆဲ၊ ကြိုးစားဆဲပင်ဖြစ်သည်။ ထိုပထမဆုံးအကြိမ် ဖော်ပြခံရမှုရလဒ်လေးမှသည် စာပေနောက်သို့ လိုက်ခဲ့ကြမည်ဟု ထင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည်လည်း ထိုသို့ခံစားခဲ့ရပါသောကြောင့် ကိုယ်တွေ့နှင့်ယှဉ်၍ ရေးရခြင်းဖြစ်သည်။ အနည်းဆုံးတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုပိုလာကာ ငါရေးလို့ရနိုင်တယ်ဟ၊ ရေးရင်ဖြစ်နိုင်တယ်ဟဆိုပြီး အရင်ကထက်ကြိုးစားမှုပိုလာသည်။ သူများကို ပြောင်းလဲမပေးနိုင်ရင်တောင်မှ ကိုယ့်ကိုယ်ကိုယ်အတွက်တော့ စာပေကျေးဇူးဖြင့် ပြောင်းလဲပေးလာနိုင်သည်။ ဆင်ခြင်လာသည်။

**မောင်သာစိုး(ပြည်)**
ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပဉ္စမနှစ်

# ကြယ်စုံတဲ့ကောင်းကင်မှာ မိသားစုတွေ စုံစုံညီညီ အိပ်မောကျချင်ပါသည်



(တစ်)

'နောင်တ'. .။ သည်စကားလုံးကို ရွတ်ဆိုလိုက်တိုင်း ကျွန်တော့်မျက်ဝန်း၌ မျက်ရည်စတို့ ခိုသီလာစမြဲ။ ကျွန်တော့်စိတ်တို့ နှင်းမြူဆိုင်းသလို မှိုင်းအုံ့ရီဝေလာစမြဲ။ စကားလုံးလေးတစ်လုံး ဒါမှမဟုတ် စကားစုလေးတစ်ခုက လူတစ်ယောက်ကို မျက်ရည်ဖြိုင်ဖြိုင်ကျလာအောင် သို့မဟုတ် ထိခိုက်နာကျင်ကြေကွဲဝမ်းနည်းလာအောင် မလုပ်နိုင်ပါ။ မစွမ်းဆောင်နိုင်ပါ။ သို့သော် ကျွန်တော်တို့က စကားလုံးလေးတစ်လုံးရဲ့အနောက်ကအဓိပ္ပာယ်ကို ဆက်စပ်စဉ်းစားတွေးတောရင်း တစ်နည်းပြောရလျှင် စကားစုလေးတစ်စုရဲ့အနောက်က မမြင်နိုင်တဲ့ ခံစားချက်အနက်အဓိပ္ပာယ်တို့ကို တူးဆွမိသွားပြီး ဝမ်းနည်းကြေကွဲသွားရခြင်းဖြစ်သည်ဟု ကျွန်တော်ထင်မြင်မိပါသည်။

ဘဝတွင်ဘယ်လိုမှ ပြန်အစားထိုးလို့မရသည့် ဆုံးရှုံးမှုကြီး သုံးခုရှိသည်ကို စာဖတ်သူများအားလုံးအသိဖြစ်ပါသည်။ မိဘ၊ အချိန်နှင့် ပျိုမျစ်မှုတို့ပဲ ဖြစ်ပါသည်။ ကိုးလလွယ် ဆယ်လဖွား၊ သေမင်းကိုမျက်စောင်းထိုး၊ မိမိတို့ဘဝတွေကို သေမင်းလက်ထဲဝကွက်ပုံအပ်၊ အသက်နှင့်ရင်းပြီး မွေးဖွားခဲ့ရသည့်၊ ကျွေးခဲ့ရသည့်အမိအဖတို့နေရာမှာ တခြားသူများကို ကျွန်တော်တို့ အစားထိုးလို့ရရဲ့လား။ ကုန်လွန်သွားခဲ့သည့်အချိန်တွေကိုရော ကျွန်တော်တို့ ပြန်ဝယ်လို့ရပါလေစ။ ထို့အတူကုန်ခန်းနွမ်းခြောက်သွားသည့် ကျွန်တော်တို့အားလုံးရဲ့ နုနယ်ပျိုမျစ်ခြင်းတွေကိုရော ကျွန်တော်တို့ပြန်အစားထိုးလို့ရပ့ါမလား။ မရပါ။ လုံးဝမရပါ။ ဤအရာများအားလုံးက ဘဝတွင် တစ်ကြိမ်သာရသည့် ဆုလာဘ်ကြီးတစ်ခုပဲဖြစ်ပါသည်။ တစ်ကြိမ်သာရသည့် အထူးအခွင့်အရေးကြီးကို ကျွန်တော်တို့ လက်ဝယ်ပိုင်ပိုင်နိုင်နိုင် အကျိုးရှိစွာအသုံးချနိုင်မှ လူဖြစ်ရကျိုးနပ်ပါမည်။ သို့မဟုတ်လျှင် နောင်တတွေ တစ်ထွေးတစ်ပိုက်။ ဝမ်းနည်းပူဆွေးမှုတွေဘဝမှာ အဆုပ်လိုက်အခဲလိုက်။

(နှစ်)

ကျွန်တော်က ညဘက်အိပ်မပျော်တတ်သူတစ်ယောက် ဖြစ်ပါသည်။ တိတိကျကျပြောရလျှင် ညဘက်အိပ်ခါနီး၌ လူမစုံလျှင် ဘယ်လိုမှ အိပ်မပျော်တတ်သူတစ်ယောက်ဖြစ်ပါသည်။ လူစုံလျှင်တော့ တစ်ရေးပဲ ဖြစ်ပါသည်။ ကျွန်တော်တို့ မိသားစုဝင်က လေးဦးရှိပါသည်။ ကျွန်တော်ရယ်၊ အစ်ကိုအကြီးနှစ်ယောက်ရယ်၊ အဖေရယ်။ ဒါပဲဖြစ်ပါသည်။ (အမေဆုံးသွားတာကြာပါပြီ။) အစ်ကိုအကြီးဆုံးတစ်ယောက်က ဟိုးအဝေးဆီမှာ နေပါသည်။ ဒါကြောင့် အိမ်မှာ စုစုပေါင်း မိသားစုဝင်က သုံးယောက်တည်းရှိပါသည်။ အစ်ကိုလတ်နှင့် အဖေက ညဘက်အပြင် အမြဲထွက်ပါသည်။ ထို့ကြောင့် အိမ်မှာ ကျွန်တော်တစ်ယောက်တည်း။ ကျွန်တော်က စောစောအိပ်ရာဝင်လေ့ရှိပါသည်။ သို့သော် ဘယ်လိုမှအိပ်မပျော်။ အသံ "ချွတ်ချွတ်ကြားတိုင်း မျက်လုံးဖွင့်မိစမြဲ။ "အဖေလား၊ အစ်ကိုလေးလား"ဆိုပြီး မေးမိစမြဲဖြစ်ပါသည်။ အိမ်ရှိ လူအကုန် အိပ်ရာဝင်တော့မှ ကျွန်တော်ကောင်းကောင်း အိပ်ပျော်နိုင်ပါသည်။ အဖေနှင့် အစ်ကိုလေး ပြန်အလာကို စောင့်မျှော်ပြီး ကျွန်တော်အိပ်ရာ ဝင်ဖြစ်ခဲ့သည်မှာ တစ်ခါနှစ်ခါမက အကြိမ်ကြိမ်အခါခါဖြစ်ပါသည်။ လူစုံတက်စုံ အိပ်ရာမဝင်ဖြစ်လျှင်၊ အိပ်ပြန်မရောက်ဖြစ်လျှင် ကျွန်တော်ကတော့ စောင့်နေမြဲ၊ မျှော်နေမြဲ။ ကျွန်တော့်စိတ်၌ လူတစ်ယောက်ကို အထူးအောက်မေ့သတိရမိသွားပါသည်။ လူမစုံလျှင် ဘယ်လိုမှအိပ်မရတဲ့သူ။ အမြဲမျှော်နေတတ်သူ။ ဩော် အမေ . . . အမေ။ သတိရခြင်းတွေနဲ့အတူ နောင်တတွေကလည်း ကျွန်တော့်နှလုံးအိမ်ထဲ တိုးကာဝှေ့ကာ ဝင်ရောက်လာစမြဲ။ မျက်ရည်တို့ကလည်း ပိုးခနဲပေါက်ခနဲ။

ကျွန်တော်အခုရက်ပိုင်းအတွင်း အမေ့ကို ခဏခဏ သတိရပါသည်။ အထူးသဖြင့် အိပ်လို့မပျော်သော ညတွေဆို အမြဲအောက်မေ့သတိရတတ်ပါသည်။ ဟိုး. . . လွန်ခဲ့သော အတိတ်စာမျက်နှာများဆီမှ စာရွက်လေးတစ်ရွက်ကို လှန်လှော်ကြည့်ရှုရသလို အဖြစ်အပျက်၊ အကြောင်းအရာ၊ စကားသံလေးတချို့ကို မြင်ယောင်၊ ကြားယောင်မိဆဲ။ ကျွန်တော် ရှစ်တန်းနှစ်လောက်ကဖြစ်ပါသည်။ ထိုစဉ်က

> **ကမ္ဘာပေါ်ရှိ အမေတိုင်းလိုလိုက**
> **သူတို့သားသမီးတွေပြန်အလာကို**
> **စောင့်တတ်မြဲ။ ထို့အတူ အမေကလည်း**
> **ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ**
> **အိမ်ပြန်လာတာကို စောင့်တတ်မြဲ။**
> **မျှော်တတ်မြဲ။ ဟိုး. . .မမြင်နိုင်တဲ့**
> **ဝေးပျပျတစ်နေရာဆီကနေ**
> **အမေ ကျွန်တော်တို့ညီအစ်ကိုတစ်တွေ**
> **အိမ်ပြန်လာတာကို**
> **စောင့်မျှော်နေဦးမှာပါပဲလေ။**

ကျွန်တော့်အသက် (၁၅) နှစ်ဝန်းကျင်ဖြစ်ပါသည်။ တစ်နေ့ အိမ်ရှိမိသားစုအကုန် အပြင်ထွက်သွားကြပါသည်။ အိမ်မှာ အမေတစ်ယောက်တည်း ကျန်ခဲ့ပါသည်။ ည ၉ နာရီခွဲဝန်းကျင်လောက်မှာ ကျွန်တော်အိမ်ပြန်လာခဲ့ပါသည်။ အိမ်ပေါ်ရောက်သောအခါ အမေကခြင်ထောင်ထဲကနေ "ဘယ်သူလဲ. . . အငယ်ကောင်လား"ဟု မေးပါသည်။ ကျွန်တော်က အလိုက်သင့် "ဟုတ်အမေ ကျွန်တော်ပါ။ အမေဘာလို့ မအိပ်သေးတာလဲ"ဟု ဖြေလည်းဖြေ အမေ့ကိုလည်း မေးလိုက်ပါသည်။ အဲသည်ညက အမေပြောခဲ့သော စကားသည် ကျွန်တော့်နားဝမှာ တစ်သက်တာစွဲသွားစေပါသည်။ ယခုထက်တိုင်လည်း အမေ့ရဲ့စကားကို အသွေးထဲအသားထဲ မြင်ယောင်ကြားယောင်နေမိပါသည်။ အမေက 'ငါ့သားတို့အိမ်ပြန်လာတာကို မျှော်နေတာ၊ အမေကအိမ်မှာ လူမစုံရင်အိပ်မပျော်ဘူး'။ ဒါသည်ပင် အပိုအလိုမပါသော မိခင်တစ်ယောက်၏ ပကတိစိတ်စေတနာဖြူစင်စွာဖြင့် ပြန်ဖြေလိုက်သောစကားဖြစ်ပါသည်။ ကျွန်တော်ကတော့ "ဟာ အမေကလည်း . . ဘာဆိုင်လို့လဲ၊ လူမစုံတာနဲ့ အိပ်မပျော်တာ ဘာမှကိုပတ်သက်မှု မရှိဘူး၊ ဆိုင်လည်းမဆိုင်ဘူး"ဟု နှုတ်ကနေဖွင့်မပြောဘဲ စိတ်ထဲကနေပဲ အမေ့ကိုပြန်ပြောနေမိသည်။ အမေ့အဖြေကိုလည်း စိတ်ထဲဘဝင်မကျခဲ့ပါ။ ထိုစဉ်က အမေ့ရဲ့စိတ်ကို ကျွန်တော်နားလည်မပေးမိခဲ့။ အမေ့ရဲ့ခံစားချက်ကို ကိုယ်ချင်းစာနာမပေးမိခဲ့။ ဆယ်တန်းလေးအောင် တက္ကသိုလ်လေးဘာလေးရောက်ပြီး စာလေးမတောက်တခေါက် ဖတ်မိတော့မှ အမေ့ရဲ့ခံစားချက်ကို ကျွန်တော် မျက်ဝါးထင်ထင် နားလည်ခဲ့ရပါသည်။ အထူးသဖြင့် ကျွန်တော်ကိုယ်တိုင် အိမ်မှာ အမြဲနေသူတစ်ယောက်ဖြစ်တော့ အမေ့ရဲ့ခံစားချက်ကို တိုးလို့ပိုနားလည်ခဲ့ရပါသည်။ ကျွန်တော် စာနာနားလည်သိတတ်သည့်အရွယ်မှာတော့ အမေမရှိတော့ပါ။ လူ့လောကကြီးထဲမှာ အမေမရှိတော့ပါ။ ကျွန်တော် ပိုလို့ယူကြုံးမရဖြစ်မိပါသည်။ "နောင်တတဲ့။ နောင်အခါမှသိရတဲ့ အရာမှန်သမျှ၊ တရတဲ့အရာမှန်သမျှ တစ်ခုမျှမကောင်းပါလေ။

(သုံး)

မိသားစုများအခန်းကဏ္ဍ
ကမ္ဘာဦးပုံသဏ္ဍာန်
တစ်ဦးပြန်အလာ တစ်ဦးမျှော်ကြ
မီးဖိုကြ။

**(၁၉၉၆၊ ဒီဇင်ဘာ၊ ရန့်သစ်)**

ဆရာအောင်ချိမ့်ရဲ့"လမ်း"ဆိုတဲ့ ကဗျာတစ်ပုဒ်ပဲဖြစ်ပါသည်။ ကမ္ဘာဦးပုံသဏ္ဍာန်တဲ့။ ရှေးကမ္ဘာဦးကတည်းက၊ ကျောက်ခေတ်ကတည်းက လူသားများသည် တစ်ဦးပြန်အလာကို တစ်ဦးကစောင့်မျှော်ခဲ့ကြပါသည်။ သွားသူတွေက သွားမြဲဖြစ်သလို စောင့်မျှော်သူတွေကလည်း စောင့်မျှော်စမြဲဖြစ်ပါသည်။ သားကောင်တွေကို ပခုံးထက်မှာထမ်းရင်း မိမိသက်ဆိုင်ရာဂူကလေးထဲကိုဖြစ်ဖြစ်၊ အိမ်ကလေးထဲကိုပဲဖြစ်ဖြစ် ပြန်လာကြတဲ့သူတွေကို သက်ဆိုင်သူတွေက မျှော်စမြဲလေ။ ရရှိလာကြတဲ့ သားကောင်တွေကို အလျှံတညီးညီး တောက်လောင်နေတဲ့ မီးဖိုထဲကို ထိုးထည့်လိုက်ရင်းက နွေးအောင်လည်းလှုံရင်း၊ ကုန်အောင်လည်း ဝိုင်းဖွဲ့စားသောက်ရင်း စကားတွေတွတ်ထိုးကြ၊ ဖခင်ဖြစ်သူက တောထဲကမိမိအတွေ့အကြုံတွေကို ပြောပြရင်း မီးဖိုဘေး ပျော်ရွှင်ကြည်နူးနေသည့် မိသားစုလေးကို ကဗျာဖတ်ရင်း မြင်ယောင်လာမိပါသည်။ ဩော် မိသားစုများ အခန်းကဏ္ဍတဲ့။ ကဗျာဆရာအောင်ချိမ့်က။ ဩော်. . အမေလည်း ကျွန်တော်တို့ပြန်အလာကို စောင့်မျှော်နေခဲ့ပါသည်။ ကျွန်တော်တို့ကတော့ ပြန်လာချင်သည့်အချိန်ကျမှ ပြန်လာ၊ အမေမျှော်နေလား၊ ဘာလားမသိ။ ထင်ရာလျှောက်သွားခဲ့ကြပါသည်။ ထင်ရာစိုင်းခဲ့ကြပါသည်။ အမေကတော့ ကျွန်တော်တို့ပြန်အလာကို မိုးအလင်းထိ စောင့်ရင်း။ အမေ့စိတ်စေတနာကို ကျွန်တော်တို့ လျစ်လျူရှုမိခဲ့ကြပါသည်။ ဥပေက္ခာပြုမိခဲ့ကြပါသည်။ အမေတစ်ယောက်ရဲ့ စောင့်မျှော်ခြင်းတွေကို ကျွန်တော်တို့ညီအစ်ကိုတစ်တွေ မသိကျိုးကျွန်ပြုခဲ့ကြပါသည်။ သို့ပေမယ့် ကမ္ဘာပေါ်ရှိ အမေတိုင်းလိုလိုက သူတို့သားသမီးတွေပြန်အလာကို စောင့်တတ်မြဲ။ ထို့အတူ အမေကလည်း ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ အိမ်ပြန်လာတာကိုစောင့်တတ်မြဲ။ မျှော်တတ်မြဲ။ ဟိုး. . မမြင်နိုင်တဲ့ ဝေးပျပျတစ်နေရာဆီကနေ အမေ ကျွန်တော်တို့ညီအစ်ကိုတစ်တွေ အိမ်ပြန်လာတာကို စောင့်မျှော်နေဦးမှာပါပဲလေ။

(လေး)

ကဗျာဆရာ နိုင်မွန်အောင်သွင်ရဲ့ ကဗျာတစ်ပိုင်းတစ်စက ကျွန်တော့်အာရုံဖန်သားပြင်ထဲ ငြိကာတွယ်ကာ ဝင်ရောက်လာပါသည်။

"အိမ်တံခါးဝဆိုတာ
ဘယ်တော့မှ မအေးစက်ဘူး မိတ်ဆွေ၊
မိသားစုလောက်
ဘယ်ကောင်းကင်မှကြယ်မစုံဘူး"တဲ့။

ဩော်. . . ဒါကြောင့်ထင်ပါရဲ့ ကြယ်မစုံတဲ့ မိသားစုကောင်းကင်မှာ အမေတစ်ယောက် အိပ်မပျော်ပုံရပါရဲ့။ ကြယ်မစုံတဲ့ မိသားစုကောင်းကင်မှာ အမေတစ်ယောက် ကြယ်စုံအောင် စောင့်မျှော်ပုံရပါရဲ့။ မိသားစု ကြယ်မစုံမချင်း အမေတစ်ယောက် အိပ်မပျော်ပါလေတော့။


(ငါး)

စင်စစ် ဘဝမှာ အခွင့်အရေးလေးတစ်ခုများရလာခဲ့သည်ရှိသော် ကျွန်တော်ကတော့ မိသားစုကောင်းကင်မှာ ကြယ်စုံစုံညီညီနဲ့ သားအမိအဖတစ်တွေ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားချင်နေမိသည်ကတော့ အမှန်ပဲဖြစ်ပါသည်။

## ကမ္ဘာမြေတမ်းချင်း

ဖနောင့်နဲ့ပေါက်
တူရွင်းနဲ့တူး
ကျွန်တော်မမှုဘူး။
အမှိုက်တွေပစ်
မစင်တွေစွန့်
ကျွန်တော်မရွံ့ဘူး။
လူတွေတင်
တိရစ္ဆာန်တွေတင်
ကျွန်တော်မလေးဘူး။
လောဘ
မောဟ
ဒေါသတွေတော့
မတင်ပါနဲ့
မတူးပါနဲ့
မစွန့်ပါနဲ့
ကျွန်တော်ရွံတယ်
ကျွန်တော်မှုတယ်
ကျွန်တော်လေးတယ်
မခံနိုင်လို့ ယိုင်လဲသွားရင်
ခင်ဗျားတို့ နစ်နာမှာစိုးလို့ပါ။

**ဇော်ဝင်း(မြို့သာ)**



&wemr;

B.A(Hons, English),
M.A(English, YUFL),

# အယောင်ဆောင်ပါ



လူတချို့က "အယောင်ဆောင်တာ(အင်္ဂလိပ်လို pretending)ကို မကောင်းဘူး။ အရှိကိုအရှိအတိုင်းပြောရတယ်။ နေရတယ်။ ဒါမှရိုးသားတဲ့လူပါ" ဆိုပြီး ဂုဏ်ယူပြီး ပြောနေကြတာကို ကျွန်မတို့ကြားဖူးကြပါတယ်။ သို့သော်လည်း စဉ်းစားရမယ့်အချက်တစ်ချက်တော့ရှိနေပါတယ်။ ကျွန်မတို့ရဲ့အမူအကျင့်တွေ အပြောအဆိုတွေက ရောက်လေရာပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်ပြီး အဆင်ပြေသလားဆိုသောအချက်ပါပဲ။ အင်္ဂလိပ်လိုဆိုရင်တော့(flexible)ဖြစ်ရဲ့လားဆိုပြီးတော့ စဉ်းစားရပါမယ်။

ကျွန်မတို့က ကြီးပြင်းမွေးဖွားလာရတဲ့ အသိုက်အဝန်းချင်းမတူကွဲပြားကြပါတယ်။ အင်္ဂလိပ်ဆိုရိုးစကားတစ်ခုရှိပါတယ်။ "When in Rome, do as Romans do." (ရောမကိုရောက်ရင် ရောမလိုကျင့်ပါလို့ ဆိုပါတယ်။ ဥပမာ-မိမိက စကားကိုကျယ်လောင်စွာနဲ့ တိုတိုပြတ်ပြတ် ပြောတတ်တဲ့အကျင့်ရှိတယ်။ မဖြစ်မနေ မိမိရသွားတဲ့အလုပ်ကလည်း ဧည့်ကြိုကောင်တာ ဝန်ထမ်းဖြစ်နေမယ်။ လစာဝင်ငွေကလည်းကောင်းစွာရမယ်။ လက်တလောမှာလည်း တခြားအလုပ်ရှာဖို့ကို အဆင်မပြေသေးဘူးပဲဆိုကြပါစို့။ သည်လိုဆိုရင် သင့်ရဲ့ တစ်သက်တာ အရိုးရင်းစွဲနေတဲ့ စကားပြောနည်းနဲ့ လုပ်ကိုင်လို့ အဆင်ပြေနိုင်၊ မပြေနိုင်ကိုလည်း စဉ်းစားဆုံးဖြတ်ရတော့မယ်။ သို့မဟုတ်လည်း အလုပ်ထပ်ရှာရတော့မယ်။ သင်ဆိုရင်ရော ဘယ်လိုဆုံးဖြတ်ဖြစ်မလဲ။ (အလုပ်ထပ်ရှာမလား၊ ပြင်မလား။) ကျွန်မဆိုရင်တော့ အယောင်ဆောင်ပြီး အလေ့အကျင့်လုပ်ကြည့်မှာပါ။ (ချိုသာတဲ့အပြောကို ရှိချင်ယောင်ဆောင်ပါမယ်။ စကားကို စိတ်ရှည်ရှည်ပြောချင်ယောင်ဆောင်ပါမယ်။)

"Practice makes perfect" ဆိုတဲ့အတိုင်း အဆင်ပြေသွားမှာပါ။

ကျွန်မတို့ တစ်ခါတလေအလုပ်ခွင်မှာ တွေ့ရတတ်တဲ့ ဝန်ထမ်းကောင်းတွေရဲ့ နှမြောစရာကောင်းတဲ့အချက်တွေက မပြုံပြင်တတ်တာ၊ အယောင်မဆောင်တတ်တာတွေပါ။ ခေါင်းမာမှု(stubborn) ဖြစ်နေတာပါ။ အောင်မြင်ချင်ပေမယ့်၊ လုပ်ခလစာတိုးရချင်နေပေမယ့် သူတို့ရဲ့ပြုပြင်ရခက်ခဲတဲ့ အပြုအမူအပြောဆိုတွေကြောင့်ပဲ အမြဲနောက်ကျကျန်နေကြရတာက နှမြောစရာကောင်းလှပါတယ်။ ကျွန်မရဲ့ အတွေ့အကြုံတစ်ခုကို သာဓကပြပါရစေ။

ဈေးကွက်အရောင်းမြှင့်တင်ရေးဝန်ထမ်း အမျိုးသမီးငယ်လေးတစ်ယောက် အကြောင်းပါ။ သူမက အလုပ်မှာဝင်ရောက်လုပ်ကိုင်နေတာက အချိန်အားဖြင့်တော့ အလွန်ကြာမြင့်နေပါပြီ။ သူမက ပညာတတ်ဘွဲ့ရပါ။ ရုပ်ရည်ချောမောသူတစ်ဦးလည်းဖြစ်တယ်။ သို့ပေမယ့် တခြားသူတွေ၊ သူမနောက်မှဝင်လာတဲ့ အရောင်းဝန်ထမ်းတွေလောက်တောင်မှ အကျိုးခံစားခွင့်တော့မရရှာပါဘူး။ ပြဿနာက သူမရဲ့သူတစ်ပါးအပေါ် စေတနာထားတာက မပေါ်လွင်ဘဲဝေဒနာဖြစ်သွားတတ်တာပါ။ သူမက ရိုင်းဖို့ မရည်ရွယ်ပေမယ့် လိုသလောက်လည်း မနူးညံ့မသိမ်မွေ့နိုင်ရှာဘူး။ သူမရဲ့အမူအကျင့်က သူမကို အရိုင်းအစိုင်း မလေးဘဝအဖြစ်ကို ပြောင်းပစ်လိုက်တာပါ။

သူမက "သမီးမဟုတ်တာမလုပ်ဘူး။ သမီးကြိုးစားတယ်လေ။ သမီးက အဲလိုပဲပြောတတ်တယ်" ဆိုပြီး ကျွန်မကို မကြာခဏ ပြောပြနေတတ်ပါတယ်။ သို့ပေမယ့်လည်း လုပ်ကိုင်နေရတဲ့ပတ်ဝန်းကျင်နဲ့ မကိုက်ညီလို့ ဝန်ထမ်းတွေကြား၊ ဈေးဝယ်သူတွေကြားမှာ သူမ မဝင်ဆံ့ဖြစ်နေရတာပါ။ ကြာလာတော့ စိတ်ဓာတ်ကျလာပြီးသူမ အလုပ်ထွက်လိုက်ရပါတယ်။ "ညီမလေးရေ ညီမလေးကို ပုတ်သင်ညိုလေးတစ်ကောင်အဖြစ်သာ ပေးဖြစ်ချင်မိတယ်။ ဒါမှပဲ ရောက်တဲ့အရပ်ပေါ်မူတည်ပြီး အရောင်ပြောင်းလဲပြီး အန္တရာယ်ကင်းကင်း အသက်မွေးမြူနိုင်မယ်။" လို့သာ ကျွန်မစိတ်ထဲမှ ရေရွတ်မိခဲ့ပါတယ်။

ကျွန်မတို့က မပြုံးတတ်သေးခင်မှာ အယောင်ဆောင်ပြုံးကြရပါတယ်။ "ပြုံးတာများ ဘာခက်လို့လဲ အယောင်ဆောင်စရာမလိုပါဘူး။" ဆိုပြီး ပြောချင်ပြောကြမှာပါ။ သို့သော်လည်း ခက်ပါတယ်။ အမြဲခပ်တည်တည်နဲ့ နေတတ်သူတို့အဖို့တော့ အပြုံးဆိုတာက ခက်ခဲနေပါလိမ့်မယ်။ လူတစ်ဦးကို တွေ့ပြီဆိုရင် သိသူကိုဖြစ်စေ၊ မသိသူကိုဖြစ်စေ သင်ပြုံးပြနိုင်ပြီလား။ "ဥပမာ-သင့်ဘေးနားက ကားအတူစီးနေတဲ့ ခရီးသွားလာနေသူတွေကို ပြုံးပြရဲပါပြီလား။ မပြုံးပြနိုင်သေးပါက အယောင်ဆောင်ပြုံးခြင်းကို သင်စတင်လိုက်ပါတော့။

မိမိက ယုတ်ညံ့နေသောဘဝကို ရနေလို့ မိမိရဲ့အပြုအမူတွေထဲမှာ လေးစားစရာတောင်မှ ရှာမတွေ့လို့၊ မိမိက စိတ်ထားယုတ်ညံ့နေပြီဖြစ်လို့ ဒီဘဝသံသရာထဲမှာပဲ ရေစုန်မျှောချင်နေတဲ့စိတ်တို့ရှိနေပါသလား။ သင်လက်ခံယုံကြည်နိုင်ပါ့မလား။ သင်က မြင့်မြတ်သူ၊ လူတို့၏ လေးစားမှုကို ခံယူထိုက်သူ ဖြစ်နိုင်ပါသေးတယ်ဆိုတာကို ယခုပဲ စတင်ပြုပြင်ကြည့်လိုက်ပါ။ သည့်အတွက် ပထမဦးဆုံး အယောင်ဆောင်ခြင်းနဲ့ စတင်ရပါမယ်။ အယောင်ဆောင်ရာကနေ တဖြည်းဖြည်းချင်း သင်အရောင်ပြောင်းလာပါမယ်။ ပြီးရင်တော့ နေသားကျလာပြီး အယောင်ဆောင်မွေးမြူထားတဲ့ အရာတို့က မသိမသာနဲ့ သင့်ကိုယ်ပိုင်အမူအကျင့်တွေ ဖြစ်လာမှာပါ။

တစ်ခါက ကျွန်မရဲ့မိတ်ဆွေတစ်ယောက် လူမှုကွန်ရက်တစ်ခုမှာ မျှဝေထားတဲ့ပုံပြင်လေးတစ်ပုဒ်ကို ကျွန်မသတိရမိပါတယ်။ အဲ့ဒီပုံပြင်လေးကို မှိုင်ငြမ်းသာဓကပြုပြီး အယောင်ဆောင်ခြင်းကိစ္စကို သုံးသပ်ကြရအောင်ပါ။ တစ်ခါက အမျိုးသားတစ်ဦးက အစာရေစာ မရှိ၊ မှီခိုစရာပင် မရှိ၊ နေစရာနေရာပင် မရှိတော့ဘဲ ရွာတစ်ရွာကို ရောက်လာပါတယ်။ သူက သူရောက်ရှိနေတဲ့ရွာရဲ့ ရွာသူရွာသားတွေနဲ့ ပတ်သက်ပြီး တစ်ခုတော့သတိပြုမိသွားတယ်။ ရွာသူရွာသားတွေက ဘာသာရေးလုပ်ကြတယ်။

သူတော်စင် သူတော်ကောင်းတွေကို လေးစားကြတယ်။ ကိုးကွယ်ကြတယ်။ ဂါရဝထားကြတယ်။ ပူဇော်ပသကြတယ်။ ဒါကို ကြည့်ပြီး ထိုအမျိုးသားက အကြံထုတ်လေတယ်။ သူက သူတော်စင်လိုမျိုးအပင်ကြီးတစ်ပင်အောက်မှာ တရားထိုင်နေသလို၊ ကျင့်ကြံအားထုတ်နေသလို အယောင်ဆောင်ပြီးနေမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ထိုနေ့ကစပြီး ဘိုးတော်တစ်ပါးလို၊ သူတော်စင်တစ်ပါးလို ပုံစံတွေနဲ့ သူ့ရဲ့ကိုယ်ကိုမွမ်းမံပြီး အပင်ကြီးတစ်ပင်အောက်မှာ တရားထိုင်ချင်ယောင် ဆောင်လေတော့တယ်။

သူ့ရဲ့ဆုံးဖြတ်ချက်က မှန်သွားပါတယ်။ ရွာသူ ရွာသားတွေက သူ့ထံကို စားသောက်ဖွယ်ရာတွေ၊ အသုံးအဆောင်တွေနဲ့ပူဇော်လာကြတယ်။ သည်လိုနဲ့နေလာရင်းက လိပ်ပြာမလုံတော့ဘဲ သူတစ်ခုခုကို စဉ်းစားမိလိုက်တယ်။

"ငါက အယောင်ဆောင်နေတာတောင် ဒီလောက်ထိ ပူဇော်ပသမှုကိုရရှိနေတယ်။ အယောင်ဆောင်ရလို့ ငါ့စိတ်တွေကလည်း မလုံလဲ။ နောက်ပြီး သူတို့က ငါ့ရဲ့ကျင့်ကြံမှု၊ သိက္ခာတရားတို့ကြောင့်ပဲ ငါ့ကို အမှန်တကယ်ကိုးကွယ်နေကြတာကို ငါအခုလိုချင်မိနေတယ်။ အကယ်၍ ငါသာ အမှန်တကယ် တရားအားထုတ်ရင်၊ သူတော်စင်အစစ်အမှန်ဖြစ်ရင် သူတို့ရဲ့ အလှူကလည်း ပိုပြီးကုသိုလ်ဖြစ်ထွန်းပေတော့မယ်။ ငါ့ရဲ့စိတ် ထာဝရလုံခြုံစေဖို့၊ သူတို့ရဲ့အလှူကိုလည်း ပိုပြီးအထမြောက်အကျိုးရှိစေဖို့ ငါအခုကစပြီး အမှန်တကယ် တရားကျင့်ကြံပြီး သူတော်စင်စစ်စစ်ဖြစ်အောင် ကျင့်ကြံတော့မယ်။ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေဖို့ ငါအမှန်တကယ်ကျင့်ကြံအားထုတ်တော့မယ်"ဆိုပြီး ဆုံးဖြတ်လိုက်တယ်။

သူဟာအမှန်တကယ်လည်း တရားကျင့်ကြံအားထုတ်ဖြစ်ပါတယ်။ သည်လိုနဲ့ပဲ သူတော်စင်တစ်ပါးစစ်စစ်ဖြစ်လာလေတော့တယ်။ သူက သူ့ရဲ့အယောင်မဆောင်ခင် အခြေအနေကနေ စတင်အယောင်ဆောင်လိုက်မိလို့သာ ပြောင်းလဲလာရတာဖြစ်တယ်။ အယောင်ဆောင်ရင်းနဲ့ အမှန်တကယ်ဖြစ်ချင်လာတယ်။ ဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်လည်း ပေါက်ဖွားလာလေတယ်။ နောက်ဆုံးမှာတော့ တကယ်ဖြစ်လာရတယ်။

ဒါ့ကြောင့် ကျွန်မတို့ရဲ့ နဂိုအခြေနေတွေက၊ အမူအရာတွေက ဆိုးရွားနေရင် အဲဒီလိုအခြေနေဆိုးတွေကို ဘဝတစ်လျှောက်ကို ဆက်ပြီး ခေါ်ဆောင်သွားဖို့မလိုတော့ဘဲ အခြေအနေကောင်းတစ်ခုကို စတင် အယောင်ဆောင်လိုက်ပါ။ ထိုကနေတစ်ဆင့် မွေးမြူပါ။ ကျင့်ကြံအားထုတ်ပါ။ ပြီးရင်တော့ ကောင်းမွန်တဲ့ဘဝတွေကို သန့်ရှင်းမွန်မြတ်စွာ ပိုင်ဆိုင်နိုင်ကြောင်းကို တိုက်တွန်းအားပေးကာ ရေးသားလိုက်ရပါသည်။ ။

■

# မြစ်ဆုံ

မြစ်ဆုံ. . . တဲ့
အချစ်တွေမကုန်နိုင်ပါဘူး
ကချင်မြေရဲ့ Land Mark
ဧရာဝတီရဲ့သွေးအသက်
မြန်မာပြည်ရဲ့အသည်းနှလုံး
အာရုရုံရှုတနာပန်းကုံး
တစ်ကမ္ဘာလုံးရဲ့အမွေအနှစ်
တို့တစ်တွေချစ်မြဲချစ်တယ်. . .
မြစ်ဆုံကို စိတ်မိုက်နဲ့
မသိမ်းပိုက်ချင်ပါနဲ့
မြစ်ဆုံကို ဉာဉ်ဆိုးနဲ့
မစိုးမိုးချင်ပါနဲ့
မြစ်ဆုံကို လှေ့ာဈေးနဲ့
ပေးမဝယ်လိုပါနဲ့
မြစ်ဆုံကို တစ်ဖက်လှည့်နဲ့
အရှက်သိက္ခာမမဲ့ပါနဲ့
မြစ်ဆုံကို အင်အားကြီးနဲ့
မစီးပိုးချင်ပါနဲ့
မြစ်ဆုံကို စာချုပ်အားကိုးနဲ့
အငြိုးမကြီးချင်ပါနဲ့. . .
မြစ်ဆုံ. . . တဲ့
အချစ်တွေဘယ်တော့မှ
ကုန်မှာမဟုတ်သလို
ကမ္ဘာမြေတုန်ဟည်းအောင်
အချစ်ကြီးချစ်ရတဲ့
မြန်မာပြည်ရဲ့ရွှေမင်းသမီးဖြစ်တယ်. . .။

ဆက်ကြီးအလင်္ကာ

# မဟာမြေ

ထီးတော်တွေ မြေခ
တို့နှလုံးသားတွေ ကြွေကျ
ဖြေမရ မျက်ရည်ဝေ။
ကျန်ရှိနေ ရှေးဟောင်းမွေတို့
မပျက်စီးစေ ထိန်းသိမ်းပေစို့
ယဉ်ကျေးမှု တို့အမွေ။
သမိုင်းလှတဲ့ မဟာမြေ
တိုင်းဆမဲ့ ရင်မှာလေ
ထာဝရတည်နေ
ပုဂံမြေ။

သိမ့်သိမ့်စိုး
BMed.Tech
(Medical Laboratory Technology)

# လက်မလျှော့ပါနဲ့

**z;cua0**
အင်္ဂလိပ်စာ၊ ပထမနှစ်၊ Section(B)၊ ပဲခူးတက္ကသိုလ်။

ကျွန်မအိပ်မက်က သတင်းကြေညာသူတစ်ယောက်ဖြစ်ချင်တာပါ။ အောင်မြင်တဲ့သတင်းကြေညာသူတစ်ယောက်ဖြစ်ပြီး နှစ်အနည်းငယ်ကြာရင် နိုင်ငံရပ်ခြားခရီးသွားချင်တာပါ။ ကျွန်မသူငယ်ချင်းတွေက ကျွန်မကို ပြောတယ်။ "မဖြစ်နိုင်တာကို စိတ်ကူးယဉ်မနေစမ်းပါနဲ့" တဲ့။ သူတို့ပြောတိုင်း ကျွန်မပြန်ပြောလေ့ရှိတာက "မဖြစ်နိုင်တာမဟုတ်ဘူး၊ မဖြစ်သေးတာပဲရှိတယ်"လို့ပေါ့။ ဟုတ်တယ်။ လောကမှာ တကယ်တော့ မဖြစ်နိုင်ဘူးဆိုတဲ့အရာမရှိပါဘူး။ မဖြစ်သေးတာပဲ ရှိတာပါ။ အများက မဖြစ်နိုင်ဘူးလို့ ဝိုင်းပြောတာနဲ့ပဲ စိတ်ယိုင်ပြီး ကိုယ်ရဲ့အိပ်မက်၊ ရည်မှန်းချက်ကို စွန့်လွှတ်စရာမလိုပါဘူး။ အများပြောတဲ့စကားကို ယုံကြည်ပြီး မိမိတို့ရဲ့ရည်မှန်းချက်တွေကို အကောင်အထည်မဖော်ရတော့ဘူးလား။

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကြောင့် ပင်ပန်းနေကြတဲ့ ကျွန်မတို့သူငယ်ချင်းတစ်သိုက်ကို ဆရာက ပုံပြင်တစ်ပုဒ် ပြောပြဖူးတယ်။ သိမ်းငှက်နဲ့ စာကလေးပုံပြင်ပေါ့။ တစ်ခါက သိမ်းငှက်အသိုက်ရဲ့ အောက်ဘက်နားမှာ စာကလေးအသိုက်တစ်ခုရှိတယ်။ တစ်နေ့သိမ်းငှက်အသိုက်ထဲက ဥတစ်ဥက စာကလေးအသိုက်ထဲကို အမှတ်မထင်ပြုတ်ကျသွားတယ်။ စာကလေးအမေကြီးက မသိဘဲပြုတ်ကျလာတဲ့ သိမ်းငှက်ဥကို သူ့ရဲ့ဥထင်ပြီးတော့ စောင့်ရှောက်ပေးထားတယ်။ သိမ်းငှက်အမေကြီးကလည်း ဥတစ်ဥပျောက်နေတာကို သတိမထားမိဘူး။ အချိန်တန်တော့ ဥကလေးတွေကနေ အကောင်ပေါက်လာတယ်။ ငှက်ပေါက်ကလေး ဖြစ်လာတယ်။ တဖြည်းဖြည်းကြီးပြင်းလာပြီး အပျံသင်ရတဲ့အချိန်ကို ရောက်လာတယ်။ စာကလေးတွေကို အပျံသင်ပေးတဲ့နေ့မှာ သိမ်းငှက်အမေကြီးကလည်း မလှမ်းမကမ်းနေရာမှာ သိမ်းငှက်ကလေးတွေကို အပျံသင်ပေးနေတယ်။ သိမ်းငှက်ကလေးတွေအမြင့်မှာ လှလှပပပျံသန်းနေကြတာကိုမြင်တော့ စာကလေးတွေထဲရောက်နေတဲ့ သိမ်းငှက်ပေါက်လေးက သူ့ဘေးနားက စာကလေးကို "ငါလည်း အဲဒီလိုအမြင့်မှာ ပျံချင်လိုက်တာ" လို့ပေါ့။ ဘေးနားက စာကလေးပြန်ပြောလိုက်တာက "သူတို့က သိမ်းငှက်တွေကွ၊ ငါတို့က စာကလေး မဖြစ်နိုင်ပါဘူး"တဲ့။ သိမ်းငှက်ပေါက်ကလေးလည်း စာကလေးရဲ့စကားကိုနားယောင်ပြီး "ဟုတ်မှာပါ၊ ငါသူတို့လို မဖြစ်နိုင်ပါဘူး"ဆိုပြီး လက်လျှော့လိုက်တယ်။ တကယ်လို့ သိမ်းငှက်ပေါက်ကလေးသာ တစ်ခါလောက်သတ္တိမွေးပြီး ကြိုးစားပျံသန်းကြည့်လိုက်မယ်ဆိုရင် သူကိုယ်တိုင် သိမ်းငှက်မျိုး၊ သူကိုယ်တိုင်လည်း အမြင့်မှာပျံသန်းနိုင်တယ်ဆိုတာကို သိရမှာပါ။ ဒါပေမယ့် ဘေးကပြောတဲ့စကားတွေကို နားထောင်ပြီး လက်လျှော့လိုက်တဲ့အတွက် သူဟာ အမှန်တရားကို ဘယ်တော့မှ သိမှာမဟုတ်ဘူး။

ဒီပုံပြင်ကို စံနမူနာထားပြီး ကျွန်မကတော့ ဘေးစကားကိုနားထောင်ပြီး လက်မလျှော့ချင်ပါဘူး။ ကျွန်မရဲ့ ပန်းတိုင်ကိုရောက်အောင် ဆက်လျှောက်မှာပါ။ ကျွန်မကိုယ်တိုင် သိမ်းငှက်မျိုးလား၊ စာကလေးမျိုးလား မသိပေမယ့် ကြိုးကြိုးစားစား ဆက်လျှောက်မှာပါ။ အခွင့်အရေးဆိုတာမျိုးဟာ အကြိမ်ကြိမ်မရောက်လာနိုင်သလို အကြိမ်ကြိမ်လည်း မရနိုင်ပါဘူး။ ရရှိတဲ့အခွင့်အရေးကို အသေအချာဆုပ်ကိုင်ထားသင့်ပါတယ်။ အခုအချိန်မှာ အကောင်အထည်ဖော်မလုပ်ရင် ဘယ်အချိန်မှ လုပ်ခွင့်ရမှာလဲ။ မိမိရဲ့ ပတ်ဝန်းကျင်က လူတချို့ရဲ့ ဝေဖန်ကဲ့ရဲ့သံတွေကို နားမထောင်ပါနဲ့။ အသစ်အသစ်သော တံခါးတွေကို ဆက်လက်ပြီး ဖွင့်လှစ်သွားပါ။ တံခါးတွေရဲ့နောက်မှာ အောင်မြင်မှုလည်း ရှိနိုင်သလို ရှုံးနိမ့်ခြင်းတွေလည်း များစွာရှိနိုင်ပါတယ်။ ဖွင့်ဖို့မကြိုးစားဘဲ ကြောက်ရွံ့နေတာမျိုးဟာ စစ်မရောက်ခင် မြားကုန်နေကြသူတွေလိုမျိုး ဖြစ်နေပါတယ်။

မိမိရဲ့အိပ်မက်ဆီကို လျှောက်လှမ်းရမယ့်လမ်းမှာ အခက်အခဲများနဲ့ ကြုံတွေ့ပြီး လဲကျသွားခဲ့ရင်တောင် ပြန်ထပါ။ အကြိမ်ကြိမ်လဲကျနေပါစေ ပြန်ထနိုင်အောင် ကြိုးစားပါ။ ဘယ်တော့မှလက်မလျှော့ပါနဲ့။ မိမိရဲ့ရည်မှန်းချက်တွေ၊ အိပ်မက်တွေ ပြည့်ဝလာတဲ့တစ်နေ့မှာ ခရီးလမ်းတစ်လျှောက် ကြုံတွေ့ခဲ့ရတဲ့အခက်အခဲတွေ၊ ကြိုးစားခဲ့ရတဲ့ ကိစ္စတွေကို ပြန်စဉ်းစားပြီး ပြုံးနိုင်မှာ သေချာပါတယ်။ မဖြစ်နိုင်ဘူးဆိုပြီး ဝိုင်းပြောခဲ့ကြတဲ့လူတွေကိုလည်း ခေါင်းမော့ရင်ကော့ပြီး မျက်နှာချင်းဆိုင်နိုင်ကြမှာပါ။ ဒါကြောင့် ဘယ်အခြေအနေ၊ ဘယ်ကိစ္စမျိုးနှင့် တွေ့ရပါစေ မိမိတို့ရဲ့ အိပ်မက်တွေကို မစွန့်လွှတ်ဘဲ အကောင်အထည်ဖော်နိုင်ကြပါစေ။ ။

■

## ဘကျော်လှ

ရွာရဲ့အဝင်၊ ညာဘက်တွင်
နေ့စဉ်တွေ့ရ၊ ဘကျော်လှ။
မနက်မိုးလင်း၊ သူမပျင်း
သန့်ရှင်းစင်ကြယ်၊ ရေချိုးတယ်
ခြောက်ဆယ်ကျော်လို့မထင်ရ။
တွင်းရေလည်းခပ်၊ ထန်းတောင်းရက်
မပြတ်အလုပ်၊ နွားစာခုတ်နဲ့
အလုပ်မရှားသူမအား။
နေဝင်လထွက်၊ ကြေးစည်ချက်နဲ့
မပြတ်ပူဇော်၊ တရားတော်
ရွာကျော်လို့ကြားသူ့တရား။
တစ်ရွာလုံးပေါ်မေတ္တာထား။
တစ်ရွာလုံးကရိုသေလေးစား။

**ကိုညီ(ရွှေညာမြေ)**

# ဘဝသင်ခန်းစာ

**at;rijrwo**
တတိယနှစ် (BBA)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

မိုးစက်မိုးပေါက်များ တဖွဲဖွဲကျနေလေပြီ။ ရာသီဥတုကလည်း ချမ်းစိမ့်စိမ့်နှင့်ပင် လွမ်းစရာဆွေးစရာကောင်းလှသည်။ စွတ်စိုချမ်းအေးလှသော မိုးဥတုဝယ် ပူလောင်ပြင်းထန်သည့် သောကမီးလောင်မြိုက်နေသူတစ်ဦး ရှိလေသည်။ ထိုသူမှာ မယ်မြပင်ဖြစ်သည်။ အကြောင်းမှာ မယ်မြသည် ကိုယ့်အားကိုယ်ကိုးကာ အလုပ်လုပ်၍ စုဆောင်းထားသော ရွှေလက်စွပ်ပျောက်သွားသောကြောင့်ပင်တည်း။ မိုးများလည်းတဖွဲဖွဲမှ တသည်းသည်းနှင့် ရွာသွန်းလာသကဲ့သို့ လေပြေလေအေးများသည်လည်း လေပြင်းများအထိ ပိုမိုတိုက်ခိုက်လာလေသည်။ ထိုရာသီဥတုကြောင့် လူတိုင်းပင် ချမ်းစိမ့်စိမ့်မှ ချမ်းခိုက်ခိုက်တုန်နေကြလေပြီ။ သို့သော် မယ်မြ၏ရင်ထဲမှ ပူလောင်နေသော မီးများက ဆက်လက်၍ တောက်လောင်မြဲ တောက်လောင်ဆဲပင်။

မယ်မြသည် မိမိ၏ရွှေလက်စွပ်လေးကို နှမြောတမ်းတနေသည်။ ယခင်က မစားရက် မသောက်ရက် စုဆောင်းထားသော ရွှေလက်စွပ်လေးအတွက် ယခုအခါ မစားနိုင် မသောက်နိုင်ဖြစ်နေလေသည်။ နောက်တစ်နေ့ နံနက်ခင်းဝယ် သောကမီးများငြိမ်းအေးရန်အလို့ငှာ ဘုရားသို့ သွားသည်။ ဘုရားတွင်လည်း "ဘုရားတပည့်တော်မရဲ့ လက်စွပ်လေး အမြန်ဆုံး ပြန်တွေ့ရပါလို၏ ဘုရား"ဟုလည်း အကြိမ်ကြိမ်အဖန်ဖန် ဆုတောင်းနေမိ၏။ ထို့နောက် ဘုရားစောင်းတန်းတွင် ဗေဒင်ဟောခန်းများကို တွေ့လေသည်။ ထိုအခါ မယ်မြတစ်ယောက် စိတ်ကူးတစ်ခုပြောင်းသွားပြန်၏။ မိမိ၏ ရွှေလက်စွပ်ပြန်တွေ့လိုတွေ့ငြား ဗေဒင်ဆရာကြီးထံ အပူကပ်တော့၏။ ဗေဒင်ဆရာက တစ်လအတွင်း ပြန်တွေ့လိမ့်မည်ဟု ဟောလိုက်သော် မယ်မြအလွန်ပင်ဝမ်းသာသွားတော့၏။ မယ်မြကို ယတြာချေခိုင်း၏။ ထိုနေ့တွင် မယ်မြတစ်ယောက် ဉာဏ်ပူဇော်ခနှင့် ယတြာခ ခုနစ်ထောင်ကုန်သွား၏။ မယ်မြသည် ဗေဒင်ခကို နှမြောနေသော်လည်း လက်စွပ်ပြန်တွေ့ရမည်ဆိုသောကြောင့် စိတ်သက်သာရာ ရနေပေ၏။ ထိုမတိုင်မီ နေ့ရက်များက မယ်မြသည် စာအုပ်ဆိုင်တစ်ဆိုင်၌ ဆရာကြီး ရွှေဥဒေါင်း၏ "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ"ဆိုသည့် စာအုပ်တစ်အုပ်ကို လိုချင်နေမိသည်။ သူငယ်ချင်းတစ်ယောက် ပြောပြဖူး၍ အလွန်ဖတ်ချင်နေခဲ့မိသည်။ သို့သော် စာအုပ်တန်ဖိုးမှာ ခြောက်ထောင်ဆိုသည့်အတွက် စာအုပ်ကိုသာကိုင်ကြည့်၍ နောက်ဆုတ်ခဲ့လေသည်။ မိမိ၏စိတ်ထဲတွင် ဝယ်လည်းဝယ်ချင်သကဲ့သို့ နှမြောလည်း နှမြောနေပြန်သည်။ ထိုစိတ်ဆန္ဒနှစ်ခု လွန်ဆွဲအားပြိုင်နေလေရာ နှမြောခြင်းက အနိုင်ရကာ မဝယ်ဖြစ်ခဲ့တော့ပါ။ ဤသည်မှာ မှားခြင်းလော၊ မှန်ခြင်းလောဟု သူမစိတ်များဝေဝါးနေလေသည်။ ယခု လက်စွပ်ပျောက်သောအခါတွင်မူ ဗေဒင်တွက်ရန် ငွေကြေးကိုမူ မနှမြောတတ်တော့ပေ။ ဤသို့ တစ်လ၊ တစ်နှစ်ကြာသောအခါ မယ်မြသည် ရွှေလက်စွပ်ကို မတွေ့သေးသည့်အပြင် ဗေဒင်ယတြာခကုန်သည်သာ အဖတ်တင်၏။ ပြန်တွေးကြည့်လျှင်ရင်ထဲ၌ အောင့်သက်သက်ဖြစ်နေခဲ့ရ၏။ မယ်မြသည် စာအုပ်ဝယ်ရန်သာ မတွန့်ဆုတ်ခဲ့မိပါက ရန်သူမျိုးငါးပါးကြောင့် မပျက်စီးနိုင်သော စဉ်းစားတွေးခေါ်နိုင်မှု ပညာဗဟုသုတများကို ထာဝရပိုင်ဆိုင်နိုင်ဦးပေလိမ့်မည်။ နောက်ဆုံးတွင် မယ်မြသည် ဆုံးရှုံးသွားသောအရာတစ်ခုအတွက် ပူဆွေးသောကရောက်မနေဘဲ သတိထားဆင်ခြင်ကာ မလျှော့သောစွဲဖြင့် နှစ်ဆတိုးကာ ကြိုးစားရန် သန္နိဋ္ဌာန်ချခဲ့သည်။ "ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး"ဆိုသည့် စကားကိုလည်း မိမိအဖြစ်နှင့် နှိုင်းယှဉ်ကာ နားလည်သဘောပေါက်သွားတော့သည်။ ထိုအရာသည် မယ်မြအတွက် တစ်ခုတည်းသော ဘဝသင်ခန်းစာပင်ဖြစ်လေတော့သည်။ ။



# ယဉ်တစ်ကိုယ် မောင်



**up**
B.E (Mechanical)

စာကြိုးစားတယ်။ ဝိတ်မတယ်။ တောက်. . . မနေတဲ့ အလေးတုံးနဲ့ ပစ်ထည့်လိုက်ရမကောင်းရှိတော့မယ်။ ငတိမ များနေပြီ။ ကျုပ်ဘာလုပ်လုပ် တစ်ချိန်လုံး တစ်ခု မဟုတ်တစ်ခု လိုက်ပြောနေတာ။ ကျုပ်က ညနေခင်းဆို ရေချိုးခါနီး ၁၅ ပေါင် အလေးတုံးလေး သွေးပူလေ့ကျင့်ခန်း အနေနဲ့မနေကျ။ ကျုပ်မတိုင်းလည်း အဲဒီသီချင်းကိုပဲ ထပ်ထပ်ကာ ဖွင့်နေတာ။ သင်းတို့ပြောင်းလာခါမှ ကိုယ့်ခြံထဲ ကိုယ်တောင် စိတ်လွတ်လက်လွတ် မနေရဲတော့ဘူး။ ငတိမနာမည်က မြင့်မိုရ်လင်းခန့်တဲ့။ ဘယ်သူမှ နာမည်ရင်း မခေါ်ကြဘူး။ လတ်လျားလတ်လျား နေလွန်းလို့မိလတ်ပဲ ခေါ်ကြတာ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကမှ ကျုပ်တို့ဘေးကခြံကို ပြောင်းလာကြတာ။ ညီအစ်မ သုံးယောက်ထဲမှာ သူကအလတ်။ ကျန်တဲ့နှစ်ယောက်က ချောပြီး ဣန္ဒြေရှိသလောက် သင်းက ဆတ်စလူး။ အိမ်မှာဆိုလည်း အိမ်မှာမို့ ကျောင်းမှာဆိုလည်း ကျောင်းမှာမို့။ သူစရောက်လာကတည်းက ကျုပ်အတွက် ဂြိုဟ်ဝင်တာပဲ။ တစ်မေဂျာတည်း၊ တစ်ခန်းတည်း ကျုပ်ကျောင်းမှာ ဘာလုပ်လုပ် ကျောင်းကမပြန်ခင် အိမ်ကအမေ ကြိုသိနေပြီ။

ကျန်တဲ့ညီမ နှစ်ယောက်နဲ့ယှဉ်ရင်သာ မချောတာ။ အနူတောမှာတော့ လူချောပဲ။ ကျုပ်တို့မေဂျာမှာဆို သူက ကွင်း။ မိန်းကလေးက အယောက်၃၀လောက်ပဲရှိတာကိုး။ ဘယ်ဘဝက အငြိုးတွေလည်း မသိပါဘူး။ သင်းတို့ တစ်အိမ်လုံးနဲ့တည့်တယ်။ သူတစ်ယောက်ပဲ ကျုပ်နဲ့ မတည့်တာ။ သားမရှိတဲ့သူတို့မိဘတွေက ကျုပ်ကို သားအရင်းလိုသဘောထားကြတာ။ မကောင်းတတ်လို့ခေါ်နေ ပြောနေကြပေမယ့် သင်းက ကျုပ်ကိုလုပ်ကြံဖို့အတွက် အမြဲချောင်းနေတတ်တယ်။

****

"ကျောင်းမှာ ကာယဗလမောင်ပြိုင်ပွဲရှိတယ် တပည့်တို့။ အဲဒါ ဆရာတို့ မေဂျာက ၁၀ ယောက် လူရွေးပွဲလုပ်ရမယ်။ လာမယ့် မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာ လုပ်မယ် တပည့်တို့"တဲ့ မေဂျာမှာ ယောကျ်ားလေး ၁၂ ယောက်ပဲရှိတာ။ နှစ်ယောက်က အခြောက်။ ၁၀ ယောက်ဆိုတော့ ကျန်တဲ့ ၁၀ ယောက်ပေါ့။ အဲဒီလိုအင်အားတောင့်တင်းတဲ့ မေဂျာကြီး။ အရက်သမား အများစုရှိတဲ့မေဂျာဆိုတော့ ကိုယ်တွေက မေဂျာရဲ့လက်ရွေးစင်ပဲ။ ညနေတိုင်း အလေးမ၊ ဒိုက်ထိုးလုပ်တော့ ဗလလေးကလည်း ခပ်တောင့်တောင့်ပေါ့။ မင်းသားကြီး အာနိုး ကာယဗလမောင်ပြိုင်တဲ့ အခွေ တွေ ငယ်ငယ်တည်းကကြည့်လာသူဆိုတော့ ခုလိုအခွင့်ရတုန်းလေး အစွမ်းပြရချည်ရဲ့ဆိုပြီး အတွေးနဲ့ကို ပျော်နေမိတယ်။

"ဟဲ့ ငစ"ကျုပ် အိမ်ရှေ့ ဒန်းပေါ်မှာ ထိုင်နေတုန်း မိလတ်တစ်ယောက် လက်ဖက်ပန်းကန်လေးကိုင်ပြီး ရောက်လာတယ်။

"နင် မေဂျာပွဲကို ဝင်မပြိုင်ပါနဲ့လား"

ဟွင်း. . . ဟွင်း. . . ရိုးလို့မိလတ်ရယ် ငါပါရင် နင်ကြိတ်ခိုက်နေတဲ့ ရန်ရှင်းညိုဆိုတဲ့အကောင် အရွေးမခံရမှာ စိုးလို့မှတ်လား။ "နိုးပါပြိုင်မှာပဲ ညနေတောင် သီချင်းတိုက်ဖို့ ကာယဆရာနဲ့ ချိန်းထားပြီးပြီ"

"ဟဲ့ အကောင် နင်မရှက်ဘူးလား ပင်တီလေးနဲ့ စင်ပေါ်တက်ရမှာကို"

အဲဟုတ်သား။ ကွာတားဘောင်းဘီဝတ်ပြိုင်ရင်ကောင်းမလား ဟုတ်သေးပါဘူး။ ကောင်မ လာကျပ်နေတယ်။

"မိလတ် နင်လစ်လိုက်တော့ ဘာဖြစ်ဖြစ် ငါကတော့ ပြိုင်မှာပဲ"

"ပြောမရလဲနေလေ ပြီးမှ အရှက်ကွဲနေမယ်"

လက်ဖက်ပန်းကန်ကို ဆောင့်ချပြီး ငတိမ လစ်သွားတယ်။

"ဂျလိ ဂျလိ" "ထွီ" ငတိမ ချခဲ့တဲ့ ပန်းကန်လေးအားရဝမ်းသာကောက်ဝါးလိုက်တာ သဲတွေက အထွေးလိုက်။ ကောင်မ လုပ်သွားပြန်ပြီ။

****

. . . . ကစားခုန်လွှား စွမ်းအားဘက်တွင် စံချိန်ရင်ပေါင်တန်းလိုက်လို့ယှဉ် ခေတ်မီမီ ကမ္ဘာကြီး ကြည့်မြင်သန်မြန် ယောကျ်ားဘသားပင်. . . .

"အဲဒီအပိုဒ်က ဘောလုံးကန်သလိုရှေ့ကို စလိုးမိုးရှင်းနဲ့ ဝိုက်ကန် အဲဒီအချိန်မှာ ခြေသလုံးကြွက်သားကို ပြရမှာ။ ပြီးရင် လေထဲကို ကားယားခုန်ပစ်လိုက် ဗိုက်က ဘယ်ရီသားတွေညှစ်ပြ"

. . . ကမ္ဘာ့ရေကြောင်း သဘော်မောင်းနှင် မြေပြင်လေပြင် နှံ့စပ်စုံလင် တို့လူချွန်လူကောင်းအစုတွင် ပါဝင်တစ်ယောက်ဆို တစ်အားပင်. . .

"မဟုတ်သေးပါဘူး ငစရယ် မင်းကားမောင်းဖူးတယ်မှတ်လား"

"ဟုတ် ဆရာ"

"အေး စီယာတိုင်ကိုင်သလို လက်ကို ဘယ်ဝိုက်ညာဝိုက်လုပ်ပြီး လက်မောင်းကြွက်သား ပြကွ။ သီချင်းအပေါ် အာရုံစိုက်ထား သီချင်းနဲ့အတူ ကိုယ့်မှာရှိတာ ထုတ်ပြ"

ဟူး. . . လွယ်တော့မလွယ်။ လူစုံက Akon သီချင်းနဲ့မို့ပြဿနာမရှိ။ တစ်ယောက်ချင်းက သီချင်းတစ်ပုဒ်စီနဲ့ ဖျော်ဖြေရမှာ။ အခွေတွေထဲ ကြည့်တော့သာ လွယ်သယောင် ကိုင်တိုင်လုပ်ကြည့်တော့ နဖူးကချွေးခြေမ အထိကျပေသည်။

****

ဖရက်ရှာလေးများကား အရောင်အသွေးစုံလင်လှသည်။ ခန်းမနှင့်ပင်မတူ ပန်းခင်းကြီးထဲ ရောက်နေသလိုပင်ရှိတော့သည်။ လိပ်ပြာလေးများကလည်း ပန်းလေးတွေနား ဝေ့ကာဝဲကာနှင့် ရင်ထဲကြိတ်ဝမ်းသာနေမိတယ်။ မကြာခင်အချိန်အတွင်း ဒီပန်းကလေးတွေရဲ့အာရုံကို ဖမ်းစားနိုင်တော့မည်လေ။

"ယခု တစ်ဖန် အလှည့်ကျတာကတော့. . . . "

ဟင် မိ. . . မိလတ် သင်းက အစီအစဉ်ကြေညာသူလုပ်နေတာ

"ယခုတစ်ဖန် အလှည့်ကျတာက. . . "ဟမ် ကောင်မ ဆက်မပြောဘူး ဒါပဲထပ်နေတယ်။ ဒီကကောင်တွေက ရှေ့ထွက်ရမလို အထဲဝင်ရမလိုနဲ့။ မိုက်ကို ကြိုးကကိုင် တဝီဝီနဲ့လှည့်ပြီး စင်ဟိုဘက်ထိပ် ဒီဘက်ထိပ် လမ်းသလားနေတာ အောက်ကဆရာတွေက ပါးစပ်အဟောင်းသား။

"ပရိသတ်ကြီး အယောက်တစ်ရာရဲ့ အဖြေက . . . အွမ် ဟီး မှားသွားလို့ပါရှင့် သည်းခံတော်မူကြပါရှင့် စီစဉ်တွေရောသွားတယ် အဟီး. . . "

ငတိမ တလွဲတွေချနေတာ။

"ကျွန်မတို့ မြန်မာစာ မေဂျာရဲ့ လှပျိုဖြူ. . . အဲလေ ဂွတိုသူ အဲဟုတ်ပါဘူး ကာယဗလမောင်များဖြစ်ပါတယ်ရှင်"

ငတိမ ပြောချင်ရာပြောပြီး စင်အောက်ပြေးချသွားတယ်။ ကန့်လန့်ကာ နောက်ကကောင်တွေက နွှဲလိုက်ကွလိုက် ဘယ်ပုံစံနဲ့ထွက်ရမှန်းကိုမသိတော့ဘူး။

"ဟိုင်းယား"

Akon ရဲ့ dangerous အသံကြားတာနဲ့ ၁၀ ယောက်သား ညာသံပေးပီး ပြေးထွက်လာကြတာ စင်အောက်က ဆရာတွေတောင်လန့်သွားတယ်။ ပါချုပ်ဆို ခုံပေါ်ကပါ ပြုတ်ကျတယ်။ ပင်တီလေးတွေနဲ့ ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက် ပဋ္ဌာမြေလူးအကွက်တွေ။ မရှိတဲ့ဗလတွေ ညှစ်ထုတ်ပြလိုက်။ စင်ပေါ်မှာ ၁၀ ယောက်သား ရှုပ်ယှက်ခတ်နေတာပဲ။ ပရိသတ်ကလည်း လက်ခုပ်တဖြောင်းဖြောင်းနဲ့ အားပေးလိုက်ကြတာဆိုတာ။တစ်ယောက်ချင်း အလှည့်မှာ မိလတ်ကြိတ်ခိုက်နေတဲ့ ကင်း ရန်ရှင်းညိုက ပထမဆုံး။

. . . . မြန်မာပြည်သားဟေ့ မြန်မာပြည်သား. . . . သီချင်းစဖွင့်လိုက်ကတည်းက ကဆုန်ပေါက်ပြီး ထွက်ချသွားတာ အရှိန်လွန်ပြီး စင်အောက်ကျတော့မလို့ ကာယဆရာက ပြေးဆွဲရတယ်။

. . . . မြင်စိုင်းရော. . . တကောင်းသားရော. . ပေါင်းစည်းကာ ရောနှောပါလို့. . မြင်စိုင်း အင်းဝ ပင်းယ ကုန်းဘောင်. . . .

ငနဲသား ဗလတွေညှစ်ပြနေတာ အဟုတ်။

သီချင်းတောင်လိုက်ငြီးနေလိုက်သေးတယ်။ အရပ်ခြောက်ပေကျော် ငယ်ငယ်က ပိုလီယို ဖြစ်ဖူးတော့ ဒူးလေးနည်းနည်းခွင်။ ဆေးစားမှားလို့လား ဘာလို့လဲတော့ မသိဘူး ဘယ်ဘက်ချိုင်းက အမွေးမပေါက်ဘူး။ ညာဘက်ချိုင်းမှာ ရှားရှားပါးပါး ပေါက်နေတဲ့ နှစ်မျှင်တည်းသော ချိုင်းမွေးကို ပရိသတ်မြင်အောင်ပြနေတာ လက်ကြီးမြှောက်ပြီး စင်ပေါ်မှာဖျိုင်းပုံနေသလိုပဲ။

. . . . မြန်မာပြည်သားပါဆို မြန်မာပြည်သားလို့ အဟင့်. . . .

သီချင်းကဆုံးသွားတော့ သင်းညုနေတဲ့ အသံကြီးက ထွက်လာတယ်။ ကာယဆရာ အတင်းပြေးဆွဲပြီး ကန့်လန့်ကာနောက် ဆွဲသွင်းရတယ် ။ သူကတော့ ပြလို့ဝသေးပုံမပေါ်ဘူး။ ယက်ကန်ယက်ကန်နဲ့ စင်နောက်ပြန်ရောက်လာတယ်။ အတန်တန်မှာထားတဲ့ကြားကကို ပွင့်ချင်နေတာ ဗလကြီးမှအားမနာ။ တစ်ယောက်ပြီး တစ်ယောက်အစွမ်းတွေ ထွက်ပြကြတယ်။ ငစတို့က နောက်ဆုံးမှ။ စိတ်လည်း ပူရသေးတယ် ကိုယ့်အလှည့်ကျ လူမှကျန်ပါ့မလားလို့။ ရှေ့ကကောင်တွေနှိပ်စက်တာနဲ့ အန်တဲ့လူက အန်နေပြီလေ။

"ယခု တစ်ဖန် ယှဉ်ပြိုင်ဖို့ အလှည့်ကျသူကတော့ ခါးနံပါတ် (၁၀) ကိုကိုစ ဖြစ်ပါတယ်ရှင်. . . " "ရှီး ဖြောင်း. . . ဖြောင်း . . . ဖြောင်း"

လက်ခုပ်သံတွေကတော့ မနည်းပေ။ အားတော့တက်သွားသည်။ ကန့်လန့်ကာကို အသာဟပီး သီချင်းလေးစောင့်နေရင်း စင်အောက်ကိုလည်း ခိုးကြည့်ရသေးသည်။ အခြေအနေကတော့ကောင်းသည် ဘယ်သူမှမပြန်ကြသေး။

"ဒန် ဒန် ဒန့် ဒန့် ဒန်"

အဲ စပြီဟ ဝှစ်ခနဲ လိုက်ကာနောက်က ထွက်ပလိုက်တယ်။ ဆရာတွေဘက် လက်အုပ်ချီတယ်။ ပရိသတ်ဘက် လက်အုပ်ချီတယ်။ မိုးပေါ် ထောင်ချီတယ်။ မြေကြီးဘက် ငုံ့ချီတယ်။ အရပ်ရှစ်မျက်နှာ လက်အုပ်ပတ်ချီတယ်။ ကာယဆရာကချောင်းဟန့်မှ သတိဝင်ပြီး ဗလပြဖို့ ပြင်ရတယ်။

. . . . သန်မာထွားကျိုင်းတယ် ကမ္ဘာသူအလယ် လျှောက်သွားမယ်. . . .

"ဟမ် ဘာကြီးလဲ" ငါပြမှာက လူရည်ချွန်သီချင်းနဲ့လေ ဒါ. . ဒါကြီးက

ငါ. . . ငါ. . . ပြိုင်ရမှာ ကာယဗလမောင်လား၊ လှယဉ်ကျေးမယ်လား။

ကြက်ဥလောက်ရှိတဲ့ ကြွက်သားလေးညှစ်ပြမယ့် မြှောက်ထားတဲ့လက် အသာပြန်ချပြီး စက်ကိုင်ဘက် လှည့်ကြည့် တော့ မိလတ် ပြုံးပြုံးကြီး ကျုပ်ကိုကြည့်နေတာ။ တောက် . . . . လုပ်ကြံပြီ။ မတတ်နိုင်။ ဖွင့်တဲ့သီချင်းနဲ့ ပြရပေတော့မည်။

"ထွာဆိုင်လေး မို့မို့"

" ဟင် ထွာဆိုင်တဲ့ "ရင်လေးကိုကော့ တင်လေးကို ကောက် လက်နှစ်ဖက်က ရင်ညွှန့်နားထား မျက်လုံးလေး ပေကလပ်ပေကလပ် လုပ်ပြရသည်။

"ပန်းနဲ့ ပန်းချင်းတူသော်လည်းကွယ် ထုံးသင်းပျံ့ပျံ့"

"ဟင် ပန်း ပန်းတဲ့ ငါက ဘယ်ပန်းပြရမှာလဲ"

. . . ပိစိညှက်ရှက်ဖွယ် မတူချင်နေ ထိုနန်းသူ မူနွဲ့နွဲ့ ရောဂါထူလွန်းတယ်. . .

ဗလတွေ ကြုံ့ထားမှ ရှုနာရှုံက်ကုန်းပုံစံလေး ခါးကုန်းကုန်းလေး။

. . . သန်မာထယ်ထယ် မြင့်မားတယ် ခန့်ညားတယ် လှကောင်တစ်ကိုယ်လုံးကြွယ်. . .

ဟမ်. . . ဘာလဲဟ အမျိုးမျိုးပဲ။ သေပါရစေတော့။

ငတိမက နှစ်ခေါက်တိတိ ထပ်ဖွင့်သည်။ စင်ပေါ်မှာ လိုက်လုပ်ရတဲ့ကောင်ကရှုးတော့မယ်။ ဗလကြီးနဲ့ လိုက်နွဲ့ပြနေရတာ ပရိသတ်လည်း အန်ရလွန်း ရယ်ရလွန်းလို့ခေါင်းပင် မထောင်နိုင်တော့၊ ကွဲလိုက်တဲ့ အရှက်တွေဆိုတာလေ။ အထူးဆုတော့ရခဲ့ပါရဲ့။ ဒါပေမယ့် အဲဒီအချိန်ကတည်းက အလေးတုံးဆို စိတ်နာလွန်းလို့ လှည့်ကိုမကြည့်တော့ဘူး ခုချိန်ထိပဲ။ ■

ဘဝ

အတောမသတ်တဲ့
လောဘတွေနဲ့
ခရီးနှင်ခဲ့တာ
တစ်ဝက်ကျိုးခဲ့ပြီ။ ။
ရေနွေးစက်ခေါင်းလို
ဒေါသတွေ တလူလူထွက်
ခရီးရောက်ဖို့
ဆွဲခဲ့ရတာ ဝန်မနည်းပါ့လား။
သောကတွေနဲ့
မောခဲ့ရတာ
ပြောပြလို့
ဆုံးမှာမဟုတ်တော့ဘူး။
ဒီလိုနဲ့
ကံကြမ္မာ ဇာတ်ဆရာက
မိုးသည်းခန်း ရိုက်မယ်ဆိုမှ
ငါ့မှာ ထီးမရှိမှန်း
သတိရတော့တယ်။ ။

ခရင့်ထိုက်

weHav;rsm;zGifhpcsif

- ရာသီတွေသာအလီလီပြောင်း
  တံခါးလေးတစ်ချပ်
  ခုထိ မဖွင့်သေး
  ပိတ်ထားဆဲပါလား ။
- အဲဒီတံခါးလေးတစ်ချပ်
  မဖွင့်သေး မပွင့်သေးသရွေ့
  ကျုပ်တို့ပြည်သူတွေရဲ့
  ဗဟုသုတ ကြွယ်ဝမှု
  အများ ၊ အမှန်ခွဲဝေပိုင်းခြားနိုင်သော
  ဆင်ခြင်တုံတရား
  အတွေးအခေါ်အယူအဆတွေ
  လမ်းကြောင်းမှန်ပေါ်
  မရောက်နိုင်သေး ။
- ယခုချိန်ခါ
  ပြောင်းလဲချိန်တန်ပြီ
  ဆောင်ပုဒ်နှင့်အတူ
  အပယ်ခံကျေးရွာစာကြည့်တိုက်
  တံခါးလေးများ
  ပြောင်းလဲဖွင့်ပေးကြည့်ပါ ။
- အဲဒီတံခါးလေးတစ်ချပ်
  အမြဲတမ်းပွင့်ခဲ့မယ်ဆို
  ပြည်သူတွေရဲ့အသိဉာဏ်
  အမှောင်တံခါးများပိတ်၍
  အလင်းတံခါးတွေပွင့်
  နိုင်ငံတိုးတက်ပြောင်းလဲစေမှာ
  အမှန်တကယ်ကေန်မလွဲ ။

မောင်ဝေထားနွယ်
တတိယနှစ်(ရူပဗေဒ)